ရမည်းသင်းမြို့နယ် ထီးလှိုင်ကျောင်း၊ ဘုန်းတော်ကြီး ဦးကုသလ
ရင်းမြို့နယ် ညောင်လွန့်တောရတိုက်၊ တိုက်အုပ်ဆရာတော် ဦးနာယက
စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံတိုက်ဆရာတော် ဦးဣန္ဒက-စသော
အသျှင်သူမြတ်တို့၏တပည့် (ပါဠိပါရဂူဘွဲ့ရ)

ဦးသီဟမလ

စီစဉ်ရေးသားအပ်သော

# ပိဋကလမ်းညွှန်

## ပထမတွဲ

(အ—မှ—န—အထိ)

နိကာယ်ငါးရပ် ပါဠိ အဋ္ဌကထာတို့မှ မှတ်သားဘွယ်ရာ အချက်များကို
ထုတ်နုတ်၍ အက္ခရာစဉ်တို့ဖြင့် ညွှန်ပြထား၏

(၃) ကြိမ်မြောက် ဓမ္မဒါနအဖြစ် [illegible]ဒါန်းပါ၏
(၇) ကြိမ်အတွက် ကုန်ကျငွေပေါင်း (၁၅၆၉၆-၅၀-ပြား) ရှိသွားပါပြီ

၁၃၂၆—ခု၊ ၁၉၆၄—ခု၊

[illegible]
စာကြည့်တိုက်
[illegible] -ရန်ကုန်

၂၁၄၉၀

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျောင်း၊ ဘုန်းတော်ကြီး ဦးကုသလ
ရှင်းမြို့နယ် ညောင်လွန့်တောရတိုက်၊ တိုက်အုပ်ဆရာတော် ဦးနာယက
စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံတိုက်ဆရာတော် ဦးဣန္ဒက
အသျှင်သူမြတ်တို့၏တပည့် (ပါဠိပါရဂူဘွဲ့ရ)

ဦးသီဟဗလ

စီစဉ်ရေးသားအပ်သော

# ပိဋကလမ်းညွှန်

## ပထမတွဲ

(အ–မှ–န–အထိ)

နိကာယ်ငါးရပ် ပါဠိ အဋ္ဌကထာတို့မှ မှတ်သားဘွယ်ရာ အချက်များကို
ထုတ်နုတ်၍ အက္ခရာစဉ်တို့ဖြင့် ညွှန်ပြထား၏

(၇) ကြိမ်မြောက် ဓမ္မဒါနအဖြစ် လှူဒါန်းပါ၏
(၇) ကြိမ်အတွက် ကုန်ကျငွေပေါင်း (၁၅၆၉၆-၅၀-ပြား) ရှိသွားပါပြီ

၁၃၂၆–ခု၊ ၁၉၆၄–ခု၊

## ဤကျမ်းစာ ကုသိုလ်ရှင်

မြစ်ကြီးနားခရိုင် ဖါကန့်မြို့၊ အဘ–ဦးထွန်းခိုင်၊ အမိ–ဒေါ်ခြို၊ ဦးလေး–ဦးညို တို့ကို အမှူးထား၍ ကျောက်စိမ်း ကုန်သည်ကြီး ကျောင်းဒါယကာ ဦးဘဒင်၊ ကျောင်းအမကြီး ဒေါ်ဉာဏ်၊
သား–မောင်းဝင်းဖေ၊ မောင်ဝင်းရွှေ၊
သမီး–မမြရင်၊ မမြခင်၊ မစိန်စိန်၊ မစိန်ဝင်း၊ မစီစီ တို့ကောင်းမှု။

---

စာအုပ်ပေါင်း　　၁၀၀၀

ကုန်ကျငွေပေါင်း　　၈၁၁၅–၅၀ ပြား

အခမဲ့တာဝန်ခံထုတ်ဝေသူ
ဦးတင်ဦး
ယာယီမှတ်ပုံတင်အမှတ် (၀၀၁၄)
မြဇော်စာပေ
အမှတ် ၅၂–ဆင်တဲတားလမ်း အိမ်တော်ရာ
မန္တလေး။

ပုံနှိပ်သူ
ဒေါ်မြမေ
ယာယီမှတ်ပုံတင်အမှတ် (၀၀၃၀)
မြဇော်ပုံနှိပ်တိုက်
ဆင်တဲတားလမ်း အိမ်တော်ရာ–မန္တလေး။

## " ကျေးဇူးရှင်ဆရာတော်များ ကန်တော့ပန်း "

(၁) ရမည်းသင်းမြို့နယ် ထီးလှိုင်ကျောင်း ဘုန်းတော်ကြီး ဦးကုသလ။

(၂) ရမည်းသင်းမြို့နယ် ညောင်လွန့် တောရတိုက် တိုက်အုပ် ဆရာတော် ဦးနာယက။

(၃) ရမည်းသင်းမြို့နယ် ညောင်လွန့်တောရတိုက် မလှိုင်မြို့နယ် အုန္နဲစုရွာဇေတဝန်ကျောင်းဘုန်းကြီး ဦးဥတ္တမ။

(၄) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်းဘုန်းတော်ကြီး ဦးဝါသဝါဘိဝံသ။

(၅) မန္တလေးမြို့ မစိုးရိမ်တိုက် အာဂမနယူပဒေသ ကျောင်း ဆရာတော် ဦးဝိစိတ္တာဘိဝံသ။

(၆) မန္တလေးမြို့မစိုးရိမ်တိုက် ပိဋကနယူပဒေသကျောင်းဆရာတော် ဦးစန္ဒာဘာသာဘိဝံသ။

(၇) မန္တလေးမြို့ မစိုးရိမ်တိုက် ဝိနယကျောင်းဆရာတော် ဦးဉာဏဝံသ။

(၈) မန္တလေးမြို့ မဟာဝေယန်ဘုံသာတိုက်သံတော်ဆင့်ကျောင်းပါဠိတက္ကသိုလ် ကထိက ဦးဝိမလ။

(၉) စစ်ကိုင်းတောင်ရိုး ပဌာန်းသိဒ္ဓိတိုက် ဆရာတော် ဦးဣန္ဒက။

(၁၀) စစ်ကိုင်းတောင်ရိုး ပါဠိကာရီ သုံးခွတိုက်ဆရာတော် ဦးဝရသာမီဘိဝံသ။

ဤ ၁၀–ပါးသော ဓမ္မစရိယာ ကျေးဇူးရှင်ဆရာတော်များအားရှင်း,

(၁) ရမည်းသင်းမြို့နယ် ညောင်လွန့်တောရတိုက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဣန္ဒာစာရ။

(၂) မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းဆရာတော် ဘုရားကြီး ဦးကဝိ။

ဤ ၂–ပါးသော ကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်ဆရာတော်များ အားရှင်း,

# နိဒါန်း

ကျ။ ရမည်းသင်းမြို့နယ် ထောက်ကြံ့ခြင်းကျောင်း ဆရာတော် ဘုရားကြီး ဦးကလျာဏ (ဥပဇ္ဈာစရိယ) အားရင်း,

ခ။ ရမည်းသင်းမြို့နယ် ညောင်လွန့်တောရတိုက် ဘဏ္ဍာထိန်း ဘုန်းတော်ကြီး ဦးမာလာ (နိဿယာစရိယ) အားရင်း,

ဂ။ ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းကျောင်းသစ်ဆရာတော် ဦးဥတ္တံသ။

ဃ။ ရမည်းသင်းမြို့နယ် ဆင်ကျုံးတောရဆရာတော် ဦးပညာ။

င။ ရမည်းသင်းမြို့နယ် မှန်စီကျောင်းဆရာတော် ဦးဝိသုဒ္ဓ။

ဤသုံးပါးသော (သြဝါဒါစရိယ) ဆရာတော်များအားပုင်း။

ဤဆိုခဲ့ပြီးသော သရာသခင် ကျေးဇူးရှင်တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏။

ဤ ပိဋကလမ်းညွှန်ကျမ်းကြီးကို ရေးသားပြုစုရသော ဝေယျာဝစ္စကုသိုလ်၊ အလှူခံပုဂ္ဂိုလ်များလက်သို့ အရောက်လှူဒါန်းရသော ဓမ္မဒါနကုသိုလ်၊ ဆည်းပူးကြိုးစား အားထုတ်ခဲ့သော အခြားသော ကောင်းမှုကုသိုလ်များ၏ အဘို့ဘာဂကို ဆိုခဲ့ပြီးသော ဆရာသခင်ကျေးဇူးရှင်တို့အား အစလက်ဦး အထူးအားဖြင့် အမျှ ပေးဝေပါ၏။

ထိုမှတပါး မိဘများနှင့်တကွ အားလုံးသော သတ္တဝါတို့အားလည်း အမျှ ပေးဝေပါ၏။

သာဓုနုမောဒ် ကောင်းချီးခေါ်နိုင်ကြပါစေ။

# ဤကျမ်းစာနှင့် ပတ်သက်၍ သိအပ်ဘွယ်များ

**စာရေးသူ စိတ်ကူးချက်** စာရေးသူမှာ အသင့်အတင့် ပိဋကအရသာကို ခံစားနိုင်သော အခါ ဗုဒ္ဓဒေသနာတော်များကို သင်ကြားရခြင်း ကြည့်ရှု မှတ်သားရခြင်း၌ များစွာပျော်ရွှင်လှသည်၊ အားရကြေနပ်လှသည်၊ လောကဓမ္မနှစ်ဌာန၌ လိမ္မာယဉ်ကျေး စိတ်ကောင်းမွေးနိုင်အောင် အသိဉာဏ်ပေးသော ပညာဘဏ်တိုက်ကြီး ဟူ၍လည်း စွဲမြဲစွာ ယူဆထားသည်၊ သတ္တဝါ အနန္တတို့ တွေ့ကြုံခံစားနေရသောပူမီးအားလုံးကို ငြိမ်းသတ်ပေးနိုင်သော ဗဟိုမီးသတ်ဌာနကြီး ဟူ၍လည်း မြဲမြံစွာ သက်ဝင်ယုံကြည်ထားသည်။

ထို့ကြောင့် အကြောင်းတရပ်ပေါ်လာတိုင်း ပေါ်လာတိုင်း ထပ်ကာ ထပ်ကာ ကြည့်ရှုခဲ့သည်၊ ထိုသို့ကြည့်ရှုရာတွင် ရံခါရံခါ သိလိုသော အကြောင်းအရာတခုကို တနေကုန် တနေခမ်း ကြိုးပမ်းရှာဖွေသော်လည်း စိတ်မော လူမောဖြင့် ဒေသနာရေယဉ်ကျော၌ မြောခဲ့ရပေါင်း များလေပြီ။

စိတ်မော လူမော သက်သာစေရန် ဒီဃနိကာယ်ကို အစအဆုံး ပေါက်ရောက်အောင် ကြည့်ရှု၍ မှတ်သားဘွယ်ရာ အချက်များကို ကျရောက်လာသလို ဗလာစာအုပ်တွင် နံပါတ်နှင့်တကွ ရေးမှတ်ထား၏၊ (အက္ခရာစဉ်ထားခြင်း မဟုတ်သေး) ဤနည်းမှာ အနည်းငယ် အမောပြေစေသော်လည်း လုံးဝ အမောပြေစေသော နည်းမဟုတ်သေးဟု ကြည့်ရင်း ရှုရင်းသဘော ပေါက်လာပြန်သည်၊ တွေ့လိုသော အကြောင်းအရာတခုကို ရေးမှတ်ထားသော ဗလာစာအုပ် ကုန်အောင် ဘတ်ရှု နေရခြင်းကပင် အချိန်ကုန်လှသည်၊ ထို့ကြောင့်—

(၁) မိမိကိုယ်ဘိုင်လည်း အမောပြေစေ။

(၂) အခြားပုဂ္ဂိုလ်များသည်း အလွယ်တကူ ရှာဖွေနိုင်ကြပါစေ။

(၃) နိကာယ်ငါးရပ် အကုန်ကြည့်ရှုဘူးသည်ဖြစ်စေ။

(၄) ဓမ္မဒါနကုသိုလ်ထူးကြီးကိုလည်း ဆည်းပူးမိစေ။

ဤ စိတ်ကူးချက် လေးချက်ကြောင့် မဖြစ်မနေ ကြိုးစား အားထုတ်လာခဲ့ရာ ပိဋကလမ်းညွှန်ကျမ်းကြီး ပဌမတွဲကို မျက်ဝါးထင်ထင် တွေ့မြင်ရပေတော့သည်၊ လိုရာပန်းတိုင်သို့ သုံးပုံနှစ်ပုံ ရောက်ရပြီဖြစ်သောကြောင့် ဝမ်းမြောက်လှသည်၊ ကြေနပ် အားရလှသည်၊ ရွှင်လန်းအားတက်လှသည်။

# နိဒါန်း

ထို့ကြောင့်ပင် ကျမ်းစာများကို ရေးသားခြင်း၊ ရေးသားပြီးသော ကျမ်းစာများ ပုံနှိပ်ပြီး လူဒါန်းဝေငှနိုင်ရေးအတွက် ကြိုးစားအားထုတ်ခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့သည်။

**လူသတင်း လူချင်းဆောင်** ကျောက်မဲမြို့နေ မောင်အေးမောင် ဆိုသူသည် စာအုပ် ရိုက်ငွေထဲမှ ချေးငှါးသွားရာ ပြန်မပေးမှုကြောင့် ၁၃၂၀–ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၇–ရက်နေ့တွင် မြောက်ပိုင်းရှမ်းပြည်သို့ ခရီးထွက်ခဲ့ရသည်၊ လမ်းတွင် တပည့်မိတ်ဆွေဖြစ်သော မောင်တင်ဝင်း မခင်သောင်းတို့ နေထိုင်ရာ မေမြို့နယ် ဝက်ဝံဘူတာအနီး ရေဦးရွာသို့ ၅–ရက်ခန့် ဝင်ရောက်နားခဲ့သည်၊ ရေဦးရွာ ဒကာ ဒကာမတို့၏ အားထားရာ ကိုးကွယ်ရာ ဖြစ်သော ဘော်လှိုင်ကျောင်းဆရာတော် ဘုရားကြီးသည်–

(၁) ရောက်လာသမျှသော ဧည့်သည် အာဂန္တုကတို့ကို ကြည်ဖြူစွာ လက်ခံ တတ်ခြင်း။

(၂) လာနေသော ပုဂ္ဂိုလ်ရှိသော် လွန်မင်းစွာ ဝမ်းမြောက်တတ်ခြင်း။

(၃) လာရောက်နေထိုင်သော ပုဂ္ဂိုလ်တို့အပေါ်၌ ကုလမဆွေရ နည်းပါး၍ စိတ်သဘောထား ဖြောင့်စင်းတော်မူခြင်း။

စသော ချီးကျူးဘွယ်ရာ ဂုဏ်အင်္ဂါများကို ကိုယ်တိုင်လည်း အနည်းငယ် သိခွင့်ရ၍ သူတပါး ပြောသံကိုလည်း ကြားသိခဲ့ရသည်။

**ဤကျမ်းစာ ရေးသားရာဌာန** ဤပိဋကလမ်းညွှန် ကျမ်းကြီးကို အေးချမ်းစွာ ရေးသားရန် နေရာကို ရှာဖွေကြည့်ရှုသောအခါ စာရေးသူ ရောက်ခဲ့ဘူးသော ရေဦးရွာ ဘော်လှိုင်ကျောင်းသည်–

(က) ရာသီဥတု အေးချမ်းခြင်း၊

( ခ) မောင်တင်ဝင်း–မခင်သောင်း တို့ ရှိနေခြင်း။

( ဂ) ဆရာတော်ကြီး၏ အရိပ်ကို ခိုလှုံရသော် အေးမြအံ့ဟု အထင်ရှိခြင်းတို့ကြောင့် ၁၃၂၁–ခုနှစ် ဝါဆိုလဆန်း(၁၂)ရက်နေ့က ဘော်လှိုင်ကျောင်းသို့ သွားရောက်နေထိုင်ခဲ့ပြီး ၁၃၂၅-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂–ရက်အထိ ၅–နှစ်တိုင်တိုင် ထိုကျောင်းတွင် ဤပိဋကလမ်းညွှန် ကျမ်းကြီးကို ရေးသားပြုစုခဲ့သည်။

# နိဒါန်း

မန္တလေးမြို့ အနောက်ပြင် တောင်ခွင်တိုက် ပတ္တမြားကျောင်းတွင် ၇–လ ကျော် နေထိုင်၍ ရေးသားခြင်းလည်း ပါဝင်သည်။

**ဤကျမ်းစာ ရေးသား ရသော အချိန်ပေါင်း** ၁၃၂၁–ခုနှစ် ဝါဆိုလပြည့်ကျော် ၁–ရက်နေ့မှ စ၍ ရေးသားလာခဲ့ရာ ၁၃၂၄–ခုနှစ် နှောင်းတန်းခူး လဆန်း ၅–ရက်နေ့တွင် ပဌမအကြိမ် အကြမ်း, အချော ရေးသား၍ ပြီးစီးခဲ့သည်၊ ကိစ္စကြီးငယ်ရှိ၍ စာရေးစာကြည့် ပျက်သော ရက်များကို နုတ်ပယ်ပြီး မပျက်မကွက် ကြည့်ရှုရေးသားရသော နှစ်, လ, ရက်ကို ရေတွက်သော် ၂–နှစ်, ၇–လ, ၅–ရက်ကြာခဲ့လေသည်။

တဦးတည်း စာအုပ်ဒကာ ပေါ်ထွက်လာပြီးနောက် ရုတ်တရက် ပုံနှိပ်ခွင့် မရသေးသဖြင့် သေချာသည်ထက် သေချာစေရန် ပြည့်စုံသည်ထက် ပြည့်စုံစေရန် ဒုတိယအကြိမ် ထပ်မံရေးသာပြန်ရာ ၁၃၂၄–ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂–ရက်နေ့မှစ၍ ၁၃၂၅–ခုနှစ် နှောင်းတန်းခူးလဆန်း ၁၂–ရက်နေ့တွင် ဤပဌမ တွဲ ပြီးစီးအောင်မြင်သည်၊ မပျက်မကွက် ရေးသားရသော နှစ်, လ, ရက်ပေါင်းကို ရေတွက်သော် ၁–နှစ်, ၂–လ, ၇–ရက် ကြာမြင့်ခဲ့သည်၊

| | | | |
|---|---|---|---|
| ပဌမအကြိမ် | ၂–နှစ်, | ၇–လ, | ၅–ရက်။ |
| ဒုတိယအကြိမ် | ၁–နှစ်, | ၂–လ, | ၇–ရက်။ |
| ပေါင်း | ၃–နှစ်, | ၉–လ, | ၁၂–ရက် တိုင်တိုင် |

ရေးသားပြုစုခဲ့ရသည်၊ ဤ နှစ်, လ, ရက်များတွင် ပျက်ကွက်သော ရက်များ လုံးဝမပါ၊ မပျက်မကွက် ရေးသားရသော နှစ်, လ, ရက်များသာဖြစ်၏၊ ၎င်းပြင် ဒုတိယတွဲအတွက် နောက်ထပ် ၄–လကျော် ၅-လနီးပါး ရေးရပေဦးမည်၊ ဤ ၅–လကိုပါ ထည့်သွင်းရေတွက်သော် ၄–နှစ်, ၂-လ, ၁၂–ရက်တိုင်တိုင် ပြုစုရေးသားခဲ့ရ လေသည်။

( **ရေးသားရသော အကြိမ်ပေါင်း** )

(၁) **ပဌမအကြိမ်။** ။ပါဠိနှင့် အဋ္ဌကထာကို တွဲစပ်ကြည့်ရှုပြီးလျှင် မှတ်သား ဘွယ်ရာ အချက်များကို အက္ခရာအလိုက် အကြမ်းရေးသားရသည်။

(၂) **ဒုတိယအကြိမ်။** ။ထိုအကြမ်းရေးသားပြီးနောက် စာမူများကို အ– အာ–ဠ–ဤ စသည်ဖြင့် စီစဥ်ပြီးကာ မူအချောရေးသားရသည်။

(၃) **တတိယအကြိမ်။** ။ထိုမူ အချောရေးသားပြီးသော စာမူတွင်းမှ အင်္ဂလိပ်ဝေါဟာရ စကားရပ်များ ထပ်ကာထပ်ကာ ပါနေရာ အကျဉ်းချုပ်မိစေရန်အတွက် ပဥ္စနိကာယ ပါဠိအဋ္ဌကထာ ဟူသော ခေါင်းစဉ်ဖြင့် အပေါင်း စာမူကြမ်းကို ရေးသားရပြန်သည်။

(၄) **စတုတ္ထအကြိမ်။** ။ထိုအပေါင်း စာမူအကြမ်းကို တဖန် မူအချောဖြစ်စေရန် ရေးသားရပြန်သည်။

(၅) **ပဥ္စမအကြိမ်။** ။သေချာသည်ထက် သေချာစေရန်၊ ပြည့်စုံသည်ထက် ပြည့်စုံစေရန် နိကာယ်ငါးရပ် ပါဠိအဋ္ဌကထာများကို ပြန်လည်ကြရှု၍ လိုနေ, ကျန်နေသောအချက်များကို မူလအချောရေးပြီးသော ဗလာစာအုပ်တွင် ခဲနှင့် အကြမ်းရေးသားရပြန်သည်။

(၆) **ဆဋ္ဌမအကြိမ်။** ။မူလ အချောရေးပြီးသော စာမူနှင့် နောက်ထပ်ခဲဖြင့် ဖြည့်စွက် ရေးသားထားသော စာမူများကို ၆–ကြိမ်မြောက် ပုံနှိပ်စက်သို့ ပို့ရန် နောက်ဆုံးစာမူ အချောရေးသားရပြန်သည်။

ဤသို့လျှင် မူကြမ်း–သုံးကြိမ်၊ မူချော–သုံးကြိမ်၊ ပေါင်း ၆–ကြိမ်တိတိ ရေးသားခဲ့ရ လသည်။

## စာအုပ်ဒါယကာ ချီးကျူးဘွယ်ရာ

၁၃၂၄–ခုနှစ် ဝါဆိုလတွင် စာအုပ်ကိစ္စနှင့်ပတ်သက်၍ မန္တလေးမြို့ တောင်ပြင် အောင်မြေရွှေဘုံတိုက် သာသနာ့ဗိမာန်ကျောင်း မိတ်ဆွေရင်း အသျှင်သုဇနပဏ္ဍိတ ထံသို့ ရောက်ခဲ့သည်၊ မကြာသေးမီက မန္တလေးမြို့ပေါ်ရှိ ကျောင်းပေါင်းအားလုံးကုန် အစုံအစေ့ ဆန်, ဆီ, ဆား, လှူဒါန်းသော ဒါယကာထံသို့ စာအုပ်ပုံနှိပ်လှူဒါန်းနိုင်ရေးအတွက် အလှူခံကြည့်ရလျှင် ရတန်ကောင်းရဲ့ဟု အကြံပေးခဲ့သည်။

ထိုအကြံပေးအားလျော်စွာ ဝါခေါင်လပြည့်ကျော် ၄–ရက်နေ့က စာဖြင့် အကြောင်းစုံရေးသား၍ အလှူခံကြည့်၏၊ ထိုအလှူခံစာတွင်–

(၁) ငွေကိုမူ ဦးပဥ္ဇင်းတို့က လုံးဝလက်မခံလို။

(၂) စာအုပ် ပြီးသောအခါတွင်လည်း အချို့အဝက်ကို ဒါယကာကြီးတို့ သဘောကျသော ပုဂ္ဂိုလ်များအားများလည်း လှူဒါန်းနိုင်ပါသည်ဟု ရေးသားလိုက်၏။

# နိဒါန်း

ဝါခေါင်လပြည့်ကျော် ၄—ရက်နေ့တွင် စာထည့်လိုက်ရာ ၁၀—ရက်နေ့တွင် စာအုပ်ဒါယကာ ကိုယ်စားလှယ် ကိုစံလင်း မန္တလေးသို့ ရောက်လာ၍ စုံစမ်းတော့သည်၊ စာရေးသူကို ပင့်၍ မေမြို့မှ မန္တလေးသို့ ဆင်းလာသော်လည်း စာအရောက်နောက်ကျ၍ ကိုစံလင်းနှင့် မတွေ့လိုက်ရတော့၊ အသျှင်သုဇနပဏ္ဍိတထံ မေးမြန်းစုံစမ်းပြီး ကြေနပ်နှစ်သက်၍ ဖါကန့်မြို့သို့ ပြန်ကာ စာအုပ်ဒါယကာအား အကြောင်းစုံ ပြောပြတော့သည်။

စာအုပ်ဒါယကာလည်း တဆင့်ကြားဖြင့် အားရကြေနပ် နှစ်သိမ့်လှကာ တော်သလင်းလဆန်း ၆—ရက်နေ့တွင် ကိုစံလင်း ကိုပင် စေလွှတ်၍ မန္တလေးမြို့ အိမ်တော်ရာ ဆင်တံတားလမ်း မြဇော်ပုံနှိပ်တိုက်ပိုင်ရှင် ဦးတင်ဦး လက်သို့ ပိဋကလမ်းညွှန်ကျမ်းကြီးကို ပုံနှိပ်ပြီး လှူဒါန်းနိုင်ရန် ငွေ တသောင်းတိတိ ပေးအပ်ခိုင်းလေသည်။

ကျမ်းပြုဆရာကိုလည်း မသိဘူး မမြင်ဘူးသေးပါဘဲလျက် ဤမျှရက်ရက်ရောရော နှမြောမတွန့် ပေးလှူဝံ့သည်မှာ ပုဂ္ဂိုလ်သာမန် ပြုရန်ခက်ခဲလှသော အလုပ်ကြီး တခု ဖြစ်တော့သည်၊ ထိုခက်ခဲလှသော အလုပ်ကြီးတခုကို အလွယ်တကူ ပြုလုပ်လိုက်သည်မှာ ချီးကျူးဘွယ်ရာ အံ့ဩဘွယ်ရာ လက်ဖျောက်တီး၍ အံ့ချီးစရာ သာ တကား။

မြဇော်ပုံနှိပ်တိုက်ပိုင်ရှင် ဦးတင်ဦး ကလည်း ပေးအပ်လာသောငွေတသောင်းကို အကုန်လက်မခံဘဲ နောင်အခါမှ လိုနေသေးလျှင် အကြောင်းကြားပါမည်၊ ယခုတော့ ၈၀၀၀ိ သာ လက်ခံပါရစေဟု ပြောကြားပြီး ၈၀၀၀ိ သာ လက်ခံထားလိုက်သည်၊ တဖန် ငွေလာပို့သူ ကိုစံလင်းမှာ ဝယ်ယင်းခြမ်းယင်း ငွေ မလောက်သဖြင့် ဦးတင်ဦး ထံမှ ငွေ ၅၀၀ိ ပြန်ယူသွားသဖြင့် ၇၅၀၀ိ သာ ကျန်ရှိတော့သည်။

# ဤကျမ်းစာကို ကြည့်ရှုသော ပုဂ္ဂိုလ်တို့

# ကြိုတင်သိထားရန်

(၁) အကျဉ်းမျှ ဖေါ်ပြထားသော ကျမ်းစာအမည်များကို သိရှိနိုင်စေရန် ရှေ့၌ ပြလတ္တံ့သော ပုံစံကို မှတ်သားထားစေလိုပါသည်။

(၂) ညွှန်ပြထားသော နံပါတ်များမှာ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေသော ဆဋ္ဌသံဂါယနာ တင်မူ စာအုပ်ကြီး နံပါတ်များချည်း ဖြစ်ကြ၏။

(၃) နိကာယ်ငါးရပ် ပါဠိအဋ္ဌကထာများကို နှစ်ကြိမ်တိုင်တိုင်ကြည့်ရှုရေးသားပါသော်လည်း သတိမေ့လျော့၍ ကျန်နေသော အချက်အလက်များ ရှိကောင်း ရှိပါလိမ့်မည်၊ ထိုအချက်အလက်များကို တွေ့ရှိပါက စာရေးသူထံသို့ အကြောင်းကြားပါလျှင် ဝမ်းမြောက်စွာ လက်ခံပါမည်၊ နောင်အကြောင်းညီညွတ်ပါက ဒုတိယအကြိမ် စသည် ပုံနှိပ်သောအခါတွင် ထည့်သွင်းဖေါ်ပြရန် ဖြစ်ပါသည်။

(၄) ညွှန်ပြသောနံပါတ်များတွင် အချို့နေရာ၌ ညွှန်ပြသည့်အတိုင်း ရှာဖွေ မတွေ့ပါက နံပါတ်များ ရှေ့နောက်လွဲနေသောအရာလည်း အနည်းငယ် ရှိကောင်း ရှိပါလိမ့်မည်၊ သို့မဟုတ် ရှေ့နောက်ကပ်လျက်လည်း ရှိတတ်ပါသည်၊ ပြင်ဆင်ကြည့်ရှုတော်မူကြပါ။

(၅) အချို့နေရာ၌ မူရင်း မညွှန်ပြမိဘဲ အကိုးသာမကကို ညွှန်ပြမိသောအရာလည်း ရှိပါလိမ့်မည်၊ ထိုညွှန်ပြသော စာမျက်နှာ၏ အောက်နား၌ ကြည့်ရှုပါက မူရင်းကို ညွှန်ပြထားသော နံပါတ်ဂဏန်းကို တွေ့မြင်ရပါလိမ့်မည်၊ ထိုနံပါတ်အတိုင်း ရှာဖွေကြည့်ရှုပါက မူရင်းကို တွေ့ရပါလိမ့်မည်၊ (ဤကား ဆဋ္ဌမူများ၏ ကောင်းခြင်းတရပ်တည်း)။

(၆) ဤပိဋကလမ်းညွှန် ကျမ်းကြီးကို ရေးသားပြုစုရာ၌ စာရေးသူလက်ထဲတွင် နိဿယစာအုပ်များ တအုပ်မျှမရှိ၊ ငှါးရမ်းရန်လည်း မလွယ်ကူသောကြောင့် နိဿယများကို လုံးဝမကြည့်ရှုဘဲ မိမိဉာဏ်မှီသမျှသာ ရေးသားရခြင်း ဖြစ်သောကြောင့် လွဲမှားနေသောအရာ ကျန်ရှိနေသော အရာများ တွေ့မြင်ပါက မိမိတို့ကိုယ်တိုင်ပြင်ဆင် ကြည့်ရှုတော်မူကြပါ။

## နိဒါန်း

(၇) ပိဋကလမ်းညွှန်ကျမ်းကြီးကို ၆-ကြိမ်မြောက် စာမူအချော ရေးသားသော အခါ၌ အ—အက္ခရာ အခဏ်းတွင် အသင့်အဘင့် ဖေါ်ပြသင့်သော နေရာ၌ ဖေါ်ပြ၍ ရေးသားလိုက်ရာ အ–အက္ခရာ တလုံးတည်းဖြင့်ပင် စာမျက်နှာ (၁၆၅) ရှိနေခြင်းကြောင့် အာ—အက္ခရာခဏ်းမှစ၍ ရှေ့တွင် ထိုသို့ မဖေါ်ပြတော့ဘဲ အညွှန်းသက်သက်မျှသာ ပြရတော့သည်။

အ–အက္ခရာ အခဏ်းကဲ့သို့ အက္ခရာစင်ကုန်အောင် အသင့်အတင့်မျှ ဖေါ်ပြရေးသားခဲ့သော် ပဌမတွဲ ဒုတိယတွဲ နှစ်တွဲသာမက ၅—တွဲ ၆-တွဲလောက် ထွက်ရပေလိမ့်မည်၊ စာရေးသူ ရေးသားနိုင်သော်လည်း ကောင်းမှုရှင် ဒကာပေါ် ထွက်ရန်ကား ခက်ခဲလှဘိသည်၊ ထွက်ပေါ်လတ္တံ့ ဖြစ်သော ဒုတိယတွဲ အတွက်ပင် ကောင်းမှုရှင် ဒကာမပေါ် ထွက်သေး၊ ထို့ကြောင့် အာ–အက္ခရာ ခဏ်းမှစ၍ ရှေ့တွင် အညွှန်းသက်သက်မျှသာ ပြခြင်းဖြစ်တော့သည်။

(၈) အချို့သော နေရာများ၌ ညွှန်ပြရာဝယ် ကျမ်းအမည်မပါဘဲ ရှိတတ်ခြင်းမှာ ၎င်းအညွှန်း၏ အထက်က ပြခဲ့ပြီးသော ကျမ်းအမည်နှင့် တူသောကြောင့် ထပ်မံမရေးသားတော့ဘဲ အကျဉ်းချုံးထားခြင်းဖြစ်၏။

(၉) ကျမ်းစာအဆုံး၌ အမှားအမှန် ပြင်ဆင်ချက်များ ပါရှိတတ်ရာ မှားနေသော အက္ခရာများကို အမှန်ဖြစ်အောင် ပြင်ဆင် ရေးသားပြီးမှသာ ကြည့်ရှုတော်မူကြပါ။

# နိဒါန်း

| ကျမ်းအမည် အကျဉ်း | ကျမ်းအမည် အပြည့်အစုံ |
|---|---|
| ပဏ်—၁ | မူလပဏ္ဏာသ |
| ပဏ်—၂ | မဇ္ဈိမပဏ္ဏာသ |
| ပဏ်—၃ | ဥပရိပဏ္ဏာသ |
| ပါ— | ပါဠိ |
| ဌ— | အဋ္ဌကထာ |
| အံ—၁ | အင်္ဂုတ္တရ ဧကက နိပါတ |
| အံ—၂ | အင်္ဂုတ္တရ ဒုက နိပါတ |
| အံ—၃ | အင်္ဂုတ္တရ တိက နိပါတ |
| အံ—၄ | အင်္ဂုတ္တရ စတုက္က နိပါတ |
| အံ—၅ | အင်္ဂုတ္တရ ပဉ္စက နိပါတ |
| အံ—၆ | အင်္ဂုတ္တရ ဆက္က နိပါတ |
| အံ—၇ | အင်္ဂုတ္တရ သတ္တက နိပါတ |
| အံ—၈ | အင်္ဂုတ္တရ အဋ္ဌက နိပါတ |
| အံ—၉ | အင်္ဂုတ္တရ နဝက နိပါတ |
| အံ—၁၀ | အင်္ဂုတ္တရ ဒသက နိပါတ |
| အံ—၁၁ | အင်္ဂုတ္တရ ဧကာဒသက နိပါတ |
| သဂါထာ—သံ | သဂါထာဝဂ္ဂ သံယုတ္တ |
| နိဒါန—သံ | နိဒါနဝဂ္ဂ သံယုတ္တ |
| ခန္ဓ—သံ | ခန္ဓဝဂ္ဂ သံယုတ္တ |
| သဠာ—သံ | သဠာယတနဝဂ္ဂ သံယုတ္တ |
| မဟာ—သံ | မဟာဝဂ္ဂ သံယုတ္တ |
| ခုဒ္ဒက | ခုဒ္ဒကပါဌ |
| ဓမ္မ | ဓမ္မပဒ |
| ဣတိ | ဣတိဝုတ္တက |
| သုတ္တ | သုတ္တနိပါတ |
| ဝိမာန | ဝိမာနဝတ္ထု |
| ပေတ | ပေတဝတ္ထု |
| ထေရ | ထေရဂါထာ |
| ထေရီ | ထေရီဂါထာ |
| အပ | အပဒါန |

# နိဒါန်း

| ကျမ်းအမည်အကျဉ်း | ကျမ်းအမည် အပြည့်အစုံ |
|---|---|
| ဗုဒ္ဓ | ဗုဒ္ဓဝံသ |
| ပဋိသံ | ပဋိသမ္ဘိဒါမဂ္ဂ |
| မဟာနိ | မဟာနိဒ္ဒေသ |
| စူဠနိ | စူဠနိဒ္ဒေသ |
| ပေဋက | ပေဋကောပဒေသ |
| ဝိသုဒ္ဓိ | ဝိသုဒ္ဓိမဂ္ဂ |
| ဇာတက—ပ | ဇာတက ပဌမ |
| ဇာတက—ဒု | ဇာတက ဒုတိယ |
| ဇာတက—တ | ဇာတက တတိယ |
| ဇာတက—စ | ဇာတက စတုတ္ထ |
| ဇာတက—မ | ဇာတက ပဉ္စမ |
| ဇာတက—ဆ | ဇာတက ဆဋ္ဌ |
| ဇာတက—သ | ဇာတက သတ္တမ |
| ဒီဃ—၁ | ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂ |
| ဒီဃ—၂ | ဒီဃနိကာယ မဟာဝဂ္ဂ |
| ဒီဃ—၃ | ဒီဃနိကာယ ပါထိကဝဂ္ဂ |
| ဝိ—၁ | ဝိနယ ပါရာဇိကကဏ္ဍ |
| ဝိ—၂ | ဝိနယ ပါစိတ္တိ |
| ဝိ—၃ | ဝိနယ မဟာဝဂ္ဂ |
| ဝိ—၄ | ဝိနယ စူဠဝဂ္ဂ |
| ဝိ—၅ | ဝိနယ ပရိဝါရ |
| အဘိ—၁ | အဘိဓမ္မ ဓမ္မသင်္ဂဏီ |
| အဘိ—၂ | အဘိဓမ္မ ဝိဘင်္ဂ |
| အဘိ—၃ | အဘိဓမ္မ ဓာတုကထာ |
| အဘိ—၄ | အဘိဓမ္မ ပုဂ္ဂလပညတ္တိ |
| အဘိ—၅ | အဘိဓမ္မ ကထာဝတ္ထု |
| အဘိ—၆ | အဘိဓမ္မ ယမက |
| အဘိ—၇ | အဘိဓမ္မ ပဋ္ဌာန |
| ပါ—ပ | ပါဠိ ပဌမအုပ် |
| ပါ—ဒု | ပါဠိ ဒုတိယအုပ် |

# နိဒါန်း

| | |
|---|---|
| ဋ္ဌ—ပ | အဋ္ဌကထာ ပဌမအုပ် |
| ဋ္ဌ—ဒု | အဋ္ဌကထာ ဒုတိယအုပ် |

## ထပ်မံရှင်းလင်းချက်

အင်္ဂုတ္တရနိကာယ ဧကက၊ ဒုက၊ တိက၊ စတုက္ကနိပါတ ပါဠိများ တွဲလျက် ပဌမအုပ်။

အင်္ဂုတ္တရနိကာယ ပဉ္စက၊ ဆက္က၊ သတ္တကနိပါတ ပါဠိများတွဲလျက် ဒုတိယအုပ်။

အင်္ဂုတ္တရနိကာယ အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသက နိပါတပါဠိများ တွဲလျက် တတိယအုပ် ဟူ၍ သုံးအုပ်ရှိ၏။

အင်္ဂုတ္တရနိကာယ ဧကကနိပါတ အဋ္ဌကထာ ၁—အုပ်။

အင်္ဂုတ္တရနိကာယ ဒုက၊ တိက၊ စတုက္က နိပါတတွဲလျက် အဋ္ဌကထာ ၁—အုပ်။

အင်္ဂုတ္တရနိကာယ ပဉ္စက၊ ဆက္က၊ သတ္တက၊ အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသက နိပါတတွဲလျက် အဋ္ဌကထာ ၁—အုပ်၊ ပေါင်း အဋ္ဌကထာ ၃—အုပ် ရှိ၏။

ဗုဒ္ဓဘိဝံသပါဠိ စရိယာပိဋကပါဠိမှာ အပဒါနပါဠိ ဒုတိယအုပ်၌ တွဲလျက်ရှိ၏။

၁။ အဘိဓမ္မ ဓမ္မသင်္ဂဏီ အဋ္ဌကထာ ၁—အုပ်၊ (အဋ္ဌသာလိနီ အဋ္ဌကထာ)

၂။ အဘိဓမ္မ ဝိဘင်္ဂအဋ္ဌကထာ ၁—အုပ်၊ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

| | | |
|---|---|---|
| အဘိဓမ္မ | ဓာတုကထာပါဠိ | |
| အဘိဓမ္မ | ပုဂ္ဂလပညတ္တိ | ဤပါဠိ ၅-ကျမ်းအတွက် |
| အဘိဓမ္မ | ကထာဝတ္ထု | အဋ္ဌကထာ ၁—အုပ် |
| အဘိဓမ္မ | ယမက | (ပဉ္စပကရဏ အဋ္ဌကထာ) |
| အဘိဓမ္မ | ပဋ္ဌာနပါဠိ | ပေါင်း အဋ္ဌကထာ ၃—အုပ်သာ ရှိ၏။ |

| | |
|---|---|
| ဝိနယ ပါစိတ္တိယပါဠိ | ဤပါဠိ ၂—ကျမ်းအတွက် |
| ဝိနယ မဟာဝဂ္ဂပါဠိ | ပါစိတျာဒိ အဋ္ဌကထာ ၁—အုပ်။ |
| ဝိနယ စူဠဝဂ္ဂပါဠိ | ဤပါဠိ ၂—ကျမ်းအတွက် |
| ဝိနယ ပရိဝါရပါဠိ | စူဠဝဂ္ဂါဒိ အဋ္ဌကထာ ၁—အုပ်။ |

| | | |
|---|---|---|
| မူလပဏ္ဏာသပါဠိ | ၌ | ပဌမ၊ ဒုတိယ၊ အဋ္ဌကထာ ၂—အုပ်ရှိ၏။ |
| ပဋိသမ္ဘိဒါမဂ္ဂပါဠိ | ၌ | ပဌမ၊ ဒုတိယ၊ အဋ္ဌကထာ ၂—အုပ်ရှိ၏။ |
| သုတ္တနိပါတပါဠိ | ၌ | ပဌမ၊ ဒုတိယ၊ အဋ္ဌကထာ ၂—အုပ်ရှိ၏။ |

# နိဒါန်း

ထေရဂါထာပါဠိ ၌ ပဌမ၊ ဒုတိယ၊ အဋ္ဌကထာ ၂—အုပ်ရှိ၏။
ဓမ္မပဒပါဠိ ၌ ပဌမ၊ ဒုတိယ၊ အဋ္ဌကထာ ၂—အုပ်ရှိ၏။
အပဒါနပါဠိ ၌ ပဌမ၊ ဒုတိယ၊ အဋ္ဌကထာ ၂—အုပ်ရှိ၏။
ဝိနယပါရာဇိကပါဠိ ၌ ပဌမ၊ ဒုတိယ၊ အဋ္ဌကထာ ၂—အုပ်ရှိ၏။

ဆဋ္ဌသံဂါယနာမူ ပါဠိအဋ္ဌကထာ စာအုပ်များ၌ အောက်နားတွင် ပါသော အညွှန်းများတွင် အချို့သော အညွှန်းများ၌ ခု—၁၊ ခု—၂၊ စသည်ဖြင့် ညွှန်ပြတတ်ရာ ထို ခု—၁၊ ခု—၂၊ စသည်ကိုရှာဖွေ၍ လွယ်ကူစေရန် အောက်ပါ ပုံစံကို ဖော်ပြလိုက်သည်။

| | |
|---|---|
| ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက<br>သုတ္တနိပါတပါဠိ (ငါးကျမ်းတွဲ) | ခုဒ္ဒက—၁၊ |
| ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊<br>ထေရီဂါထာ၊ (လေးကျမ်းတွဲ) | ခုဒ္ဒက—၂၊ |
| အပဒါနပါဠိ (ပဌမတွဲ) | ခုဒ္ဒက—၃၊ |
| အပဒါနပါဠိ (ဒုတိယတွဲ) နှင့်<br>ဗုဒ္ဓဝံသ၊ စရိယာပိဋကပါဠိ (သုံးကျမ်းတွဲ)၊ | ခုဒ္ဒက—၄၊ |
| မဟာနိဒ္ဒေသပါဠိ | ခုဒ္ဒက—၅၊ |
| စူဠနိဒ္ဒေသပါဠိ | ခုဒ္ဒက—၆၊ |
| ဇာတကပါဠိ (ပဌမတွဲ) | ခုဒ္ဒက—၇၊ |
| ဇာတကပါဠိ (ဒုတိယတွဲ) | ခုဒ္ဒက—၈၊ |
| ပဋိသမ္ဘိဒါမဂ္ဂပါဠိ | ခုဒ္ဒက—၉၊ |
| နေတ္တိ၊ ပေဋကောပဒေသပါဠိ (၂-ကျမ်းတွဲ) | ခုဒ္ဒက—၁၀၊ |
| မိလိန္ဒပဥှပါဠိ | ခုဒ္ဒက—၁၁၊ |

မှတ်ထားချက်—

(၁) ကူညီထောက်ပံ့ကြသော ပုဂ္ဂိုလ်များစာရင်း။

(၂) ဓမ္မာစရိယ ပါရဂူကျမ်း လှူဒါန်းပြီးနောက်မှ ရသော ငွေများ စာရင်းချုပ်တမ်း။

(၃) စာအုပ်ဒါယကာတို့ ပြုခဲ့ဘူးသော ကုသိုလ်များ။

ဤ ၃—မျိုးကို စာအုပ်နောက်ပိုင်းတွင် ဖော်ပြထားပါသည်။

## ပဏာမကထာ

(က) သဗ္ဗဒေဝ မနုဿာနံ၊
နိဗ္ဗာနမဂ္ဂ ဒေသကံ။
မဂ္ဂင်္ဂပထ ပုရေဏံ၊
ဒီပကံ လောကနာယကံ။ ။

(ခ) နမာမဟံ သုဝိသုဒ္ဓံ၊
သဒ္ဓမ္မံ ဇိနပူဇိတံ။
အနင်္ဂဏံ ဒွယသံဃံ၊
အာစရိံ တီဟိ သာဒရံ။ ။

သဗ္ဗဒေဝ မနုဿာနံ—ကြွင်းမဲ့ဥဿုံ ဘုံသုံးဆဲ့တစ် ဖြစ်ဖြစ်သမျှ ဗြဟ္မာ နတ်လူ ဟိန္ဒူဂူတို့အား၊ နိဗ္ဗာနမဂ္ဂဒေသကံ—တဏှာဝါန အေးမြငြိမ်းချမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ရန် လမ်းအမှန်ကို ကေန်ကျန ညွှန်ပြတော်မူတတ်ထသော၊မဂ္ဂင်္ဂပထ ပုရေဏံ—ရှေးရှေးနောင်ခတော် မြတ်ဇိနေ်ာတို့ ဟောဖေါ်ညွှန်ပြ မဂ္ဂဒေသနာ လမ်းဟောင်းရာကို၊ ဒီပကံ—ကမ္ဘာသချ်ေ လွန်လေကြာညောင်း ပိတ်ပေါင်းခြုံနွယ် ပိတ်ဖုံးကွယ်သဖြင့် မလွယ်သိရန် လမ်းဟောင်းမှန်ကို ကေန်ကျန ညွှန်ပြတော် မူတတ်ထသော၊လောကနာယကဥ္စ-လမ်းမှန်ညွှန်တတ် ဂုဏ်သကတ်ကြောင့် သုံးရပ် ဘုံသူ များဗိုလ်လူတို့ ကြည်ဖြူရှေထား ရှေသွားကြီးမှူး ဦးစီးအကျော် မြတ်ဘုန်း မော်ကိုင်၎င်း၊ သုဝိသုဒ္ဓံ—ကာမ အတ္တ နုယောဂလမ်း မသမ်းရှောင်ကွင်း ချဉ်းနင်း အလယ် မှီတွယ်ရခြင်းကြောင့် ကောင်းမွန်သန့်ရှင်း လွန်မင်းထူးမြတ် သန္တိဓာတ် လည်း ရှိပေထသော၊ ဇိနပူဇိတံ—သုံးလူစိန္တေ မြတ်မဟေတို့ ရိုသေလေးမြတ် အာရုံပြုအပ်သည်လည်းဖြစ်ပေထသော၊ သဒ္ဓမ္မဉ္စ—မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ် တန်ပိုင်းခြား မြတ်တရားကို၎င်း၊ အနင်္ဂဏံ—လောဘ ဒေါသ မောဟ စသား ညစ်ကြေးများတို့ လားလားမကပ် ကင်းစင်တတ်သဖြင့် မြင့်မြတ်သန့်စင် ကြည် လင်ပြီးသား ကြည်လင်ငြားရန် လမ်းမှန်လိုက်တတ် ဂုဏ်သကတ်ကြောင့် မြင့်မြတ်သန့်စင် ကြည်လင်လတ္တံ့ဖြစ်သော၊ ဒွယသံဃဉ္စ—ရှစ်သွယ်အရိယာ များ သံဃာနှင့် ကောင်းစွာကျင့်ဘိ သမုတိသံဃာ ဤနှစ်ဖြာကို၎င်း၊ အာစေရဉ္စ— ဓမ္မဝိနယ လမ်းမှန်ကျအောင် ရှေဆောင်ညွှန်ပြ အနန္တကျေးဇူး ပူဘူးပေတတ် ဆရာမြတ်အပေါင်းကို၎င်း၊ အဟံ—လောကဓမ်ကြုံ မတုန်လှုပ်တတ် ခန္တီဓာတ် အား ကြီးမားပြန့်ကျယ် သွယ်သွယ်ဘေးရန် တွန်းလှန်ဖြိုဖျက် ဤအနက်ကြောင့် အချက်သိမြင် ကျေးဇူးရှင်သည် မည်တွင်စေရ **'သီဟဗလ'** နာမမှည့်ခေါ် တပည့်

တော်သည်၊ တီဟိ–ကာယဝစီ တလီမနော သုံးပါးသောဒွါရတို့ဖြင့်၊ သာဒရံ–ဘယလာဘ ကုလကြည်ရှောင်း ဂုဏ်တော်ပေါင်းကို ခညောင်းဝပ်စင်း ရှိသေခြင်း ရှိသည်ဖြစ်၍၊ နမာမိ–လက်အုပ်အဥ္စလီ ထိပ်ဝယ်ချီလျက် ရှင်ကြည်ဝမ်းသာ ရှိခိုးပါ၏ဘုရား။

## ဝိသေသ ပဏ္ဏာမကထာ

သီဟဗလံ သီဟနာဒံ၊
သီဟသေယျဥ္စ ဥတ္တမံ။
သီဟပုဗ္ဗဒ္ဓ ကာယံ တံ၊
ဝန္ဒာမိ သီဟ ဟာနုကံ။

သီဟဗလံ–လောကမေကြုံ မတုန်လှုပ်တတ် ခန္တီဓာတ်အား ကြီးမားပြန့်ကျယ် သွယ်သွယ်ဘေးရန် တွန်းလှန်ဖြိုဖျက် ဤအနက်ကြောင့် ဖြောင့်ဖြောင့်တမူ ခြင်္သေ့မင်း အားနှင့်တူတော်မူထသော၊ သီဟနာဒံ–သားများသနင်း ခြင်္သေ့မင်းသည် ကြောက်ခြင်းကင်းဘိ ရဲရင့်ရှိကာ ဟောက်ဝံ့ပါသို့ သုံးလူ့စိန္တေ မြတ်ဗုဒ္ဓေလည်း ဝေနေပေါကြွယ် များဗိုလ်လယ်၌ ရဲရဲရင့်ရင့် နှုတ်ခွန်းဆင့်တော်မူတတ်ထသော၊ ဥတ္တမံ–သုံးမျိုးလေးမျိုး အိပ်ကြရိုးတွင် အရိုးမြင့်မြတ် ဇာတိဓာတ်ကိန်း အေးငြိမ်းအိပ်တတ် အမြတ်ဖြစ်ပေသော၊ သီဟသေယျဥ္စ-လက်ယာနံတောင်း စောင်းလျက်ပြုကာ ခြေမှာနည်းငယ် ထက်အောက်ဖယ်၍ ပြည့်ကြွယ်အတိ သမ္ပဇဉ်ရှိလျက် မပျက်အမူ ကျိန်းစက်တော် မူထသော၊ သီဟပုဗ္ဗဒ္ဓကာယံ–ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကိုယ် မောက်မို့ပြည့်သား ကဲ့အလားသို့ ဘုရားကိုယ်တော် လုံးစုံလျော်ကန် ရှေ့ရံဝဲနောက် ပြည့်ဖြိုးမောက်ကာ လွန်စွာတင့်တယ်တော်မူထသော၊ သီဟ ဟာနုကံ (ဟနုကံ ဟု ရှိသင့်သော်လည်း ဆန်းဂိုဏ်းငဲ့၍ ဒီဃနှင့်ရှိနေခြင်းဖြစ်၏) ခြင်္သေ့မင်းဖျား အောက်မေးလားသို့ ထွားထွားပြည့်ကြွယ် နှစ်သွယ်မေးဖျား ထင်ရှားပေါ်လွင် အမြင်သန့်ရှင်း ပြည့်ဖြိုးခြင်းလည်း ရှိတော်မူထသော၊ တံသီဟံ–ခြင်္သေ့မင်းစစ် အဖြစ်မှန်ငြား ထိုမြတ်စွာဘုရားကို၊ (ဝါ) သီဟောတိ ခေါ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ မြွက်ဟပါဠိ လာရှိဒေသနာ သေချာရှင်းလင်း ခြင်္သေ့မင်းစစ် အဖြစ်မှန်ငြား ထိုမြတ်စွာဘုရားကို၊ အဟံ–သီဟဗလ နာမမှည့်ခေါ် တပည့်တော်သည်၊ ဝန္ဒာမိ–ဂုဏ်တော်ဖုံဖုံ အာရုံထုံမွမ်း စိတ်ဖြင့်မှန်းကာ သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

## ဂန္ထာရမ္ဘကထာ

ဒဒါမိ တံ အဟံဒါနိ၊
ပိဋကမဂ္ဂဒေသကံ။
ပိဋကေ အကိလမတ္ထာယ၊
ဂဝေသီနံ ယထာဗလံ။

ပိဋကေ—အစုသုံးသွယ် အကျယ်ငါးရပ် နှ့် စပ်ပြန့်ကျယ် ပိဋကပင်လယ်၌၊ ဂဝေသီနံ—လိုရာလိုရာ ရှာဖွေပါသော် စိတ်တော်ပင်ပန်း ကိုယ့်လည်းနွမ်းလျက် ခဲခက်ဘိတောင်း ရှာဖွေသူ အပေါင်းတို့အား၊ (ဝါ) ရှာဖွေသူ အပေါင်းတို့ကို၊ အကိလမတ္ထာယ—အလွယ်တကူ ရှာဖွေယူနိုင် ငေးမှိုင်မရှိ ပကတိရွှင်လန်း မပင်ပန်း စိမ့်သောငှါ၊ ပိဋကမဂ္ဂဒေသကံ—ပိဋကသုံးသွယ် နိကာယ်ငါးရပ် နှ့် စပ်ပြန့်ကျယ် မြစ်ပင်လယ်၌ အလွယ်တကူ ရှာဖွေယူဘို့ မချို့အကွရာ စဉ်တန်းကာဖြင့် အသင့်တင်ပြ "ပိဋကလမ်းညွှန် မြတ်ကျမ်းမွန်ကို၊" ယထာဗလံ—ကိုယ်အား ဉာဏ်အား စွမ်းပကားရှိသမျှသာ၊ (လီခိတွာ) လေးမိုးလေးနှစ် အားသစ်လုံ့လ ဝိရိယဇွဲ မြဲမြဲကြိုးကုတ် အားထုတ်ရေးသားပြီး၍၊ ဒါနိ ဣဒါနိ—အချိန်ရောက်လာ ယခု အခါ၌၊ တံ—ထို ပိဋကလမ်းညွှန် မြတ်ကျမ်းမွန်ကို၊ အဟံ-**သီဟဗလ** နာမမှည့်ခေါ် တပည့်တော်သည်၊ ဒဒါမိ—ပညာပါရမီ ဖြစ်စေရည်လျက် မပျက်စေတနာ သုံးဖြာ ရွှင်လန်း လှူဒါန်းပါ၏ဘုရား။

**ပတ္ထနာကထာ**

သီဃံ ပပ္ပေါမိ နိဗ္ဗာနံ၊
ဟန္တွာ ကိလေသ ကိဥ္စနံ။
ဗဟုလံဝ ပရတ္ထမ္ပိ၊
လလေမိ ဇာတိဇာတိယံ။

---

**ဇာတိနေရပ်**

ဦးသီဟဗလ
ထီးလှိုင်ကျောင်း ရမည်းသင်းမြို့နယ်
၂၆—၃—၁၅ ရက်၊
၂၅—၅—၆၄၊

**ပဝတ္တိနေရပ်**

ဦးသီဟဗလ
ပတ္တမြားကျောင်း
တောင်ခွင်တိုက် ၄၁ -လမ်း၊
အနောက်ပြင် မန္တလေးမြို့။

# ပိဋကလမ်းညွှန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဉ္စနိကာယ ပါဠိအဋ္ဌကထာ

## (အ)

---

အဦးအစဖြစ်သောအရာ(၇)မျိုး ဂါထာ။ ။ပဏ်—၂—ပါ—၃၅၃၊ ဋ္ဌ—၂၇၈။ ။ သုတ္တ ပါ—၃၇၀၊ ဋ္ဌ—ဒု—၁၇၇။

အဂ္ဂိဟုတ္တမုခါ ယညာ၊ သာဝိတ္တီ ဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။ ။
နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခန္တိ။ ။

သဂါထာ—သံ—ပါ—၃၅၊ ၃၆၊ ဋ္ဌ—၈၈—ကဝိသုတ်၌ကား····

ဆန္ဒော နိဒါနံ ဂါထာနံ၊ အက္ခရာ တာသံ ဝိယဉ္ဇနံ။
နာမသန္နိဿိတာ ဂါထာ၊ ကဝိ ဂါထာနမာသယောတိ—ဟု ရှိ၏။ ။

အကာ ဟူသောပုဒ် ဟောအပ်သော အနက်။ ။ပေဋက—ပါ—၅၈၆—၌···· အကာ ပုရိသာ ဝုစ္စန္တိ အရိယာ ပုဂ္ဂလာ····ဟု ဟောထား၏။ ။အကာ ပုရိသသေဝိတော—ဟူသော ပုဒ်အဖွင့်များ၌လည်း များစွာရှိ၏၊အံ—၅—ပါ—၂၀၊ဋ္ဌ—၈၊ (ဗုဒ္ဓါဒီဟိ မဟာပုရိသေဟိ သေဝိတတ္တာ အကာပုရိသသေဝိတော) ထေရ—ပါ—၃၁၄၊ဋ္ဌ—ဒု—အုပ်—၂၄၁။ ။ထေရီ—ပါ—၄၀၀၊ ဋ္ဌ—၁၇၂။ ။ နေတ္တိ—ပါ—၇၄၊ ဋ္ဌ—၁၅၁။ ။ဒီဃ—၃—ပါ—၂၃၄၊ ဋ္ဌ—၂၄၅။ ။အဘိ—၂—ပါ—၃၄၇၊ ဋ္ဌ—၄၀၂။

**အကိတ္တိစရိယဝဏ္ဏနာ။** ။စရိယာ—ပါ—၃၈၅၊ ဌ—၂၁၊ ရသေ့ဖြစ်စဉ်အခါ ဒါန ပါရမီဖြည့်ကျင့်ခဏ်း၊ ၎င်း၌ ပါရမီ "၁၀" ပါးလုံးရကြောင်း ဖွင့်ပြထားပုံ ဌ—၂၇။ ။အကိတ္တိဇာတက ပါ—ပ—အုပ်—၂၆၆၊ ဌ—စ—အုပ်—၂၃၇။

**အင်္ကုရနတ်သားဝတ္ထု။** ။ဓမ္မ—ဒု—အုပ်—၁၄၃—၃၅၅၊ အလှူခံပုဂ္ဂိုလ် ရွေးချယ် စီစစ်၍ လှူဒါန်းရန် ဂါထာများ။ ။ပေတ—ပါ—၁၅၄—မှ ၁၆၀—ထိ၊ ဌ— ၁၀၄—မှ ၁၃၀—ထိ၊ အသက် နှစ်သောင်းတမ်း လူဘဝကဒါနပြုခဲ့ပုံ၊ ဌ—၁၂၆၊ မကုန်နိုင် မခမ်းနိုင်အောင် ပေးလှူနိုင်သည်မှာ ရုက္ခဇိုဝ်းနတ်က ကူညီနေသော ကြောင့် ဖြစ်ကြောင်း၊ ဌ—၁၅၅။ ။တာဝတိံသာ နတ်ပြည်တွင် နတ်သား ဖြစ်သည်၊ ပါ—၁၅၉၊ ဌ—၁၂၅။ ။(သာသနာပ ဒါနက သာသနာတွင်း ဒါနကို မမှီနိုင်ပုံ) ဣန္ဒကနတ်သားဝတ္ထုလည်း ပါဝင်၏။

**အကုသလ ကမ္မပထ ဒသကဝဏ္ဏနာ။** ။ပဏ်—၁—ပါ—၅၇၊ ဌ—ပ—အုပ်—၂၀၁၊ ဝိနိစ္ဆယကို ကျယ်ဝန်းစွာပြဆိုထား၏။ ။ဒီဃ—၃—ပါ—၂၂၃၊ ဌ—၂၃၁။ ။ အဘိ—၁—ဌ—၁၄၀။ ။၂—ပါ—၄၀၅၊ ဌ—၄၉၅။

**အကုသလမူလ သုံးပါး (လောဘ ဒေါသ မောဟ)။** ။စူဠနိ—ပါ—၄၇၊ ဌ— ၁၀၊ ၁၁။ ။အကုသလမူလနိက္ခေပကထာ၊ အဘိ—၁—ပါ—၂၀၅၊ ဌ— ၃၈၀။ ။၂—ပါ—၃၇၆၊ ဌ—၄၇၆၊ မဖွင့်။ ။၎င်းသုံးပါး ကိန်းခြင်း၏ အပြစ်ကို ဟောသော "ဘဒ္ဒိယသုတ်" အံ—၄—ပါ—၅၁၁၊ ဌ—၃၆၆။ ။ ကေသမုတ္တိသုတ် အံ—၃—ပါ—၁၈၉၊ ၁၉၀၊ ဌ—၁၈၁။ ။တနည်း ၉—ပါး၊ နေတ္တိ ပါ—၂၊ ဌ—၁၈၊ (တဏှာ၊ အဝိဇ္ဇာ၊ လောဘ၊ ဒေါသ၊ မောဟ၊ သုဘသညာ၊ သုခသညာ၊ နိစ္စသညာ၊ အတ္တသညာ)။ ။ပေဋက—ပါ—၁၆၉၊ ၁၇၀—၌ ဂါထာ။ ။ပါ—၂၄၇၊ ၈—၌ အကျယ်ဖွင့်ဟောထား၏။

**အကုသလမူလ သုံးပါးကို ပယ်နိုင်ရန်။** ။အကျယ်တဝင့် ဟောထားသော ဝိတက္ကသဏ္ဌာနသုတ်၊ ပဏ်—၁—ပါ—၁၆၉၊ ဌ—ပ—အုပ်—၃၉၁။ ။၎င်းသုံးပါး ရှိခြင်းအပြစ်, မရှိခြင်းအကျိုးကို ဟောသော "ဆန္နသုတ်" အံ—၃—ပါ—၂၁၆၊ ဌ—၂၀၀။ ။၎င်းသုံးပါးကြောင့် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ဖြစ်ကြရ ကြောင်း ဟောသော အညတရဗြာဟ္မဏသုတ်၊ ပရိဗ္ဗာဇကသုတ်၊ နိဗ္ဗာန သုတ်၊ အံ—၃—ပါ—၁၅၅၊ ၆၊ ၇၊ ၈၊ ဌ—၁၄၁။ ။ဒုစရိုက် အမှုတို့လည်း ပြုကြကြောင်း၊ အံ—၃—ပါ—၁၉၀၊ ၄။ ။အံ—၄—ပါ—၅၁၁၊ ဌ—၃၆။ ။ ၎င်းသုံးပါးကြောင့် ယခုဘဝတွင်လည်း ဆင်းရဲ၍ ဒုဂ္ဂတိဘဝသို့လည်းရောက်ရ ကြောင်း ဟောသော "အကုသလ မူလသုတ်" အံ—၃—ပါ—၂၀၂၊ ဌ—၁၉၁။

**အကုသလဓမ္မတို့ကို ဖွင့်ပြခဏ်း။** ။(ကောဓ ဥပနာဟ မက္ခ ပဠာသ စသည် ၁၆ ပါး) ပဏ်—၁—ပါ—၁၉၊ ဋ္ဌ—ပ—အုပ်—၁၁၀။ ။ပါ—၄၂၊ ဋ္ဌ—၁၇၃။ ။ ပါ—၅၀၊ ဋ္ဌ—၁၉၁။ ။ပါ—၁၃၂၊ ဋ္ဌ—၃၇၀။ ။ဝဿလသုတ်၊သုတ္တ—ပါ—၂၉၀၊ ဋ္ဌ—ပ—အုပ်—၁၅၉။ ။အကုသလပေယျာလ၊ အံ—၂—ပါ—၉၆၊ ဋ္ဌ—၆၄။ ။ အကုသလဓမ္မနိဒ္ဒေသ၊ အဘိ—၂—ပါ—၃၇၁၊ ဋ္ဌ—၄၇၃။ ။အဘိ—၄—ပါ—၁၂၁၊ ဋ္ဌ—၅၃။ ။၎င်းတို့၏အကြောင်းရင်းကို ဟောသော မဟာလိသုတ်၊ အံ—၁၀—ပါ—၃၄၂၊ ဋ္ဌ—၁၁၃။ ။၎င်းတို့၏အပြစ်များကို ဟောထားသော သရာဂသုတ်၊ အံ—၄—ပါ—၃၀၃၊ ဋ္ဌ—၃၁၅။ ။အကျယ်ဟောသော ကဏှ ဇာတက၊ ပါ—ပ—အုပ်—၂၀၂၊ ဋ္ဌ—စ—အုပ်—၇။ ။၎င်းတို့ကို ပယ်စွန့်ရန် ဟောသော ဥရဂသုတ်၊ သုတ္တ—ပါ—၂၇၉၊ ဋ္ဌ—ပ—အုပ်—၂။ ။အကုသလ ဓမ္မတို့ကို ဥပမာပေးထားပုံ၊ ပဏ်—၁—ပါ—၁၉၇၊ ဋ္ဌ—ဒု—အုပ်—၃၇။ ။ မဟာစုန္ဒသုတ်၊ အံ—၁၀—ပါ—၂၀၉၊ ဋ္ဌ—၃၀၀။

**အကုသိုလ်တရားသည် အောက်သို့ စုန်ဆင်းစေ၍ ကုသိုလ်တရားသည် အထက်သို့ ဆန်တက်စေကြောင်း။** ။ပဏ်—၁—ပါ—၅၄၊ ဋ္ဌ—ပ—အုပ်—၁၉၆။ ။အသိ ဗန္ဓကပုတ္တကသုတ်၊ သဠာ—သံ—ပါ—၄၉၀၊ ဋ္ဌ—၁၄၁။

**အကုသလဓမ္မတို့ကို တဖြည်းဖြည်း မှုတ်ထုတ်ရန် ရွှေပန်းထိမ်သည် ဥပမာဂါထာ** ။ ။ဓမ္မ—ဒု-အုပ်—၂၇၁။ ။အဘိ—၅—ပါ—၉၁၊ အညွန်း။

**အကြီးအကဲဖြစ်သူတို့ နမူနာယူစရာ။** ။ပဏ်—၁—ဋ္ဌ—ဒု—အုပ်—၁၇၀။ ။ပဏ်— ၂—ဋ္ဌ—၉၅၊ အသျှင်သာရိပုတ္တရာထေရ်သည် အများသံဃာတို့ ဆွမ်းခံ သွားချိန်တွင် ကျောင်းစဉ် လှည့်လည်ကြည့်ရှု၍ တံမြက်မလှည်းရသေးသော နေရာကို တံမြက်လှည်းခြင်း၊ အမှိုက်ကျုံးခြင်း၊ သောက်ရေ သုံးရေခပ်ထား ခြင်း၊ ဂိလာနပုဂ္ဂိုလ်များထံသွား၍ အလိုရှိအပ်သောအရာများကို ပြောကြပါ ဟု ဘိတ်မန်ခြင်း၊ ရှင်ဖြစ်စ ရဟန်းဖြစ်စ ပုဂ္ဂိုလ်များထံသွား၍ အားပေး စကားပြောကြားခြင်း စသည်အမှုများကို ပြုပြီးမှသာလျှင် ဆွမ်းခံကြွတော် မူ၏။ ။ခန္ဓ—သံ—ဋ္ဌ—၂၃၆—၌ အကျယ်ပြထား၏။ ။ဇာတက—ဋ္ဌ— တ—အုပ်-၂။ ။ဓမ္မ—ပ—အုပ်—၃၆၉။ ။အသျှင်အာနန္ဒာထေရ်လည်းနည်းတူ ပြုကြောင်း၊ ဝိနယ—၁—ပါ—၂၉၇၊ ဋ္ဌ — ဒု—အုပ်—၂၃၂။ ။ဘုရားရှင် ကိုယ်တော်တိုင် ရဟန်းတော်များအား မသင့်လျော်သော ကိုယ်နှုတ်အမှုအရာ ရှိခဲ့ပါလျှင် ကဲ့ရဲ့ကြဟု ဘိတ်ကြားတော်မူပုံ၊ ပဝါရဏာသုတ်၊ သဂါထာ သံ—ပါ—၁၉၂၊ ဋ္ဌ—၂၅၃။

**အကျင့်ကောင်း အကျင့်ဆိုးနှင့် ပတ်သက်၍ ပုဂ္ဂိုလ် ၄–မျိုးကိုပြခဏ်း**

(၁) မိမိကိုယ်ကို ပူပန်စေသော အကျင့်ရှိသူမှာ–မိစ္ဆာဒိဋ္ဌိတည်း။
(၂) သူတပါးကို ပူပန်စေသော အကျင့်ရှိသူမှာ–တံငါမုဆိုးစသည်တည်း။
(၃) နှစ်ဦးစုံ ပူပန်စေသော အကျင့် ရှိသူမှာ–သားကောင်ကို သတ်၍ ယဇ်ပူဇော်သူတည်း။
(၄) နှစ်ဦးစုံ မပူပန်စေသော အကျင့်ရှိသူမှာ–ဘုရား သာသနာတော်၌ သီလ ၄–ပါးကို လုံခြုံအောင်စောင့်ထိန်း၍ ဈာန်မဂ်ဖိုလ် ရအောင် အားထုတ်သူတည်း။ ။အင်္ဂုတ္တိ–၄–ပါ–၁၆၃၊ ဋ္ဌ–၈၁။ ။ဒီဃာ=၃–ပါ–၁၉၄၊ ဋ္ဌ–၂၀၈။ ။ပဏ်–၂–ပါ–၁၊ ဋ္ဌ–၁။ ။ပါ–၃၊ ဋ္ဌ–၆။ ။ပါ–၇၄၊ ဋ္ဌ–၈၇။ ။ဃောဋမုခသုတ်၊ ပဏ်–၂–ပါ–၃၆၄၊ ဋ္ဌ–၂၈၂။ ။အဋ္ဌကနာဂရသုတ်၊ အံ–၄–ပါ–၅၂၇၊ ဋ္ဌ–၃၇၃။

**အကောက် ၃–မျိုး ဥပမာနှင့် ပုဂ္ဂိုလ် ၃–မျိုးကို နှိုင်းယှဉ်ပြခဏ်း။** ။ဒီဃာ–၃–ပါ–၁၇၉၊ ဋ္ဌ–၁၆၃။

(၁) အချို့သော ရဟန်းရှင် လူတို့သည် ပဌမအရွယ်၌ မကောင်းသော အမှုများကိုပြု၍ ဒုတိယ တတိယအရွယ်၌ ကောင်းသော အမှုများကို ပြု၏၊ ထိုပုဂ္ဂိုလ်များကား နွားကျင်ငယ်ကောက်နှင့် တူသောကြောင့် ဂေါမုတ္တဝင်္ကတာ ပုဂ္ဂိုလ်မည်၏။
(၂) အချို့ကား····ပဌမ တတိယ အရွယ်၌ ကောင်းသော အမှုများကို ပြု၍ ဒုတိယအရွယ်၌ မကောင်းသော အမှုများကိုပြု၏၊ ထိုပုဂ္ဂိုလ်များကား–လပြေးကောက်နှင့် တူသောကြောင့် စန္ဒဝင်္ကတာပုဂ္ဂိုလ်မည်၏။
(၃) အချို့ကား····ပဌမ ဒုတိယအရွယ်၌ ကောင်းသော အမှုများကိုပြု၍ တတိယအရွယ်၌ မကောင်းသောအမှုများကိုပြု၏၊ ထိုပုဂ္ဂိုလ်များကား ထွန်တုံးဖျားကောက်နှင့် တူသောကြောင့် နင်္ဂလဝင်္ကတာပုဂ္ဂိုလ်မည်၏။

တနည်း၊ အင်္ဂုတ္တိ–၁–ပါ–၂၄၊ ဋ္ဌ–၁၉၅၊ ဥဇုကတာပုဒ်အဖွင့်။

(၁) အကြွင်သူသည် မကောင်းမှုကို ပြုရိုးမှန်ပါလျက် မပြုဟု ပြောဆို၏၊ ထိုသူသည် ရှေ့သွားပြီး နောက်ပြန်ဆုတ်သော နွားကျင်ငယ်နှင့်တူသောကြောင့် ဂေါမုတ္တဝင်္ကတာပုဂ္ဂိုလ်မည်၏။

(၂) အကြင်သူသည် မကောင်းမှုကို ပြုရိုးမှန်ပါလျက် ငါသည် မကောင်းမှုကို ပြုရမှာကြောက်လှ၏ဟု ပြောဆို၏၊ ထိုသူသည် ကောက်ကျစ်စဉ်းလဲ လွန်းသောကြောင့် လ—ရေးကောက်နှင့်တူရကား စန္ဒဝင်္ကတာ ပုဂ္ဂိုလ် မည်၏။

(၃) အကြင်သူသည် မကောင်းမှုကို ပြုလျက်သာလျှင် "အဘယ်သူသည် မကောင်းမှုကို မကြောက်ဘဲရှိအံ့နည်း" ဟု ပြောဆို၏၊ ထိုသူသည် အလွန်မကောက်လွန်းသောကြောင့် ထွန်တုံးဖျားကောက်နှင့် တူရကား နင်္ဂလဝင်္ကတာပုဂ္ဂိုလ်မည်၏။

အကောက် ၃—မျိုး (ကာယ-ဝစီ-မနော) ကို ဖြောင့်ပေးတော်မူနိုင်ကြောင်း ဟောသော "သစေတနာသုတ်" အံ—၃—ပါ—၁၉၀၊ ဋ္ဌ—၇၉။

**အကြောင်းဟော ပရိယာယ်ပုဒ်များအဖွင့်။** ॥၁၀—ပုဒ်၊ အဘိ—၅—ပါ—၂၃၅၊ ဋ္ဌ—၁၈၈။ ॥မဟာနိ—ပါ—၁၉၆၊ ဋ္ဌ—၃၀၈။ ॥ရင်းပရိယာယ် ၁၀—ပုဒ် ဂါထာ၊ အဘိ—၆—ပါ—၆၊ ဋ္ဌ—၂၀၉။

မူလံ ဟေတု နိဒါနဉ္စ၊ သမ္ဘဝေါ ပဘဝေနစ။
သမုဋ္ဌာနာဟာရာရမ္မဏံ၊ ပစ္စယော သမုဒယေနစ။ ။

**အကျိုးဆောင် ပုဂ္ဂိုလ် ၄—မျိုး။** ॥ပဏ်—၁—ပါ—၁၉၉၊ ဋ္ဌ—ဒု—အုပ်—၄၃။ ॥ ဆဝါလာတသုတ်၊ အံ—၄—ပါ—၄၀၇၊ ဋ္ဌ—၃၂၅။ ॥ရာဂဝိနယသုတ်၊ ပါ— ၄၀၈။ ॥ခိပ္ပနိသန္တိသုတ်၊ ပါ—၄၀၉၊ ဋ္ဌ—၃၂၆။ ॥အတ္တဟိတသုတ်၊ သိက္ခာပဒသုတ်၊ ပါ—၄၁၁။ ॥ဟိတသုတ် (ပ—ဒု—တ—စ—မ) ၅—သုတ်၊ အံ—၅—ပါ—၁၁၊ ဋ္ဌ—၅။ ॥အဘိ—၄—ပါ—၁၆၂၊ ဋ္ဌ—၈၁။ ॥ဒီဃ—၃— ပါ—၁၉၄၊ ဋ္ဌ—၂၀၈။ ॥အလံသုတ်၊ အံ—၈—ပါ—၁၁၈၊ ဋ္ဌ—၂၄၁။ ॥ပါ— ၅၆—၅၇—၁၄၅။

(၁) ကိုယ်ကျိုးရှိအောင်သာကျင့်၍ သူတပါးအကျိုးရှိအောင် မကျင့်သူ။
(၂) သူတပါးအကျိုးရှိအောင်သာကျင့်၍ ကိုယ်ကျိုးရှိအောင် မကျင့်သူ။
(၃) နှစ်ဦးစုံအကျိုးရှိအောင် မကျင့်သူ။
(၄) နှစ်ဦးစုံ အကျိုးရှိအောင် ကျင့်သူ။

**အကျိုးမရှိသောပျော်မွေ့ခြင်း ၄—မျိုး။** ॥ဒီဃ—၂—ပါ—၁၁၈၊ ဋ္ဌ—၆၆။ ॥ အံ—၅—ပါ—၁၀၀၊ ဋ္ဌ—၃၉။ ॥၇—ပါ—၄၁၃၊ ဋ္ဌ—၁၆၀။ ॥ဣတိ—ပါ—၂၄၃၊ ဋ္ဌ—၂၃၄၊ ညှိ၍ ၃—မျိုး။

(၁) ကမ္မာရာမတာ····ပရိယတ္တိကို သင်ယူချိန် ချုပ်ချိန်, ပဋိပတ္တိကိုနှလုံးသွင်း အားထုတ်ချိန်မထားဘဲ သက်နှီးချုပ်ခြင်း၊ ဆိုးခြင်း၊ တံမြက်လှည်းခြင်း စသော အမှုကိစ္စဖြင့်သာ ပျော်မွေ့တတ်သူ။
(၂) ဘဿာရာမတာ····အကျိုးမရှိသော တိရစ္ဆာနကထာကို ပြောဆိုခြင်း ဖြင့်သာ ပျော်မွေ့တတ်သူ။
(၃) နိဒ္ဒါရာမတာ····ရပ် သွား ထိုင် ဟူသော ဣရိယာပုထ် ၃–မျိုး၌ပင် ငိုက်မျဉ်းခြင်း အိပ်စက်ခြင်းဖြင့်သာ ပျော်မွေ့တတ်သူ။
(၄) သင်္ဂဏိကာရာမတာ ···· ဣရိယာပုထ် ၄–ပါးလုံး၌ တယောက်တည်း မနေတတ်ဘဲ နှစ်ယောက် သုံးယောက်စသည်ရှိမှ နေတတ်သူ၊ (ဝါ) အပေါင်း အဖော်ဖြင့်သာ ပျော်မွေ့တတ်သူ။

အက္ခဏသုတ်။ ။(အက္ခဏတရား ၈–ပါး) ဟာရားကျင့်ခွင့် မရသော ခဏ ၈–ဂါးဟူလို၊ ရပ်ပြစ်ရှစ်ပါး ဟူ၍လည်း ခေါ်ကြ၏။ ။အံ-၈-ပါ-၆၀၊ ဠ–၂၂၄။ ။ဒီဃ–၃–ပါ–၂၄၈၊ ဠ–၂၄၆။ ။ဝိဓာန၊ ဠ–၁၇၇။ ။ သာသနာတွင်းအခါဝယ်····

(၁) ငရဲဘုံ၌ဖြစ်သောသူ၊
(၂) တိရစ္ဆာန်ဘုံ၌ဖြစ်သောသူ၊
(၃) ပြိတ္တာဘုံ၌ဖြစ်သောသူ၊
(၄) အသညသတ်ဘုံ, အရူပဘုံတို့၌ဖြစ်သောသူ၊
(၅) ပစ္စန္တရစ်ခေါ် သာသနာမရှိသောအရပ်၌ ဖြစ်သောသူ၊
(၆) မိစ္ဆာဒိဋ္ဌိဖြစ်နေသူ၊
(၇) သုဂတိအဟိတ် ပဋိသန္ဓေနေခဲ့သူ၊ (ဝါ) လူစဉ်မမှီသူ၊
(၈) တိဟိတ်ပဋိသန္ဓေနေခဲ့သော်လည်း ဘုရားရှင်တို့မဖြစ်ထွန်းသောကမ္ဘာ၌ ဖြစ်သောသူ။

တနည်း၊ အက္ခဏတရား ၉–ပါး၊ ဒီဃ–၃–ပါ–၂၁၉၊ ဠ–၂၂၉၊ အသုရကာယ် ဘုံကို သီးခြားတခုပြု၍ ၉–ပါးဟု ဟောတော်မူ၏။ ။အံ–၈–ပါ–၆၁– ၆၂–၌ မှတ်သားဘွယ်ဂါထာများ ပါ၏။

အခြေနှစ်ချောင်း မကယ်ကောင်း ဟူသောစကားပုံ ဖြစ်လာဟန်ဂါထာ။ ။ ဇာတက ပါ–ပ–အုပ် ၂၇၁၊ ဠ–စ–အုပ်–၂၆၀။ ။စရိယာ–ဠ–၁၄၆၊ အညွန်း။

သစ္စံ ကိရေဝ မာဟံသု၊ နရာ ဧကစ္စိယာ ဣဓ။
ကဏ္ဍံ နိဂ္ဂဝိတံ သေယျော၊ နတွေဝေ ကစ္စိယော နရောတိ။ ။

**အခြံအရံနှင့်ပတ်သက်၍ ပုဂ္ဂိုလ် ၄-မျိုး။** ။(ရုက္ခူပမနိဒ္ဒေသ) အဘိ-၄-ပါ-၁၆၁၊ ဋ္ဌ-၇၉။ ။အသုရသုတ်၊ အံ-၄-ပါ-၄၀၃၊ ဋ္ဌ-၃၂၄။

(၁) အကာချည်းရှိသော သစ်ပင်ကို အနှစ်ရှိသော သစ်ပင်များက ခြံရံသကဲ့သို့ ဒုဿီလ ပါပဓမ္မ ဖြစ်သော ပုဂ္ဂိုလ်ကို သီလဝန္တ ကလျာဏဓမ္မ ဖြစ်သော ပုဂ္ဂိုလ်တို့က ခြံရံနေခြင်း။

(၂) အနှစ်ရှိသောသစ်ပင်ကို အကာချည်း ရှိသော သစ်ပင်များက ခြံရံသကဲ့သို့ သီလဝန္တ ကလျာဏဓမ္မဖြစ်သော ပုဂ္ဂိုလ်ကို ဒုဿီလ ပါပဓမ္မ ဖြစ်သော ပုဂ္ဂိုလ်တို့က ခြံရံနေခြင်း။

(၃) အနှစ်ရှိသော သစ်ပင်ကို အနှစ်ရှိသော သစ်ပင်များက ခြံရံသကဲ့သို့ သီလဝန္တ ကလျာဏဓမ္မဖြစ်သော ပုဂ္ဂိုလ်ကို သီလဝန္တ ကလျာဏဓမ္မ ဖြစ်သော ပုဂ္ဂိုလ်တို့က ခြံရံနေခြင်း။

(၄) အကာချည်းရှိသော သစ်ပင်ကို အကာချည်းရှိသော သစ်ပင်များက ခြံရံသကဲ့သို့ ဒုဿီလ ပါပဓမ္မဖြစ်သော ပုဂ္ဂိုလ်ကို ဒုဿီလ ပါပဓမ္မဖြစ် သော ပုဂ္ဂိုလ်တို့က ခြံရံနေခြင်း။

**အဂတိ ၄-ပါး။** ။ဝိ-၃-ပါ-၃၉၅၊ ဋ္ဌ-၄၀၂-၄၀၅။ ။ဝိနယသင်္ဂဟ ဋ္ဌ-၂၄၃။ ။ဝိ-၅-ပါ-၂၉၂၊ ဋ္ဌ-၂၁၁။ ။အဘိ-၂-ပါ-၃၉၀၊ ဋ္ဌ-၄၀၃။ ။ဝိသုဒ္ဓိ-ဒု-အုပ် ၃၂၄။ ။အံ-၂-ပါ-၇၂၊ ဋ္ဌ-၄၇။

(၁) ဆန္ဒာဂတိ....မိမိနှင့် ချစ်ကျွမ်းဝင်သူ လာဘ်ပေးသူအား မျက်နှာလိုက်၍ အမှားဟုသိလျက် အမှန်ဟုဆုံးဖြတ်ခြင်း။

(၂) ဒေါသာဂတိ....မိမိမုန်းနေသူ ဖြစ်သောကြောင့် အမှန်ဟု သိလျက် အမှားဟု ဆုံးဖြတ်ခြင်း။

(၃) မောဟာဂတိ....အမှားအမှန် ဝေခွဲနိုင်သော ပညာဉာဏ် မရှိသောကြောင့် အမှားကိုအမှန်, အမှန်ကိုအမှားဟု ဆုံးဖြတ်ခြင်း။

(၄) ဘယာဂတိ....လာမည့်ဘေးရန်ကို တွေးကြောက်၍ မိမိအားရန်ရှာနိုင်သူကို အနိုင်ပေးဆုံးဖြတ်ခြင်း။

ဤ အဂတိ ၄-ပါးကို အရိယာပုဂ္ဂိုလ်တို့ လုံးဝမလွန်ကျူးကြတော့ကြောင်း အဘိ၊ ဝိသုဒ္ဓိ-ဝိနယ-ဒီဃတို့၌ ဟောပြ ဖွင့်ပြထား၏။ ။ဝိ-၁-ဋ္ဌ-ပ-အုပ်-၇။ ။ဝိ-၄-ပါ-၄၀၁၊ မူရင်း။ ။ဒီဃ-၃-ပါ-၁၄၇၊ ဋ္ဌ-၁၂၇၊

**အဂတိလိုက် ညမိုက်ပမာ ထိုဂါထာ၊ အဂတိမလိုက် ထွန်းခိုက်လပမာ ဂါထာကို ဟောသော အဂတိသုတ်။** ။(ဒု–တ) အံ–၄–ပါ–၃၂၅–၆၊ ဠ–၆၂၅၊ ဘတ္တုဒ္ဒေသကသုတ်၊ အံ–၄–ပါ–၃၂၆၊ ဠ–၂၆၂။ ။အံ–၅–ပါ–၂၄၀–၂၊ ဠ–ဂ၅၊ အဂတိလိုက်စားခြင်းအပြစ်၊ မလိုက်စားခြင်းအကျိုးကို ဟောထား၏။ ။နေတ္တိ–ပါ–၁၀၇၊ ဠ–၂၂၁။ ။ဒီဃ–၃–ပါ–၁၄၇၊ ဠ–၁၂၆။ ။ဝိ–၅–ပါ–၂၉၄-၂၉၆။ ။ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့ အဂတိလိုက်စားပြစ်ကို ဟောသော အဂတိအဂန္တဗ္ဗဝဏ္ဏနာ၊ ဝိ–၅–ပါ–၂၉၂၊ ဠ–၂၁၀။ ။မလိုက်စားခြင်းအကျိုးကို ဟောသော အဂတိအဂမနဝဏ္ဏနာ၊ ပါ–၂၉၅၊ ဠ–၂၁၀၊ ၂–ဂါထာ၊ ၎င်းလေးပါး၏ အကြောင်းရင်းကိုပြခန်း၊ နေတ္တိ–ပါ–၃ဂ၊ ဠ–၁၀၇။ ။ပါ–၉၇၊ ဠ–၂၀၂။

**အဂ္ဂသဒ္ဒါဟောနိုင်သော ၄–နက်။** ။ပဏ်–၁-ဠ–ပ–အုပ်–၁၄၀၊ ပါ–၂ဂ။ ။အံ–၁–ဠ–၉၆။ ။အံ–၂–ဠ–၂၂။ ။ဣတိ–ဠ–၂၆ဂ၊ ပါ–၂၅၄။ ။ဗုဒ္ဓ–ဠ–၆ဂ၊ ပါ–၃၀၄။ ။ဒီဃ–၁–ပါ–ဂဂ၊ ဠ–၂၁၀။ ။ဝိ–၁–ပါ–၇၊ ဠ–ပ–အုပ်–၁၄၁၊ (အဂ္ဂသဒ္ဒေါ အာဒိ ကောဋ္ဌိ ကောဋ္ဌာသ သေဋ္ဌေသု ဒိဿတိ)

**အင်္ဂသဒ္ဒါ ဟောနိုင်သော ၄–နက်။** ။ပဏ်–၁ ဠ-ပ-အုပ်–၁၄၄၊ပါ–၂၉။ ။ဗုဒ္ဓ–ဠ–၂၀၉၊ ပါ–၃၃၇။

(အင်္ဂန္တိ ကတ္ထစိ ကိုလေသာ ဝုစ္စန္တိ၊ ကတ္ထစိ ယံကိဥ္စိ မလံဝါ ပက်ောဝါ၊ ကတ္ထစိ တထာရူပေါ ဘူမိဘာဂေါ)

**အဂါရဝ သဂါရဝကို အကျယ်ပြဆိုခန်း။** ။ရတနာသုံးပါး၌ မရိုသေခြင်း အဂါရဝ၊ ရိုသေခြင်း သဂါရဝ၊ သိက္ခာသုံးပါး၊ သမာပတ် ၈–ပါးကို မဖြစ်စေခြင်း အဂါရဝ၊ ဖြစ်စေခြင်း သဂါရဝကိုပြဆိုခန်း၊ နိဒါန–သံ–ပါ–၄၂၃၊ ဠ–၁၈၉။ ။အံ–၅–ပါ–၂၁၆၊ ဠ–၇၆။ ။ပါ–၁၂၊ ဠ–၆။ ။ဒီဃ–၃–ပါ–၂၀၂၊ ဠ–၂၁၇၊ ၆–ပါးစီ။ ။အဂါရဝနိဒ္ဒေသ၊ အဘိ–၂–ပါ–၃၂၉၊ ဠ–၄၈၈။ ။ဝိ–၅–ပါ–၁၆၅၊ ဠ–၁၅၂။

**အဂါရိက၊ အနာဂါရိကပုဒ် ဝိဂ္ဂဟ။** ။(အဂါရိက–လူ၊ အနာဂါရိက–ရှင်ရဟန်း ရသေ့) ပဏ်–၁–ပါ–၄ဂ၊ ဠ–ပ–အုပ်-၁ဂ၄။ ။အဘိ–၄–ဠ–ဂ၅၊ ပါ–၁၆၆။ ။ဥဒါန–ဠ–၁၅၆၊ ပါ–၁၀၃။ ။ဒီဃ–၁–ပါ–၁၇၊ ဠ–၁၀၄။ ။ဝိ-၁–ပါ–၁၃၊ ဠ–ပ–အုပ်–၁၆၉။ ။အပ–ပါ–ပ–အုပ်–၁၄၁၊ ဠ–ဒု–အုပ်–၁၀၇။ ။(အာဂါရိက ဟူ၍လည်း ဒီဃနှင့် ရှိတတ်၏။)

**အင်္ဂုတ္တိုရ်မျာ။** ။(ပ—ဒု) မိး ၇—မျိုးဟော၊ အံ—၇—ပါ—၄၂ဂ—၉၊ ဋ္ဌ—၁၆၅—၁၆၆၊

(၁) ရာဂဂ္ဂိ····ရာဂမီး။
(၂) ဒေါသဂ္ဂိ····ဒေါသမီး။
(၃) မောဟဂ္ဂိ····မောဟမီး။
(၄) အာဟုနေယျဂ္ဂိ····ဆရာမိဘစသော ကျေးဇူးရှင်တို့ကို ပြစ်မှားခြင်းကြောင့် ဆင်းရဲဒုက္ခတွေ့ရခြင်းဟူသော အာဟုနေယျမီး။
(၅) ဂဟပတဂ္ဂိ ···· အိမ်ရှင် လင်ယောကျ်ားကောင်းအား ပြစ်မှားသော မိန်းမတို့ ဆင်းရဲဒုက္ခတွေ့ရခြင်းဟူသော ဂဟပတိမီး။
(၆) ဒက္ခိဏေယျဂ္ဂိ····ရဟန်းသံဃာကောင်း သရဏဂုံသီလရှိသူ လူကောင်းသူကောင်း ဟူသော အလှူခံပုဂ္ဂိုလ်မွန်တို့အား ပြစ်မှားခြင်းကြောင့် ဆင်းရဲဒုက္ခတွေ့ရခြင်းဟူသော ဒက္ခိဏေယျမီး။
(၇) ကဋ္ဌဂ္ဂိ····ထင်းမီး။

ဒုတိယ အဂ္ဂိသုတ်ကား ထိုမီးများလောင်ကျွမ်းခံရပုံကို အကျယ်ဟောထား၏၊ အဂ္ဂိသုတ်၊ ဣတိ—ပါ—၂၅၇၊ ဋ္ဌ—၂ဂ၁၊ (ရာဂမီး၊ ဒေါသမီး၊မောဟမီး လောင်ကျွမ်းပုံ၊၎င်းမီးကိုငြိမ်းစေပုံနည်းကိုလည်း ဟောထား၏၊ ဂါထာများပါ၏)။ ။ အဂ္ဂိနိဒ္ဒေသ၊ အဘိ—၂—ပါ—၃ဂ၃၊ ဋ္ဌ—၄ဂဝ။

**အင်္ဂုလိမာလသုတ်။** ။ပဏ်—၂—ပါ—၃ဝ၁၊ ဋ္ဌ—၂၂၆၊ အင်္ဂုလိမာလ ခိုးသူကြီးကို ချွတ်ခဏ်း အပြည့် အစုံနှင့် အင်္ဂုလိမာလ သုတ်ကို (ပရိတ်ကြီးတွင် ပါ) တကမ္ဘာလုံးတည်အံ့သော "မဟာပရိတ်မည်၏" ဟု ဖွင့်ပြထားသည်။ ။ အင်္ဂုလိမာလတ္ထေရဂါထာ၊ ထေရ—ပါ—၃၃၃၊ ဋ္ဌ—ဒု—အုပ်—၃၂၄၊ ဆင်ပြောင် ၇—စီးအားကို ဆောင်နိုင်ခြင်းအကြောင်း ကုသိုလ်မှာ ···· မီးလှုံခစခဲ့သော ကြောင့်ဟု မိန့်ဆိုထား၏။ ။အင်္ဂုလိမာလ မထေရ်အနားတွင် အသဒိသ အလှူတော်ကြီးကို ပေးလှူသောအခါ ဆင်ကြမ်းကြီး ကို ထားရာ····၎င်း ဆင်ကြမ်းကြီးမှာ အသက်ပင်မရှူဝံ့ကြောင်း၊ ဓိဿ—၂—ဋ္ဌ—၂၄၇။ ။ဓမ္မပဒ၌ လည်း ရှိသေး၏။

**အင်္ဂေါဟမသ္မိ လောကဿ။** ။
ဇေဋ္ဌောဟမသ္မိ လောဿဿ။
သေဋ္ဌောဟမသ္မိ လောကဿ။ ။
အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။ ။

ဘုရားအလောင်းတော် မွေးဖွားပြီးနောက် ကြုံးဝါးသောစကား၊ ဒီဃ—၂—ပါ—၁၃၊ ဌ—၃၁။ ။ပဏ္ဏ—၃—ပါ—၁၆၄၊ ဌ—၁၃၂။ ။ဝိ—၁—ဌ—ပ—အုပ်—၁၀၃။ ။ပဏ္ဏ—၁၊ ဌ—ပ—အုပ်—၄၀။ ။ဒီဃ—၁၊ ဌ—၆၀။ ။ပဋိသံ—ဌ—၁—အုပ်—၁၉၁။

**အစလစေတိယဋ္ဌာန ၄—မျိုး။** ။(ဘုရားရှင်တိုင်း မပြောင်းလဲ မရွေ့ရှားဘဲ စေတီထိုက်သောနေရာ ၄—နေရာ ဟူလို၊) ဒီဃ—၂၊ ဌ—၁၇။ ။ဗုဒ္ဓ—ဌ—၁၅၀။ ။ဇာတက—ဌ—ပ—အုပ်—၁၁၀။ ။အပ—ဌ—ပ—အုပ်—၁၁၀။ ။ပဏ္ဏ—၁—ပါ—၂၁၆၊ ဌ—ဒု—အုပ်—၇၂။

(၁) မဟာဗောဓိပင်ရင်း ပလ္လင်တော်နေရာ။

(၂) ဓမ္မစက္ကပဝတ္တနသုတ်ကိုဟောတော်မူသော ဣသိပတနမိဂဒါဝုံတောတွင်း နေရာ။

(၃) တာဝတိံသာနတ်ပြည်မှ ဆင်းသက်ရာ သင်္ကဿနဂိုရ်မြို့ရှိစောင်းတန်းဦး နေရာ။

(၄) ဂန္ဓကုဋိတိုက်အတွင်း ညောင်စောင်း (ကုဋင်) တော် နေရာ၊ ဂန္ဓကုဋိတိုက်နေရာသည် ရံခါကျယ်၍ ရံခါကျဉ်း၏၊ ညောင်စောင်းတော် နေရာကား....မည်သည့် ဘုရားရှင် လက်ထက်မှ မပြောင်းလဲဘဲ မြဲသည်သာ တည်း။

ဓမ္မ—ဒု—၁၄၇—၌ကား....နံပါတ် ၃—ကိုသာ ပြထား၏။

**အစ္စယသုတ်။** ။သဂါထာ—သံ—ပါ—၂၄၁၊ ဌ—၃၂၄၊ အပြစ်ရှိသည်ကို အပြစ်ရှိ၏ဟု မသိသူ၊ အပြစ်ရှိသည်ကို တောင်းပန်ဝန်ချပါလျက် မကြေနပ်သူမှာ.... ဗာလ မည်ကြောင်း၊ အပြစ်ရှိသည်ကို အပြစ်ရှိ၏ဟု မသိသူ၊ အပြစ်ရှိသည်ကို တောင်းပန် ဝန်ချပါက ကြေနပ် လက်ခံသူမှာ .... ပဏ္ဍိတ မည်ကြောင်း ဟောထား၏။ ။အစ္စယသုတ်၊ အံ—၃—ပါ—၁၀၁၊ ဌ—၇၁၊ အထက်ပါ ၂—ချက်စီနှင့်တကွ အပြစ်ရှိသည်ကို ပြေပျောက်အောင် တရားအားလျော်စွာ မကုစားသူ—ဗာလ၊ ကုစားသူ—ပဏ္ဍိတဟု ဟောထား၏၊ ဤသုတ်၌ ဗာလ အင်္ဂါသုံးပါး၊ ပဏ္ဍိတ အင်္ဂါသုံးပါးဟူလို။

**အစ၁ အာဟာရ နှင့် ဥတုကောင်းမွန်မှုလည်း ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်တတ်**
ကြောင်း။ ။ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းခဏ်း၌ ရှု၏။

**အစိန္တိတမ္ပိ ဘဝတိ စသော ဂါထာ။ ။**

အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ။
န ဟိ စိန္တမယာ ဘောဂါ၊ ဣတ္ထိယာ ပုရိသဿဝါ။ ။

ဇာတက—ပါ—ပ—အုပ်—၂၇၃၊ ဋ္ဌ—စ—အုပ်—၂၇၀။ ။ပါ—ဒု—အုပ်—၁၆၀၊ ဋ္ဌ—ဆ—အုပ်—၅၃။ ။အံ—၁—ဋ္ဌ—၁၀၂။

**အစိန္တေယျသုတ်၊ အစိန္တေယျ ၄—ပါး။** ။အံ—၄—ပါ—၃၉၂၊ ဋ္ဌ—၃၁၉။ ။ ဒီဃ—၁—ဋ္ဌ—၂၃။ ။ဝိ—၁—ဋ္ဌ—ပ—အုပ်—၂၀။ ။ဣတိ—ဋ္ဌ—၁၃၆၊ အညွန်း များ။ ။(မကြံစည်အပ်၊ မကြံစည်နိုင်အောင် ဖြစ်ဘတ်သော အရာ ၄—မျိုး ဟူလို။)

(၁) ဗုဒ္ဓဝိသယော အစိန္တေယျော န စိန္တိတဗ္ဗော။
(၂) ဈာနဝိသယော အစိန္တေယျော န စိန္တိတဗ္ဗော။
(၃) ကမ္မဝိပါကော အစိန္တေယျော န စိန္တိတဗ္ဗော။
(၄) လောကစိန္တာ အစိန္တေယျာ န စိန္တိတဗ္ဗာ။

**အစားအသောက်ကြီးသူတို့ သတိမူစရာဂါထာ။** ။ဒေါဏပါကသုတ်၊ သဂါထာ သံ—ပါ—ဂ၂၊ ဋ္ဌ—၁၄၀။ ။အစားအသောက်ကြီးသူအပြစ်၊ သင့်လျော်ရုံ စားသောက်သူအကျိုး၊ ဓမ္မ—ဒု—၁၇၁—၁၇၂—၃၁၅။ ။နေတ္တိ—ပါ—၃၀—၁၀၀၊ ဋ္ဌ—၂၂၂။

**အစားကြူးသူ ၅—ဦး။** ။ဒီဃ—၂—ဋ္ဌ—၃၇၀။ ။အဘိ—၁—ဋ္ဌ—၄၃၂၊ ပါ—၂၆၂။ ။မဟာနိ—ဋ္ဌ—၃၀၂။

(၁) အာဟာရဟတ္ထက····စားသောက်ပြီးနောက် လက်ဆွဲထူပေးရသူ။
(၂) တတြဝဋ္ဋက····စားသောက်သည့်နေရာ၌ပင် လဲနေသူ။
(၃) အလံသာဋက····ပုဆိုးမဝတ်နိုင်အောင်ပင် ရှိသူ။
(၄) ကာကမာသက····ပါးစပ်တွင်းသို့ ကျီးနှိုက်စားနိုင်သူ။
(၅) ဘုတ္တဝမိတက····စားပြီးလျှင် ပြီးခြင်း အန်သူ။

**အစ္ဆရိယ အဗ္ဘုတ ၂—ပုဒ်၏ ဝိဂ္ဂဟ။** ။ပဏ်—၁—ဋ္ဌ—ပ—အုပ်—၃၅၀။ ။ပဏ်—၂—ဋ္ဌ—၂။ ။ဗုဒ္ဓ—ဋ္ဌ—၅၇၊ ပါ—၃၀၂။ ။ဒီဃ—၁—ဋ္ဌ—၄၄၊ ပါ—၂။ ။၃—ပါ—၉၅၊ ဋ္ဌ—၈၇။ ။နေတ္တိ—ပါ—၉၉၊ ဋ္ဌ—၂၀၄။

**အစ္ဆရိယ အဗ္ဘုတသုတ်။** ။(ဘုရားလောင်းခဏ်း၌ ရှိ၏)။

**အဆွေခင်ပွန်း ၄—မျိုး။** ။(ဗန္ဓုခဏ်း၌ ရှိ၏။)

**အဆင်းလှခြင်း မလှခြင်းအကြောင်းများကို ပြဆိုခဏ်း။** ။ခန္ဓ—သံ—ဋ္ဌ—၃၀၀၊ ပါ—၁၂၄၊ ဋ္ဌ—၃၀၀ ၌····

ပုထုဇ္ဇနော အကုသလစိတ္တေနဝါ ဉာဏဝိပ္ပယုတ္တကုသလေနဝါ စက္ခုသမ္ပဒါဒိဝိဟရိတံ ဝိရူပံ သမုဋ္ဌာပေတိ၊ ဉာဏသမ္ပယုတ္တကုသလေန စက္ခုသမ္ပဒါဒိသမ္ပန္နံ အဘိရူပံ။

အကုသိုလ်ကံကြောင့်၎င်း၊ ဉာဏ်နှင့် မယှဉ်သော ကုသိုလ်ကံကြောင့်၎င်း၊ ရုပ်အဆင်း မလှမပဖြစ်ကြရကြောင်း၊ ဉာဏ်နှင့်ယှဉ်သော ကုသိုလ်ကံကြောင့် ရုပ်အဆင်း လှလှပပ ဖြစ်ကြရကြောင်း မိန့်ဆိုထား၏၊ ဤကား အတိတ်အကြောင်းတည်း။ ။အရညသုတ်၊ သဂါထာ—သံ—ပါ—၅၊ ဋ္ဌ—၂၇ ၌····

အတီတံ နာနုသောစန္တိ၊ နပ္ပဇပ္ပန္တိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေန္တိ၊ တေန ဝဏ္ဏော ပသီဒတိ။ ။

ဖြစ်ပြီးသည်ကိုလည်းတွေး၍မပူပန်၊ လာလတ္တံ့ကိုလည်း မမျှော်လင့်၊ အသင့်ဖြစ်ဆဲဖြင့်သာ ရောင့်ရဲလွယ်သူမှာ အဆင်းကြည်လင်ကြောင်း ဟောထား၏၊ ဤကား ပစ္စုပ္ပန်အကြောင်းတည်း။

ဋ္ဌ—၂၇—၌····စိတ္တေ ပသန္နေ လောဟိတံ ပသီဒတိ၊ စိတ္တသမုဋ္ဌာနာနိ ဥပါဒါရူပါနိ ပရိသုဒ္ဓါနိ ဟောန္တိ၊ ဝဏ္ဏာ ပမုတ္တတာလဖလသာဝိယ မုခဿ ဝဏ္ဏော ဟောတိ ဟု မိန့်ဆိုထား၏။

အဆင်းလှ မလှ၊ ဆင်းရဲ ချမ်းသာလေးချက် လှည့်၍ မလ္လိကာ မိဖုရား၏ အမေးကို ဘုရားရှင်ဖြေကြားတော်မူပုံ၊ မလ္လိကာဒေဝီသုတ်၊ အံ—၄—ပါ—၅၂၇၊ ဋ္ဌ—၃၇၂။

ဒေါသကြီးသူသည် အဆင်းမလှဖြစ်ရတတ်၏။
အမျက်မထွက် သည်းခံတတ်သူသည် ရုပ်အဆင်းလှပတတ်၏။

မလှူဒါန်း မပေးကမ်းတတ်သူသည် ဆင်းရဲတတ်၏။
လှူဒါန်း ပေးကမ်းတတ်သူသည် ချမ်းသာတတ်၏ဟု ဟောထား၏။

(ယထာကမ္မူပဂအဘိညာဏ်ခဏ်းတိုင်း၌လည်း အမျိုးယုတ်ညံ့ခြင်း၊ မြတ်ခြင်း၊ အဆင်းလှခြင်း၊ မလှခြင်းအကြောင်းတို့ကို ပြဆိုထား၏။ ။အဆင်းလှခြင်း အသံကောင်းခြင်း၊ အစိုးရခြင်းကို ဖြစ်စေ တတ်သော ကုသိုလ် များကို ပြဆိုခဏ်း၊ ခုဒ္ဒက—ပါ—၁၀၊ ဌ—၁၉၂—၁၉၃။ ။ဒီဃ—၃—ပါ—၁၃၀၊ ဌ—၁၁၆—၌ အကြောင်း ၄—ပါးကို ပြဆိုထား၏။

(၁) အာမိသဒါန····စားသောက်ဘွယ်ကို ပေးလှူခြင်း။
(၂) ဝတ္ထဒါန····အဝတ်အထည်ကို ပေးလှူခြင်း။
(၃) သမ္မဇ္ဇန····တံမြက်လှည်းခြင်း။
(၄) အက္ကောဓန····အမျက်မထွက်ဘဲ သည်းခံတတ်ခြင်း။

အဆင်းကြည်လင်ကြောင်း ၃—ဂါထာ၊ ဇာတက—ပါ—ဒု—အုပ်—၁၅၆၊ ဌ—ဆ—အုပ်—၃၀။ ။စက္ကဝါကဇာတက၌လည်း ရှိ၏။

**အဇာတသတ်မင်း။** ။အဇာတသတ္တု နာမည်ရပုံဖွင့်ပြခဏ်း၊ ဒီဃ—၁—ဌ—၁၂၃၊ ပါ—၄၄။ ။ငှင်းမင်းမျိုးမှာ ၅—ဆက်တိုင် အဘကိုပြန်၍သတ်ကြကြောင်း၊ ဌ—၁၃၉။ ။နောင်အခါတွင် ဝိဇိတာဝီအမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်ဟုမိန့်ဆိုထားပုံ၊ ဌ—၂၁၂။ ။ပုထုဇဉ်တို့သဒ္ဓါတရားတွင် အဇာတသတ်မင်း၏ သဒ္ဓါတရားနှင့်တူသော သဒ္ဓါတရားရှိသူ မရှိကြောင်းမိန့်ဆိုထားပုံ၊ ဒီဃ—၂—ဌ—၁၉၇—၂၀၂။ ။ဝိ—၄—ပါ—၃၅၀၊ ဘခင် (ဗိမ္ဗိသာရမင်းကြီး) ကို လုပ်ကြံခဏ်း။ ။ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် ၂၄—နှစ် နန်းစံရကြောင်း၊ ဝိ—၁—ဌ—ပ—အုပ်—၅၄။ ။ထုသ ဇာတက၊ ပါ—ပ—အုပ်—၁၁၂၊ ဌ—တ—အုပ်—၁၁၁၊ အဇာတသတ်မင်းသား မမွေးဖွားမီအကြောင်းနှင့် ဘခင် အား ၄—ကြိမ်တိုင်တိုင် လုပ်ကြံရန်အားထုတ်ခဲ့ပုံ။ ။အတိတ်ဘဝကလည်း ဘခင်ကို သတ်ခဲ့ဘူးပုံဟောသော သံကိစ္စဇာတက၊ ပါ—ဒု—အုပ်—၅၉၊ ဌ—မ—အုပ်—၂၇ဂ။ ။အောင်လျှင်ပြုံး၍ ရှုံးလျှင်မဲ့တတ်သော အဇာတသတ်မင်း၊ ဇာတက—ပါ—ပ—အုပ်—၆၆၊ ဌ—ဒု—အုပ်—၂၁ဂ။

**အဇိတမာဏဝပုစ္ဆာ။** ။သုတ္တ—ပါ—၄၃၄၊ ဌ—ဒု—အုပ်—၃၀၁၊ လောကကို ဖုံးထားသော တရားကိုမေး၍ ဖြေရှင်း ဟောထား၏။ ။စူဠနိ—ပါ—၂၄၊ ဌ—၁၊ (အဝိဇ္ဇာ မစ္ဆရိယ ပမာဒ တဏှာ)

**အဇ္ဈေဝကိစ္စ မာတပ္ပံ စသော ဂါထာ။** ။ပဏ်—၃—ပါ—၂၂၆၊ ဋ္ဌ—၁၇၀၊ (ဘဒ္ဒေကရတ္တ သုတ်တွင် ပါသည်)။ ။ဥဒါန်—ဋ္ဌ—၈၀။ ။အပ—ပါ—ဒု—အုပ်—၁၆၂။ ။နေတ္တိ—ပါ—၁၂၀၊ ဋ္ဌ—၂၄၀။ ။ဇာတက—ပါ—ဒု—အုပ်—၁၅၉၊ ဋ္ဌ—ဆ—အုပ်—၃၅။

အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။ ။

ဓမ္မ—ဒု—၂၆၉ ၌လည်း ဆောင်ပြထား၏။

**အဇ္ဈတ္တ ၄—မျိုး။** ။(ဂေါစရဇ္ဈတ္တ၊ နိယကဇ္ဈတ္တ၊ အဇ္ဈတ္တဇ္ဈတ္တ၊ ဝိသယဇ္ဈတ္တ) ဣတိ—ဋ္ဌ—၃၂၀၊ ပါ—၂၇၁။ ။ပဋိသံ—ဋ္ဌ—ပ—အုပ်—၃၁၊ ပါ—၂။ ။ အဘိ—၁—ဋ္ဌ—၈၀၊ ပါ—၃။ ။ဥဒါန်—ဋ္ဌ—၃၃၉၊ ပါ—၁၇၄။

**အဇ္ဈာသယ ၆—မျိုး။** ။(ဘုရားလောင်းတို့၏ နှလုံးသွင်း) ဝိသုဒ္ဓိ—ပ—အုပ်—၁၁၂။ ။စရိယာ—ဋ္ဌ—၂၀၂။ ။သုတ္တ—ဋ္ဌ—ပ—အုပ်—၄၅။ ။အပ—ဋ္ဌ—ပ—အုပ်—၁၅၀။

(၁) နေက္ခမ္မဇ္ဈာသယ····ကာမဂုဏ် ၅—ပါး၌ အပြစ်ကိုမြင်ပြီးလျှင် လွတ်မြောက်လိုသောစိတ်ရှိခြင်း။
(၂) ပဝိဝေကဇ္ဈာသယ····အပေါင်းအသင်းနှင့် နေရခြင်းအပြစ်ကို မြင်ပြီးလျှင် ဆိတ်ငြိမ်ရာ၌ နေလိုစိတ်ရှိခြင်း။
(၃) အလောဘဇ္ဈာသယ····လောဘ၌ အပြစ်ကို မြင်ပြီးလျှင် ပေးကမ်းလှူဒါန်းလိုစိတ်ရှိခြင်း။
(၄) အဒေါသဇ္ဈာသယ····ဒေါသ၌ အပြစ်ကိုမြင်ပြီးလျှင် သည်းခံလိုစိတ်ရှိခြင်း။
(၅) အမောဟဇ္ဈာသယ ···· မောဟ၌ အပြစ်ကိုမြင်ပြီးလျှင် အသိဉာဏ်တိုးပွားအောင် ဆည်းပူးလိုစိတ်ရှိခြင်း။
(၆) နိဿရဏဇ္ဈာသယ····ဘုံ ၃—ပါး၌ အပြစ်ကို မြင်ပြီးလျှင် လွတ်မြောက်လိုစိတ် ရှိခြင်း။

ရင်း ၆—ပါး ပြည့်စုံမှသာလျှင် ဗောဓိသုံးပါးတွင် တပါးပါးကို ရနိုင်ကြောင်း၊ ဝိသုဒ္ဓိ—ပ—အုပ်—၁၁၂—၁၁၃။

**အညတရာဒေဝတာ ပုဒ်၌။** ။သိကြားမင်းကိုပင် ရုံခါကြ၍သို့ သုံးစွဲထားကြောင်း၊ ပဏ်—၁—ပါ—၁၉၅၊ ဌ—ဒု—အုပ်—၃၀။ ။သဂါထာ—သံ—ဌ—၁၂။

**အညဒတ္ထုတိ ဇော်သေနဟု ဖွင့်ပြပုံ။** ။ပဏ်—၁—ပါ—၂၃၄၊ ဌ—ဒု—အုပ်—၁၀၂။ ။ပါ—၄၀၂၊ ဌ—၃၀၂။ ။အံ—၄—ပါ—၃၃၂၊ ဌ—၂၆၉။ ။စူဠနိ—ဌ—၆၂—၁၆၉။ ။ဒီဃ—၁—ပါ—၁၇၊ ဌ—၁၀၃။

**အညာသိကောဏ္ဍညမထေရ်ဝတ္ထု။** ။အံ—၁—ပါ—၂၃၊ ဌ—၁၀၅။ ။ပဏ်—၁—ဌ—ဒု—အုပ်—၉၃။ ။ထေရ—ပါ—၃၁၇၊ ဌ—ဒု—အုပ်—၂၅၀။ ။အပ—ပါ—ပ—အုပ်—၅၂။ ဌ—ပ—အုပ်—၃၃၄။ ။ဓမ္မ—ဌ—ပ—အုပ်—၆၁၊အတိတ်ဝတ္ထု။ ။ကောဏ္ဍညသုတ်၊ သဂါထာ—သံ—ပါ—၁၉၅၊ ဌ—၂၅၆၊ ဝင်္ဂီသ ထေရ်က အသျှင် အညာသိကောဏ္ဍညထေရ်အား ချီးကျူးခဏ်း။ ။ဆဒ္ဒန်ဆင်များ၏ အလုပ်အကျွေးကိုခံယူကာ ဆဒ္ဒန်အိုင်၌သီတင်းသုံးပုံ အကျယ်ပြဆိုထား၏။ ။ပဋိဝိဒ္ဓမမ္မရတ္တညူအရာ၌ တေဒဂ်ရတော်မူ၏။

**အဋ္ဌက နဂရသုတ်။** ။ပဏ်—၂—ပါ—၁၂၊ ဌ—ဂ၊ ဈာန်ကိုအခြေခံ၍ အရဟတ္တဖိုလ် ရပုံအထိ အသျှင် အာနန္ဒာထေရ်ဟောထား၏။ ။အံ—၁၁—ပါ—၅၄၂၊ ဌ—၃၄၆။

**အဋ္ဌင်္ဂသီလ (ရှစ်ပါး) ကို ပြဆိုခဏ်း။** ။အဘိ—၄—ပါ—၁၆၇၊ ဌ—ဂ၉၊ အကျဉ်းပြ။ ။ဥပေါသထသုတ် (ဥပေါသထဝဂ္ဂ) အံ—ဂ—ပါ—၇၉၊ ဌ—၂၃၃၊ အကျယ်ပြဆိုထား၏။ ။ဥပေါသထအင်္ဂါ ဂ—ပါး ဂါထာ၊ ဝိ—၅—ပါ—၂၄၄၊ ဌ—၁၀၀။ ။အံ—၃—ဌ—၁၉၉။ ။သံခိတ္တ ပေါသထသုတ်၊ အံ—ဂ—ပါ—၇၉။ ။ဝိတ္တတူပေါသထသုတ်၊ ပါ—ဂ၁၊ နတ်ပြည် ၆—ထပ်တွင် ရောက်လိုရာ ရောက်စေကြောင်း။ ။ဝိသာခါသုတ်၊ ပါ—ဂ၄။ ။ဝါသေဋ္ဌ သုတ်၊ ပါ—ဂ၇။ ။အမျှားချမ်းသာကြောင်း။ ။ဗောဇ္ဈင်္ဂသုတ်၊ ပါ—ဂဂ၊ ရှစ်ပါးသီလ အကျိုးများကို အကျယ် ဟောထား၏။ ။ချီးကျူးခဏ်း သက္ကသုတ်၊ အံ—၁၀—ပါ—၃၂၁၊ ဌ—၃၁၂။ ။ဒီဃ—၁—ပါ—၅၊ ဌ—၇၅—၇၆။ ။ပါ—၇၊ ဌ—ဂ၄။ ။ပဏ်—၁—ပါ—၂၃၇၊ ဌ—ဒု—အုပ်—၁၁၃၊ ဥစ္စာသယန မဟာသယနခဏ်း၌လည်း တစိတ်တဒေသရှိ၏။

**အစုကာသိထေရီ အပဒါန်။** ။အပ—ပါ—ဒု—အုပ်—၂၉၂။ ။ထေရီ—ပါ—၃ဂ၁၊ ဌ—၃၁၊ ခိဏာသဝ (ရဟန္တာ) ထေရီတပါးကို ပြည့်တန်းဆာမဟု ဆဲရေးခဲ့သောကြောင့် အဆုံးဘဝတိုင်အောင် ပြည့်တန်းဆာမ ဖြစ်ရပုံကို ပြန်ဟောထားသည်။ ။ဒူတေနုပသမ္ပဒါဖြင့် ရဟန်းဖြစ်သော ထေရီတည်း။

**အစော မဟာဒ္ဓနော မဟာဘောဂေါ**။ ။သုံးပုဒ်အရကွဲပုံ ဖွင့်ပြချက်။ ။ဒီဃ—၁—ဋ္ဌ—၂၅၁၊ ပါ—၁၀၆။ ။ဝိ—၁—ပါ—၁၇၊ ဋ္ဌ—ပ—အုပ်—၁၇၂။ ။အင်္ဂ—၄—ဋ္ဌ—၇၉၊ ပါ—၁၆၀။

**အကုံဝါ ထူလံဝါတိ** ခုဒ္ဒကံဝါ မဟန္တံဝါ၊ တနည်း၊ အပ္ပသာဝဇ္ဇံဝါ မဟာသာဝဇ္ဇံဝါ ဟု ဖွင့်ပြပုံ၊ ပဏ်—၁—ပါ—၁၀၁၊ ဋ္ဌ—ဒု—အုပ်—၈။ ။၂—ပါ—၁၁၉၊ ဋ္ဌ—၁၂၀။ ။၂—ပါ—၄၁၁၊ ဋ္ဌ—၂၉၉။ ။ထေရ—ပါ—၃၁၉၊ ဋ္ဌ—ဒု—အုပ်—၂၆၂။

**အတ္တာ ဝုစ္စတိ ဒိဋ္ဌိဂတံ**။ ။မဟာနိ—ပါ—၈၀။ ။ပဋိသံ—ပါ—၃၊ ဋ္ဌ—ပ—အုပ်—၄၀၊ အတ္တာတိ စိတ္တံ။ ။စူဠနိ—ပါ—၆၀၊ ဋ္ဌ—၁၄။ ။ဋ္ဌ—၄၁၊ အတ္တာတိ အတ္တဘာဝေါ။

**အတ္တဒီပဝဂ္ဂ၊ အတ္တဒီပသုတ်**။ ။ခန္ဓ—သံ—ပါ—၃၅၊ ဋ္ဌ—၂၄၇၊ ဤဋ္ဌ အတ္တအရ လောကီ လောကုတ္တရာတရားကို ကောက်ပြထား၏။ ။အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနညသရဏာ၊ ဓမ္မဒီပါ ဓမ္မသရဏာ အနည သရဏာ စသည်ဖြင့် ဟောထား၏။ ။ဒီဃ—၂—ပါ—၈၅၊ ဋ္ဌ—၁၃၈။ ။အတ္တဒီပ သရဏာတာဝဏ္ဏနာ၊ ဒီဃ—၃—ပါ—၄၈—၆၄၊ ဋ္ဌ—၂၉—၃၀။ ။အပ—ပါ—ဒု—အုပ်—၂၂၁။ ။ထေရီ—ဋ္ဌ—၁၆၂၊ ဤနှစ်ဋ္ဌာနပါသော ဂါထာ ကား····

> အတ္တဒီပါ တတော ဟောထ၊ သတိပဋ္ဌာန ဂေါစရာ။
> ဘာဝေတွာ သတ္တဗောဇ္ဈင်္ဂေ၊ ဒုက္ခဿန္တံ ကရိဿထာတိ။ ။

မဟာ—သံ—ပါ—၁၃၃၊ ဋ္ဌ—၂၃၀၊ ဌ္ဌ နည်းတူဟောထား၏။ ။ဓမ္မ—ဒု—၄ ဋ္ဌ ပါသော ဂါထာကား····

> အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
> အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘန္တိ။ ။

**အန္တသဒ္ဒါဟောနိုင်သော အနက်များ**။ ။ပဏ်—၁—ပါ—၁၅၊ ဋ္ဌ—ပ—အုပ်—၉၀။ ။ဣတိ—ပါ—၂၅၅၊ ဋ္ဌ—၂၇၇။ ။ဒီဃ—၁—ဋ္ဌ—၉၆၊ ပါ—၁၂။ ။၃—ဋ္ဌ—၁၇၄၊ ပါ—၁၈၁။ ။သဠာ—သံ—ပါ—၃၀၈၊ ဋ္ဌ—၁၁၆။

(အန္တသဒ္ဒေါ ကောဋ္ဌာသေ ပရိစ္ဆေဒေ မရိယာဒါယံ သရီရာဝယဝေ စိတ္တော အဗ္ဘန္တရေ လာမကေသု ဒိဿတိ)

**အန္တရာ သဒ္ဒါပေါ်နိုင်သော အနက်များ။** ။အံ—၄—ဌ—၂၉၇။ ။ဥဒါန—ပါ—၈၉၊ ဌ—၉၇—၁၄၆။ ။သုတ္တ—ပါ—၂၈၀၊ ဌ—ပ—အုပ်—၁၈။ ။ဣတိ—ပါ—၂၅၂၊ ဌ—၂၆၀။ ။၅—နက်၊စရိယာ—ပါ—၃၈၅၊ ဌ—၁၆။ ။ဒီဃ—၁—ဌ—၃၅၊ ပါ—၁၊ (အန္တရာသဒ္ဒေါပန ကာရဏ ခဏ စိတ္တ ဝေမဇ္ဈ ဝိဝရာဒိသု ဝတ္တတိ)

**အန္တရဋ္ဌက ခေါ် သေမင်းငင်ရက် ၈—ရက်ကို ယူပြပုံ။** ။ပဏ—၁—ပါ—၁၁၃၊ ဌ—ပ—အုပ်—၃၅၃။ ။အံ—၃—ဌ—၁၁၆။ ။ဥဒါန—ပါ—၁၃၊ ဌ—၆၇။ ။ဝိ—၃—ပါ—၄၀၁၊ ဌ—၄၀၉။ ။(တပို့တွဲလအဆုံး ၄—ရက်၊ တပေါင်းလ အစ ၄—ရက်၊ ပေါင်း ၈—ရက်)

**အန္တရာယ် ၅—ပါး။** ။(နတ်ရွာ နိဗ္ဗာန် ချဉ်းမင်္ဂဖိုလ်ကို မရအောင် တားမြစ်တတ်သော အန္တရာယ် ၅—မျိုး) ဥဒါန—ဌ—၁၂၂။ ။ဣတိ—ဌ—၁၂၁။ ။ဝိ—၂—ပါ—၁၇၅၊ ဌ—၁၃၈။ ။ဝိသုဒ္ဓိ—ပ—အုပ်—၁၇၁။

(၁) ပဥ္စာနန္တရိယကံ ၅—ပါးသည် ကမ္မန္တရာယ်မည်၏။
(၂) နိယတမိစ္ဆာဒိဋ္ဌိသည် ကိလေသန္တရာယ်မည်၏။
(၃) အဟိတ်, ဒွိဟိတ်ပဋိသန္ဓေတို့သည် ဝိပါကန္တရာယ်မည်၏။
(၄) အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ခြင်း စွပ်စွဲခြင်းသည် အရိယူပဝါဒန္တရာယ်မည်၏။
(၅) စေတနာဖြင့် လွန်ကျူးအပ်သော အာပတ် (၇) ပုံသည် အာဏာဝီတိက္ကမန္တရာယ်မည်၏။

အကျယ်သိလိုမူ ဝိနယ ဝိသုဒ္ဓိတို့၌ ကြည့်ရှုကြကုန်။

**အတ္ထသဒ္ဒါပေါ်နိုင်သော ၆—နက်။** ။သဂါထာ—သံ—ဌ—၃၀၅။ ။သုတ္တ—ပါ—၃၀၇၊ ဌ—ပ—အုပ်—၂၃၀၊ (အတ္ထသဒ္ဒေါ ပါဌတ္တေ ဝိစက္ခဏေ ဝဍ္ဎိမှိ ဓနေ ဟိတေ ကာရဏေသု ဒိဿတိ။)

**အတ္ထကုသလေ ပုဒ်အဖွင့်။** ။(ကိုယ်ကျိုး၌လိမ္မာသူ) မေတ္တာသုတ်တွင်ပါသော ပုဒ်ဖြစ်၏၊ ခုဒ္ဒက—ပါ—၁၀၊ ဌ—၂၀၂။ ။သုတ္တ—ပါ—၃၀၀၊ ဌ—ပ—အုပ်—၁၇၉။

**အတ္ထဒသီဗုဒ္ဓဝံသဝဏ္ဏနာ။** ။ဗုဒ္ဓ—ပါ—၃၅၃၊ ဌ—၂၅၄။ ။အပ—ဌ—ပ—အုပ်—၄၉။ ။ဌ—ဒု—အုပ်—၁၂၉၊ ဝိဂ္ဂဟ။ ။အဘိ—၁—ဌ—၆၆၊ ဓာတ်တော်များ ပျံ့နှံ့၍ တည်တော်မူ၏။

**အတြိစ္ဆတာ၊ ပါပိစ္ဆတာ၊ မဟိစ္ဆတာ ၃—ပုဒ်အဖွင့်။** ။လောဘကြီးသော ပုဂ္ဂိုလ် ၃—မျိုးဟူလို) ဥဒါန—ပါ—၁၁၉၊ ဌ—၂၀၆။ ။မဟာနိ—ပါ—၁၆၉၊ ဌ=၂၈၅။ ။ပဏ—၁—ဌ—ဒု—အုပ်—၄၅။ ။အံ—၁—ပါ—၁၁—၁၄၊ ဌ—၅၇။ ။အတြိစ္ဆတာနိဒ္ဒေသ၊ အဘိ—၂—ပါ—၃၆၄၊ ဌ—၃၅၂။ ။ပါပိစ္ဆတာနိဒ္ဒေသ၊ ပါ—၃၆၄၊ ဌ—၄၅၅။ ။မဟိစ္ဆတာနိဒ္ဒေသ၊ ပါ—၃၆၄၊ ဌ—၄၅၄။

(၁) အတြိစ္ဆတာ····မိမိရသည့် လာဘ်လာဘနှင့် မရောင့်ရဲ မတင်းတိမ်နိုင်ဘဲ သူတပါး၏လာဘ်လာဘ၌တောင့်တသော သူသည် အတြိစ္ဆတာ ပုဂ္ဂိုလ်မည်၏။

(၂) ပါပိစ္ဆတာ····မရှိသောဂုဏ်ကို ရှိလေဟန် ဆောင်၍ ပစ္စည်းရအောင် ချီးမွမ်း ခံရအောင် ကြံဆောင်သော ပုဂ္ဂိုလ် သည်၎င်း, အလှူခံမှု သုံးဆောင်မှု၌ အတိုင်းအရှည်မသိသော ပုဂ္ဂိုလ်သည်၎င်း ပါပိစ္ဆတာ ပုဂ္ဂိုလ်မည်၏။

(၃) မဟိစ္ဆတာ ···· အမှန်တကယ် ရှိသော ဂုဏ်ကို ထင်ပေါ်လိုလှသူ၊ အချီးမွမ်းခံလိုလှသူ၊ ခံယူသုံးဆောင်မှု၌ အတိုင်းအရှည်ကို မသိသော သူသည် မဟိစ္ဆတာပုဂ္ဂိုလ်မည်၏။ ။အနည်းငယ် ကွဲလွဲသည့် အဖွင့်များ ရှိသေး၏။

**အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ။** ။သုံးပုဒ်အဖွင့်၊ ဒီဃ—၃—ပါ—၅၀၊ ဌ—၃၆။ ။အဘိ—၁—ပါ—၂၁၅၊ ဌ—၃၉၀။ ။မဟာနိ—ပါ—၆၊ ဌ—၃၄၊ (ဝိသမလောဘ)။ ။ပလောကသုတ်၊ အံ—၃—ပါ—၁၆၀၊ ဌ—၁၄၂၊ (လူတို့ ပျက်စီးကြောင်း သုံးပါးဟု ဟောထား၏)။

(၁) အဓမ္မရာဂ····အမိ—မိကြီး—မိထွေးစသည့် မသင့်လျော်သော ပုဂ္ဂိုလ်များ၌ ဖြစ်သောရာဂသည် အဓမ္မရာဂမည်၏။

(၂) ဝိသမလောဘ····သင့်လျော်သော အရာဝတ္ထုတို့၌ အလွန်အကဲ ဖြစ်သော လောဘသည် ဝိသမလောဘမည်၏။

(၃) မိစ္ဆာဓမ္မ····ယောကျ်ား အချင်းချင်း၊ မိန်းမ အချင်းချင်း၊ တဏှာရာဂ ဖြစ်ခြင်းသည် မိစ္ဆာဓမ္မ မည်၏။ ။အနည်းငယ် ကွဲလွဲသည့် အဖွင့် များ ရှိသေး၏။

**အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏတော မုစ္စိဿာမိ။** ။ထေရ–ဋ္ဌ–ပ–အုပ်–၁၆၉။ ။အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ၊ အဘိ–၁–ဋ္ဌ–၂၄၄၊ ။အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ မုစ္စိဿာမိ၊ ဝိသုဒ္ဓိ–ပ–အုပ်-၁၂၀–၁၇၆–၁၈၃။ ။အဒ္ဓါ ဣမာယ ပဋိပဒါယ ပဝိဝေက သုခရသဿ ဘာဂီ ဘဝိဿာမိ–၁၂၁။

**အဒ္ဓါတိ ဧကံသေန။** ။ပဏ်–၁–ပါ–၁၃၁၊ ဋ္ဌ–ပ–အုပ်–၃၆၉။ ။အဒ္ဓါတိ ဧကံသ ဝစနံ နိသံသယဝစနံ၊ ဇူဠနိ–ပါ–၂၂၈–၂၅၇။ ။ဒီဃ–၁–ပါ–၅၇၊ ဋ္ဌ–၁၅၃။

**အန္ဓဝန (အန္ဓဝန်တော) မည်ပုံ ဖွင့်ပြခဏ်း။** ။ပဏ်–၁–ပါ–၁၉၅၊ ဋ္ဌ–ဒု–အုပ် ၂၈–၂၉–၃၀။ ။သဂါထာ–သံ–ဋ္ဌ–၁၇၄။

**အဓိကရဏ်းနှင့် စပ်၍ မှတ်သားဘွယ်များ။** ။အဓိကရဏ်းငြိမ်းသောပုဂ္ဂိုလ်တို့ အတွက် နည်းပေးထားသော ကိန္တိသုတ်၊ ပဏ်–၃–ပါ–၂၆၊ ဋ္ဌ–၁၈။ ။ငြိမ်းပုံ ငြိမ်းနည်းကိုဟောသော သာမဂါမသုတ်၊ ပါ–၃၅၊ ဋ္ဌ–၂၀။ ။အံ–၂–ပါ–၅၅၊ ဋ္ဌ–၁၂၊ မှတ်သားဘွယ် အကျယ်ပြဆိုထား၏။ ။အံ–၇–ပါ–၅၀၇၊ ဋ္ဌ–၁၉၀။ ။ဥဗ္ဗာဟိကသုတ်–အံ–၁၁–ပါ–၃၁၂၊ ဋ္ဌ–၃၁၀၊ အဓိကရဏ်းကို ငြိမ်းပေးထိုက်သော အင်္ဂါ ၁၀–ပါး၊ ဝိ–၄–ပါ–၄၃၄၊ ဋ္ဌ–၁၂၄၊ အတ္တာဒါနအင်္ဂကထာ။ ။ဒီဃ–၃–ပါ–၂၁၀၊ ဋ္ဌ–၂၂၃၊ အကျယ်ပြထား၏။ ။ဝိ–၁–ဋ္ဌ–ဒု–အုပ်–၁၇၈–၁၈၅၊ ပါ–၂၅၀–၂၆၀၊ (အဓိကရဏ်း လေးပါး)။ ။အဓိကရဏဝူပသမန သမထကထာ၊ ဝိ–၄–ပါ–၂၁၁–၂၂၀၊ ဋ္ဌ–၃၉–၄၀။ ။အဓိကရဏပစ္စယဝါရ၊ ဝိ–၅–ပါ–၁၇၉ မှ ၃၄၆–ထိ၊ ဋ္ဌ–၁၉၄–မှ ၂၂၂–ထိ။ ။ဝိ–၂–ပါ–၃၉၅၊ ဋ္ဌ–၂၁၃။ ။အဓိကရဏဘေဒ၊ ဝိ–၅–ပါ–၂၆၄၊ ဋ္ဌ–၁၉၄။ ။အဓိကရဏ ပရိယာယဝါရ၊ ဝိ–၅–ပါ–၁၈၃။ ။သမုဋ္ဌာပနဝါရ၊ ပါ–၂၀၂၊ အဓိကရဏ်းတခုကြောင့် သေးခုစလုံးဖြစ်နိုင်ကြောင်းဟောထား၏။ ။အဓိကရဏ်းလေးပါး၏ မူလ "၃၃" ပါးကို ရေတွက်ပြပုံ၊ ဋ္ဌ–၁၇၆၊ ပါ–၂၃၂။ ။အဓိကရဏ ဝူပသမ ဝဂ္ဂဝဏ္ဏနာ၊ ၅–ပါ–၃၄၆၊ ဋ္ဌ–၂၂၂။ ။အဓိကရဏ်းဖြစ်သောအခါ၌ အားကိုးရသောပုဂ္ဂိုလ်၊ ဝိ–၅–ပါ–၄၃၂–၃၃၃။

(၁) ဝိဝါဒါဓိကရုဏ်း....ရဟန်းတို့အချင်းချင်း ဘေဒကရဝတ္ထု ၁၈–ပါးတွင် တပါးပါးဖြင့် ငြင်းခုံကြခြင်းသည် ဝိဝါဒါဓိကရုဏ်းမည်၏။

(၂) အနုဝါဒါဓိကရုဏ်း····ရဟန်းအချင်းချင်း အာပတ်ဖြင့် စွပ်စွဲစောဒနာခြင်းသည် အနုဝါဒါဓိကရုဏ်း မည်၏။
(၃) အာပတ္တာဓိကရုဏ်း····အာပတ်သင့်မှုသည် အာပတ္တာဓိကရုဏ်းမည်၏။
(၄) ကိစ္စာဓိကရုဏ်း ···· အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိ ဒုတိယကံ၊ ဉတ္တိစတုတ္ထကံ— ဤလေးပါးသော ကိစ္စသည် ကိစ္စာဓိကရုဏ်းမည်၏။

**အဓိမာနနှင့်စပ်၍ မှတ်သားဘွယ်များ။** ။(မဂ်ဖိုလ်ကိုမရသေးဘဲလျက် ရ၏ဟု အထင်ရောက်နေတတ်သောပုဂ္ဂိုလ်) အဓိမာနဖြစ်တတ်သော ပုဂ္ဂိုလ်ကား···· အာရဒ္ဓဝီပဿက ပုဂ္ဂိုလ်သာဖြစ်ကြောင်း၊ ပဏ္ဏ—၁—ပါ—၄၉၊ ဋ္ဌ—ပ—အုပ်—၁၀၇။ ။အဓိမာနဖြစ်သောရဟန်း၊ ၃—ပါ—၂၆၊ ဋ္ဌ—၃၃။ ။အဓိမာနဖြစ်နိုင် မဖြစ်နိုင်သောပုဂ္ဂိုလ်၊ ၃—ပါ—၃၉၊ ဋ္ဌ—၃၄၊ သုနက္ခတ္တသုတ်။ ။အံ—၁—ဋ္ဌ—၃၂—၃၃။ ။အံ—၁၀—ပါ—၃၀၆။ ။ပဋိသံ—ပါ—၁၂၄၊ ဋ္ဌ—ဒု—အုပ်—၂၇။ ။မဟာနိ—ပါ—၆၁၊ ဋ္ဌ—၁၀၁။ ။ဝိ—၁—ပါ—၁၁၆၊ ဋ္ဌ—ဒု—အုပ်—၀၀၊ ဓမ္မ—ဒု—၇၁။ ။အဓိမာနနိဒ္ဒေသ၊ အဘိ—၂—ပါ—၃၇၀၊ ဋ္ဌ—၄၇၀၊ မှတ်သားဘွယ်ကောင်းလှ၏။ ။ဂတိနိမိတ်ထင်လာမှ ပုထုဇဉ်မှန်းသိပြီး အားထုတ်လိုက်ရာ သမသီသိရဟန္တာ ဖြစ်သွားသော ဆန္နထေရ် အကြောင်း၊ ဆန္နသုတ်၊ သဠာ—သံ—ပါ—၂၀၁၊ ဋ္ဌ—၁၀။

**အဓိဋ္ဌာနိဒ္ဓိကို ပြဆိုခဏ်း။** ။ဝိသုဒ္ဓိ—ဒု—အုပ်—၇၊ ၁၅၊ ပဋိသံ—ပါ—၃၀၅၊ ဋ္ဌ—ဒု—အုပ်—၂၆၇။

**အနတ္တလက္ခဏသုတ်။** ။ခန္ဓသံ—ပါ—၅၅၊ ဋ္ဌ—၂၅၆။ ။စူဠနိ—ပါ—၁၀၁။ ။ဝိ—၃—ပါ—၁၀။

**အနတ္တလက္ခဏာ။** ။အနတ္တလက္ခဏာကို အကျယ်ဟောထားသော သုညကထာ၊ ပဋိသံ—ပါ—၃၅၀၊ ဋ္ဌ—ဒု—အုပ်—၂၃၇။ ။ဆဆက္ကသုတ်၊ ပဏ္ဏ—၃—ပါ—၃၂၇၊ ဋ္ဌ—၂၄၅။ ။ဆန္နသုတ်၊ သဠာ··သံ—ပါ—၂၀၁၊ ဋ္ဌ—၁၀။ ။အနတ္တ အနတ္တလက္ခဏာကိုခွဲပြ၊ အဘိ—၂—ဋ္ဌ—၄၇။ ။အနတ္တလက္ခဏာမှာ ဘုရားရှင်တို့ ပွင့်ထွန်းတော်မူသောအခါ၌သာ ထင်ရှားကြောင်း သိရကြောင်း သိရန်လည်း ခက်ခဲလှကြောင်း မိန့်ဆိုထားပုံ၊ အဘိ—၂—ဋ္ဌ—၄၆။ ။အနတ္တလက္ခဏာကို ပွားများရကျိုး ၆—ပါး ဟောသော အတမ္မယသုတ်၊ အံ—၆—ပါ—၃၀၆၊ ဋ္ဌ—၁၄၁။

(င) ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ····အဝိဟာဘုံမှ အစဉ်အတိုင်း တက်လာ၍ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့သော အနာဂါမ်။

တဖန် ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်ပုဂ္ဂိုလ်ကို ၄–မျိုးပြား၍ ပြပြန်၏။

(က) ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ။

(ခ) ဥဒ္ဓံသောတ န အကနိဋ္ဌဂါမီ····အဝိဟာဘုံမှ အစဉ်အတိုင်းတက်၍ သုဒဿီ ဘုံ၌ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။

(ဂ) န ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ···· သုဒဿီဘုံမှအကနိဋ္ဌဘုံသို့သွား၍ပရိနိဗ္ဗာန် ပြုသော အနာဂါမ်။

(ဃ) နဥဒ္ဓံသောတ နအကနိဋ္ဌဂါမီ····အောက်သုဒ္ဓါဝါသ ၄–ဘုံဘွင် ဖြစ်ရာဘုံ၌ သာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။

အန္တရာပရိနိဗ္ဗာယီ အနာဂါမ် ပုဂ္ဂိုလ်ကို သုံးမျိုးပြား၍ ပြပြန်၏။

(က) အဝိဟာဘုံ၌ဖြစ်၍ ကပ္ပါ—ဘရာအထက်၌ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။
(ခ) ကပ္ပါ—နှစ်ရာအထက်၌....။
(ဂ) ကပ္ပါ—ငါးရာမရောက်မီအတွင်း၌....။

အဝိဟာဘုံ၌ ဤအန္တရာ ပရိနိဗ္ဗာယီ အနာဂါမ် သုံးဦး၊ ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ် တဦး၊ ဥဒ္ဓံသောတ အကနိဋ္ဌဂါမိ အနာဂါမ် တဦး၊ ပေါင်း ၅—ဦး ရှိသကဲ့သို့ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံတို့၌လည်း ၅—ဦးစီရှိကြ၏၊ (၅×၄=၂၀)ဦး အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတ အနာဂါမ်မရှိနိုင်၍ ၄—ဦးသာ ရှိ၏၊ (၂၀+၄—၂၄) ဦး၊ အနာဂါမ်ပုဂ္ဂိုလ်ပေါင်း ၂၄—ဦးရှိရာတွင် တဖန် အသင်္ခါရ ပရိနိဗ္ဗာယီ၊ သသင်္ခါရ ပရိနိဗ္ဗာယီ ၂—ဦးဖြင့် ပွားပြန်လျှင် အနာဂါမ် ပုဂ္ဂိုလ်ပေါင်း "၄၈" ဦးဖြစ်၏။

(၄) ရဟန္တာပုဂ္ဂိုလ် ၁၂—ဦး ရေတွက်ပြပုံ။
(က) သုညတ ဝိမောက္ခဖြင့် ကိလေသာမှ လွတ်သော ရဟန္တာ။
(ခ) အနိမိတ္တ ဝိမောက္ခဖြင့် ကိလေသာမှ လွတ်သော ရဟန္တာ။
(ဂ) အပ္ပဏိဟိတ ဝိမောက္ခဖြင့် ကိလေသာမှ လွတ်သော ရဟန္တာ။

ဤ ရဟန္တာ သုံးဦးကို ပဋိပဒါ ၄—မျိုးဖြင့်ပွားလျှင် ရဟန္တာပုဂ္ဂိုလ်ပေါင်း ၁၂—ဦး ဖြစ်၏။

| | |
|---|---|
| သောတာပန် ပုဂ္ဂိုလ်ပေါင်း | ၂၄—ဦး |
| သကဒါဂါမ် ပုဂ္ဂိုလ်ပေါင်း | ၁၂—ဦး |
| အနာဂါမ် ပုဂ္ဂိုလ်ပေါင်း | ၄၈—ဦး |
| ရဟန္တာ ပုဂ္ဂိုလ်ပေါင်း | ၁၂—ဦး |
| အရိယာ ပုဂ္ဂိုလ်ပေါင်း | ၉၆—ဦးဖြစ်၏။ |

အရိယာပုဂ္ဂိုလ် ၁၀၈—ဦးကို ရေတွက်ပြပုံ။ ။ခုဒ္ဒက—ပါ—၅၊ ဋ္ဌ—၁၅၂။ ။ သုတ္တ—ပါ—၃၁၃၊ ဋ္ဌ—ပ—အုပ်—၂၈၂။ ။သောတာပန် သုံးမျိုးကို ပဋိပဒါ ၄—မျိုးဖြင့် ပွားသော် ၁၂—ဦး၊ သကဒါဂါမ် ၁၂—ဦး၊ အနာဂါမ် ၂၄—ဦး၊ သုက္ခဝိပဿကရဟန္တာ၊သမထယာနိကရဟန္တာ၊ ၂—ဦး၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄—ဦး၊ အားလုံး ပေါင်း ၅၄—ဦးဖြစ်၏၊ ထို ၅၄—ဦးကို သဒ္ဓါခုံ ပညာခုံ ၂—ပါးဖြင့် ပွားလျှင် တနည်း အရိယာပုဂ္ဂိုလ်ပေါင်း ၁၀၈—ဦးဖြစ်၏၊

**အရိယာ ၄–မျိုး။** ။ဇာတက–ဌ–ဒု–အုပ်–၃၈–၂၅၆၊ ဤ၌ အကျယ်ပြထား၏။

(၁) အာစာရအရိယာ····မြတ်သော အကျင့်ကို ကျင့်သော လူ ရှင် ရဟန်းတိရစ္ဆာန်၊ မဟာဟံသ ဇာတက–ပါ–ပ–အုပ်–၉၂၊ ဋ္ဌ–မ–အုပ်–၃၈၆။

(၂) ဒဿနအရိယာ····ဣရိယာပုထ်လေးပါး၌ ကြည်ညိုဘွယ် ရှိသော လူ ရှင် ရဟန်း တိရစ္ဆာန်၊ သမ္ဗုလဇာတက–ပါ–ပ–အုပ်–၁၆၊ ဋ္ဌ–မ–အုပ်–၁၇၅။

(၃) လိင်္ဂအရိယာ····ရဟန်းတော်များနှင့် ဝတ်ရုံ ပုံချင်း အသွင် အပြင်တူသော ပုဂ္ဂိုလ်၊ သုတ္တ–ပါ–၂၉၄၊ ဋ္ဌ–ပ–အုပ်–၁၄၇။

(၄) ပဋိဝေဓ အရိယာ····မဂ်ဖိုလ်ကို ထိုးထွင်း၍ သိသော ဘုရားစသော အရိယာပုဂ္ဂိုလ် ရှစ်ယောက်။

**အရိယာ သာဝကတို့ ကြီးပွားကြောင်း။** ။၅–ပါး၊ဝုဍ္ဎိသုတ်၊ သဠာ–သံ–ပါ–၄၄၆၊ (သဒ္ဓါ သီလ သုတ စာဂ ပညာ)။ ။၁၀–မျိုး၊ ဝဍ္ဎိသုတ်၊ အံ–၁၀–ပါ–၃၆၅၊ ဋ္ဌ–၃၂၃၊ အထက်ပါ ၅–ပါးနှင့် ခေတ္တဝတ္ထု၊ ဓနဓည၊ ပုတ္တဒါရ၊ ဒါသကမ္မကရပေါရိသ၊ စတုပ္ပဒ၊ ပေါင်း ၁၀–ပါး။

**အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားပြစ်။** ။အရိယာ ပုဂ္ဂိုလ်တို့အား ပြစ်မှားခြင်းကြောင့် ရအပ်သော အပြစ်များကို အပြည့်အစုံ ဟောထားသော "ကောကာလိကသုတ်" သုတ္တ–ပါ–၃၈၁၊ ဋ္ဌ–ဒု–အုပ်–၁၉၇။ ။အက္ကောသသုတ်၊ အံ–၁၀–ပါ–၃၉၃၊ ဋ္ဌ–၃၂၆။ ။ဗျသနသုတ်–အံ–၁၁–ပါ–၅၂၁။ ။ ဝိ–၅–ပါ–၂၄၉၊ ဋ္ဌ–၁၈၄၊ အပြစ် ၁၁–ပါး။

(၁) မရသေးသော တရားကို မရနိုင်ခြင်း။
(၂) ရပြီးသော တရားများ ဆုတ်ယုတ်ခြင်း။
(၃) သူတော်ကောင်း တရားကို မဖြူစင်စေနိုင်ခြင်း။
(၄) သူတော်ကောင်းတရား၌ လွန်ကဲသော မာနရှိခြင်း။
(၅) မပျော်မွေ့ဘဲ ဗြဟ္မစရိယကို ကျင့်နေရခြင်း။
(၆) ညစ်နွမ်းသော အာပတ်များ သင့်ရောက်တတ်ခြင်း။
(၇) လူထွက်တတ်ခြင်း။

(၈) ပြင်းထန်သောရာဂများ ကပ်ရောက်တတ်ခြင်း။

(၉) ရူးသွပ်ခြင်း, စိတ်ပျံ့လွင့်ခြင်းသို့ ရောက်တတ်ခြင်း။

(၁၀) တွေတွေဝေဝေ သေရခြင်း။

(၁၁) အပါယ်လေးပါးသို့ ကျရောက်တတ်ခြင်း။

အရိယာဓမ္မကို ကဲ့ရဲ့လျှင် ရောရုဝရဲ့သို့ ကျရောက်တတ်ကြောင်း နတ်သမီးက လျှောက်ထားသော ဂါထာ၊ ပဌမ ပစ္စုန္နမိတုသုတ်၊ သဂါထာ—သံ—ပါ—၂၇၊ ဋ္ဌ—၇၉။ ။အပြစ်ပြ ဂါထာများ၊ နေတ္တိ—ပါ—၁၁၁၊ ဋ္ဌ—၁၇၃—၂၂၉။ ။ ဝိ—၁—ပါ—၆၊ ဋ္ဌ—ပ—အုပ်—၁၃၃—၁၃၅။ ။မဟာသာဝဏ္ဍော ဟိ အရိယူပ ဝါဒေါ အာနန္တရိယသဒိသော။ ။မဟာနိ—ပါ—၂၇၆၊ ဋ္ဌ—၃၃၃။ ။ သုနေတ္တသုတ်၊ အံ—၇—ပါ—၅၀၁။ ။သောရေယျ မထေရ်ဝတ္ထု၊ ဓမ္မ—ဋ္ဌ—ပ—အုပ်—၂၀၇။ ။ဇမ္ဗုကဝတ္ထု၊ ဋ္ဌ—၃၁၃၊ ကြောက်လန့်စရာကောင်းလှ၏။ ။ မပြစ်မှားသင့်သူကို ပြစ်မှားခြင်းကြောင့် ကျရောက်တတ်သော အပြစ်များကို ဒဏ် ၁၀—ပါးခဏ်း၌လည်း ပြထား၏။

**အရိယူပဝါဒကံ၌ အပြစ်ရောက်တတ်ပုံ ပြေပျောက်စေပုံ။** ။စရိယာ—ပါ—၄၀၄၊ ဋ္ဌ—၁၅၆။ ။ပဋိသံ—ပါ—၁၁၁၊ ဋ္ဌ—ပ—အုပ်—၃၃၇။ ။ဝိသုဒ္ဓိ—ဒု—အုပ်—၅၅၊ ဤ၌စုံလင်စွာ ပြထား၏။ ။မဟာနိ—ဋ္ဌ—၃၃၃။

**အရုက္ခုပမစိတ္တနိဒ္ဒေသ။** ။အဘိ—၄—ပါ—၁၃၃၊ ဋ္ဌ—၆၁။ ။အံ—၃—ပါ—၁၂၁၊ ဋ္ဌ—၉၁၊ ဝဇီရူပမသုတ်၊ (အနာဟောင်းနှင့်တူသော ပုဂ္ဂိုလ်) အနာ ဟောင်းကို ထိခိုက်မိလျှင် ပြည်, သွေးပုပ် အရည်များ ယိုစီးသကဲ့သို့ ပကတိ ကပင် ကောဓ ဥပနာဟ အားကြီးသူမှာ သူတပါးက ပြောဆိုလာလျှင် ပို၍ပင် ကောဓ ဥပနာဟကြီးလာတတ်သောကြောင့် ထိုသူကို အနာဟောင်း နှင့် တူသူဟု ဟောထား၏။

**အရဏဝိဘင်္ဂသုတ်။** ။သဂါထာ—သံ—ပါ—၁၅၇၊ ဋ္ဌ—၂၀၃။ ။အံ—၃—ပါ—၂၂၀၊ ဋ္ဌ—၂၀၆၊ သုဘူတိမထေရ်မြတ်သည် သိခီဘုရားရှင်နှင့်အတူ ဗြဟ္မာပြည် သို့ ကြွသွား၍ အာရဗ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ စသော ၂—ဂါထာ ဖြင့် တိုက်တွန်း တရားဟောတော်မူပုံ၊ တရားအားထုတ်သူတို့ ကျက်မှတ် ထားစရာ အလွန်ကောင်းလှ၏။

**အရပ်ဒေသမရွေး နေနိုင်သောအင်္ဂါများ။** ။သန္တုဋ္ဌိ ခဏ်း၌ ရှိ၏။

အရုပ်မျက်နှာ ၆—ခုကို မိဘစသည်တို့ဖြင့် ပိုင်းခြားပြပုံ ဂါထာ။ ။ဆဒိသာဒိဝဏ္ဏနာ၊ ဒီဃ—၃—ပါ—၁၄၆၊ ဋ္ဌ—၁၂၆။ ။ပါ—၁၅၃—၁၅၆—ဌ် ဂါထာ၊ ဋ္ဌ—၁၃၅။ ။မဟာနိ—ဋ္ဌ—၃၉၄။ ။သေတကေတုဇာတက—ပါ—ပ—အုပ်—၁၃၇၊ ဋ္ဌ—တ—အုပ်—၂၁၉—၂၂၀။ ။ဇာတက—ဋ္ဌ—ပ—အုပ်—၄၂၅။

မာတာပိတာ ဒိသာ ပုဗ္ဗာ၊ အာစရိယာ ဒက္ခိဏာဒိသာ။
ပုတ္တဒါရာ ဒိသာ ပစ္ဆာ၊ မိတ္တာမစ္စာစ ဥတ္တရာ။ ။
ဒါသကမ္မကရာ ဟေဋ္ဌာ၊ ဥဒ္ဓံ သမဏဗြာဟ္မဏာ။
ဧတာဒိသာ နမဿေယျ၊ အလမတ္တော ကုလေဂိဟီတိ။ ။

အရွယ်သုံးပါး၊ ဆယ်ပါး ပိုင်းခြားပြပုံ။ ။(လူတို့၏ အသက်အရွယ်)။ ဝိသုဒ္ဓိ—ဒု—အုပ်—၂၅၄။ ။ဇာတက—ပါ—ပ—အုပ်—၃၁၃၊ ဋ္ဌ—စ—အုပ်—၃၉၇။ ။ဂ—ပိုင်း ပိုင်းပြပုံ၊ ဒီဃ—၁—ဋ္ဌ—၁၄၇၊ ပါ—၅၀။

အသက်တရာတမ်းတွင် ပဌမ ၃၃—နှစ်သည် ပဌမအရွယ်မည်၏။

အသက်တရာတမ်းတွင် ဒုတိယ ၃၄—နှစ်သည် မဇ္ဈိမ အရွယ်မည်၏၊

အသက်တရာတမ်းတွင် တတိယ ၃၃—နှစ်သည် ပစ္ဆိမ အရွယ်မည်၏။

ပဌမ ၁၀—နှစ်သည် နုနယ်လှသောကြောင့် မန္ဒဒသက အရွယ်မည်၏။

ဒုတိယ ၁၀—နှစ်သည် ကစားမြူးထူးများသောကြောင့် ခိဍ္ဍာဒသက အရွယ်မည်၏၊ (၁၀—နှစ်မှ ၂၀—ထိ)

တတိယ ၁၀—နှစ်သည် ရုပ်အဆင်းအင်္ဂါ လှပလာသောကြောင့် ဝဏ္ဏဒသက အရွယ်မည်၏၊ (၂၀—နှစ်မှ ၃၀—ထိ)။

စတုတ္ထ ၁၀—နှစ်သည် ခွန်အားဗလ ကောင်းလှာသောကြောင့် ဗလဒသက အရွယ်မည်၏၊ (၃၀—နှစ်မှ ၄၀—ထိ)။

ပဉ္စမ ၁၀—နှစ်သည် ဉာဏ်ပညာ ပွင့်လင်းလာသောကြောင့် ပညာဒသက အရွယ်မည်၏၊ (၄၀—နှစ်မှ ၅၀—ထိ)။

ဆဋ္ဌ ၁၀—နှစ်သည် ခိဍ္ဍာ—ရတိ—ဝဏ္ဏ—ဗလ—ပညာတို့ဆုတ်ယုတ်လာသောကြောင့် ဟာနိဒသက အရွယ်မည်၏၊ (၅၀—နှစ်မှ ၆၀—ထိ)။

သတ္တမ ၁၀—နှစ်သည် ရှေ့သို့ကုန်းလာသောကြောင့် ပဗ္ဘာရဒသက အရှယ်မည်၏၊ (၆၀–နှစ်မှ ၇၀—ထိ)။

အဋ္ဌမ ၁၀—နှစ်သည် ထွန်တုံးဖျားကဲ့သို့ ကောက်ကွေး လာသောကြောင့် ဝင်္ကဒသကအရှယ်မည်၏၊ (၇၀—နှစ်မှ ၈၀—ထိ)။

နဝမ ၁၀—နှစ်သည် တွေဝေမေ့လျော့သောကြောင့် မောမူဟဒသက အရှယ်မည်၏၊ (၈၀—နှစ်မှ ၉၀—ထိ)။

ဒသမ ၁၀—နှစ်သည် အိပ်ရာ၌ အအိပ်များသောကြောင့် သယနဒသကအရှယ်မည်၏၊ (၉၀—နှစ်မှ ၁၀၀—ထိ)။

**အရိပ်နေလျှင် အခက်မချိုးရကြောင်း ဂါထာ။** ။ဇာတက—ပါ—ပ—အုပ်—၂၉၉၊ ဋ္ဌ—စ—အုပ်—၃၅၂။ ။ပါ—ဒု—အုပ်—၅၀၊ ဋ္ဌ—မ—အုပ်—၂၅၃။ ။ပါ—ဒု—အုပ်—၁၄၉၊ ဋ္ဌ—ဆ—အုပ်—၁၆၈၊ ။ပါ—၃၀၀၊ ဋ္ဌ—သ—အုပ်—၂၁၀။ ။ဝိမာန—ပါ—၁၅၄၊ ဋ္ဌ—၁၀၇။ ။စရိယာ—ဋ္ဌ—၂၁၀။ ။ပေတ—ပါ—၁၅၄၊ ဋ္ဌ—၁၀၇။

**အရောင်လေးမျိုးတွင် ပညာရောင်သာ အမြတ်ဆုံးဖြစ်ကြောင်း။** ။(လရောင် နေရောင်၊ မီးရောင်၊ ပညာရောင်) အဘိ—၁—ဋ္ဌ—၁၈၂၊ ပါ—၂၀။ ။ပဋိသံ—ပါ—၁၁၄၊ ဋ္ဌ—ပ—အုပ်—၃၄၃။ ။အာဘာသုတ်၊ ပဘာသုတ်၊ အာလောကသုတ်၊ အံ—၄—ပါ—၄၅၆၊ ဋ္ဌ—၃၃၉။ ။ဩဘာသုတ်၊ ပဇ္ဇောတသုတ်၊ ပါ—၄၅၇။ ။ပညာရောင်ခကျး၌လည်း ရှိ၏။ ။(လ—နေ—မီး—ဘုရားရှင်ဖြစ်ထွန်းသောအရောင်) ဤ ၄—မျိုးတွင် နောက်ဆုံး အရောင်သာ အမြတ်ဆုံးဖြစ်ကြောင်း ဟောသော ပဇ္ဇောတသုတ်၊ သဂါထာ—သံ—ပါ—၁၄၊ ဋ္ဌ—၅၀။ ။ဗုဒ္ဓ—ဋ္ဌ—၁၀။

**အရိုးဆေးပွဲဟူ၍ ရှေးကရှိခဲ့ဘူးပုံ။** ။အလောင်းကောင်ကို မြေမြှုပ်ခြင်း၊ မီးရှို့ခြင်းမပြုဘဲ ဂူသွင်းထားပြီး အရိုးချည်းကျန်သောအခါတွင် ထုတ်ယူ၍ အရိုးဆေးပွဲကျင်းပကြသည်။ ။မဟာနိ—ပါ—၂၀၅၊ ဋ္ဌ—၃၄၅။ ။ဒီဃ—၁—ပါ—၆၊ ဋ္ဌ—၈၂။ ။ခေါ်နသုတ်—အံ—၁၀—ပါ—၄၃၁၊ ဋ္ဌ—၃၃၅။

**အရိုးဆက်ပုံအထူး။** ။(ဘုရားရှင်တို့မှာ သံကွင်းဆက် ပစ္စေကဗုဒ္ဓါတို့မှာ ချိပ်ဆက် ကျွန်ပုဂ္ဂိုလ်တို့မှာ တွေ့ဆက် ဆက်ကြကြောင်း) ဒီဃ—၂—ဋ္ဌ—၁၅၄၊ ပါ—၁၀၁။ ။ပဏ္ဏ—၁—ပါ—၄၁၃၊ ဋ္ဌ—ဒု—အုပ်—၃၁၀။

အရိုးတောင်လိုပုံခဲ့ပြီဖြစ်ကြောင်း၊ (အရိုးများကို စုထားနိုင်လျှင် တောင်ပမာဏ မျှမက ရှိခဲ့ပြီဖြစ်ကြောင်း) ဟောသော အဋ္ဌိပုဉ္ဇသုတ်၊ ဣတိ—ပါ—၂၀၆၊ ဋ္ဌ—၇၈၊ ဂါထာများ ပါ၏။ ။ထေရီ—ဋ္ဌ—၂၉၄။ ။ပုဂ္ဂလသုတ်၊ နိဒါန—သံ—ပါ—၃၉၃၊ ဋ္ဌ—၁၄၇။

အလျှုခံထိုက်သော အင်္ဂါများ။ ။၁၀—ပါး၊ ပဏ်—၂—ပါ—၁၁၀၊ ဋ္ဌ—၁၁၄၊ အသေက္ခဖြစ်သော မဂ္ဂင် ၈—ပါး၊ သမ္မာဉာဏ၊သမ္မာဝိမုတ္တိ ပေါင်း ၁၀ ပါး။ ။ ၄—ပါး၊ ဇဝသုတ်၊ အံ—၄—ပါ—၄၂၈၊ ဋ္ဌ—၃၂၉။

(၁) အဇ္ဇဝ—စိတ်ထားဖြောင့်မတ်ခြင်း။
(၂) ဇဝန—နိဗ္ဗာန်သို့ လျင်စွာသွားလိုခြင်း။
(၃) ခန္တိ—သည်းခံခြင်း။
(၄) သောရစ္စ—စင်ကြယ်သော သီလရှိခြင်း။

တနည်း၊ ၄—ပါး၊ နာဂသုတ်၊ အံ—၄—ပါ—၄၃၂၊ ဋ္ဌ—၃၂၉။

(၁) သောတ—တရားတော်ကို ရိုသေစွာနာယူခြင်း။
(၂) ဟန္တ—ဝိတက်ဆိုး သုံးပါးကိုပယ်ခြင်း။
(၃) ခန္တ—ကာယိက စေတသိကဒုက္ခများကို သည်းခံနိုင်ခြင်း။
(၄) ဂန္တာ—နိဗ္ဗာန်သို့ လျင်စွာရောက်လိုခြင်း။

အာဇာနီယသုတ်၊ အံ—၄—ပါ—၅၇၂၊ ဋ္ဌ—၃၉၇ (ပ—ဒု)။ ။ဒု—သုတ်—ပါ—၅၇၃။ ။အာသဝသုတ်—အံ—၆—ပါ—၃၄၀၊ ဋ္ဌ—၁၂၇။ ။ဓမ္မညူသုတ်—အံ—၇—ပါ—၄၈၃၊ ဋ္ဌ—၁၈၄။ ။ယောဓာဇီဝသုတ်၊ အံ—၃—ပါ—၂၈၇၊ ဋ္ဌ—၂၄၁။ ။အံ—၄—ပါ—၅၂၂၊ ဋ္ဌ—၃၇၁။ ။အံ—၄—ပါ—၄၉၀၊ ဋ္ဌ—၃၅၈။ ။ သီလသုတ်—အံ—၅—ပါ—၁၁၈၊ ဋ္ဌ—၄၄၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန အင်္ဂါ ၅—ပါး။ ။အာရုံ ၅—ပါးကို သည်းခံနိုင်မှုသာ အလျှုခံထိုက်ကြောင်းဟောသော အက္ခမသုတ်၊ အံ—၅—ပါ—၁၄၂၊ ဋ္ဌ—၅၀။ ။ သောတသုတ်—အံ—၅—ပါ—၁၄၂—၁၄၄၊ ဋ္ဌ—၅၀၊ သောတာ၊ ဟန္တာ၊ရက္ခိတာ၊ ခန္တာ၊ ဂန္တာ၊ အင်္ဂါ ၅—ပါး။ ။အဿာဇာနီယသုတ်—အံ—၅—ပါ—၂၁၇၊ ဋ္ဌ—၇၆၊ အဇ္ဇဝ၊ မဒ္ဒဝ၊ ကျန်နည်းတူ။ ။အာဟုနေယျဝဂ္ဂ—အံ—၆—ပါ—၂၄၇၊ ဋ္ဌ—၈၇။ ။အာသဝသုတ်၊ အံ—၆—ပါ—၃၄၀၊ ဋ္ဌ—၁၂၇။ ။ပုဂ္ဂလ သုတ်၊ အံ—၇—ပါ—၄၀၃၊ ဋ္ဌ—၁၄၆။ ။အနိစ္စာနုပဿီသုတ်၊ အံ—၇—ပါ—၄၀၅၊ ဋ္ဌ—၁၄၈။ ။နိဗ္ဗာနသုတ်၊ ပါ—၃၀၆။ ။အာဟုနေယျဝဂ္ဂ—ပါ—

၅၁၀။ ။အဿာဇာနိယသုတ်၊ အံ—၈—ပါ—၃၂၊ ဋ္ဌ—၂၁၅။ ။အာဟုနေယျသုတ်၊ (ပ—ဒု) ပါ—၁၁၄—၁၁၅။ ။ပုဂ္ဂလသုတ်—ပါ—၁၁၅၊ ဋ္ဌ—၂၄၀၊ (ပ—ဒု) ဂါထာများ ပါ၏။ ။အာဟုနေယျသုတ်၊ အံ—၁၀—ပါ—၂၇၄၊ ဋ္ဌ—၂၉၀။

**အလှူပေး အလှူခံ အင်္ဂါများ။** ။အံ—၆—ပါ—၂၉၅၊ ဋ္ဌ—၁၁၇၊ ဆဠင်္ဂဒါနသုတ်၊ အင်္ဂါသုံးပါးစီ။ ။ဒါနသုတ်၊ နံပါတ် နည်းတူ။ ။နှစ်ဦးစုံ စင်ကြယ်စေရန် ဟောသော ဒက္ခိဏာသုတ်၊ အံ—၄—ပါ—၃၉၂၊ ဋ္ဌ—၃၂၀။ ။ဒက္ခိဏာဝိဘင်္ဂသုတ်၊ ပဏ်—၃—ပါ—၂၉၅၊ ဋ္ဌ—၂၁၉၊ နှစ်ဦးစုံစင်ကြယ်စေရန် ဟောထား၏၊ ပါ—၂၃၉၊ ဋ္ဌ—၂၂၆။ ။သံဃိက အလှူခံ ၇—ဦး, ပုဂ္ဂလိက အလှူခံ ၁၄—ဦးကိုလည်း ရေတွက်ပြထား၏။ ။ဒီဃ—၃—ပါ—၁၉၃၊ ဋ္ဌ—၂၀၇၊ လေးချက်လှည့်ပြထား၏။

**အလှူခံ ပုဂ္ဂိုလ်ကောင်းများကို ပြဆိုခဏ်း။** ။ဒါနပြုရာ၌ ကြီးကျယ်သော ကောင်းကျိုးကို ပေးနိုင်သော အလှူခံပုဂ္ဂိုလ်များကို ဟောသော ဝစ္ဆသုတ်၊ အံ—၃—ပါ—၁၆၁၊ ဋ္ဌ—၁၄၂။ ။အလှူခံအစစ်များကို ဟောသော မာဃသုတ်၊ သုတ္တ—ပါ—၃၅၀၊ ဋ္ဌ—ဒု—အုပ်—၁၃၉၊ အကျယ်ဟောထား၏။ ။သုန္ဒရိက ဘာရဒွါဇသုတ်၊ ပါ—၃၄၅၊ ဋ္ဌ—၁၂၇၊ အလှူခံ ပုဂ္ဂိုလ်မှန်မြတ်က အနည်းသော ကောင်းမှုပင် ဖြစ်စေကာမူ ကြီးကျယ်စွာသော အကျိုးကို ပေးတတ်ကြောင်း ဂါထာများ၊ အပ—ပါ—ဒု—အုပ်—၆၈—၈၇။ ။အံ—၂—ပါ—၆၄၊ ဋ္ဌ—၂၉၊ (သေက္ခ အသေက္ခ) သီလဝန္တပုထုဇဉ်ကို သေက္ခ၌ သွင်းယူရကြောင်း၊ ဧတ္တစ သီလဝန္တ ပုထုဇ္ဇနော ပိ သောတာပန္နေနေဝ သင်္ဂဟိတော။ ။အဆင့်ဆင့် မြတ်သော အလှူခံများကို ဟောသော ဝေလာမသုတ်၊ အံ—၉—ပါ—၁၉၅၊ ဋ္ဌ—၂၆၇။ ။အလှူခံ၏ စင်ကြယ်ကြောင်းကို ပြသော ဒက္ခိဏာဝိသုဒ္ဓိဒီပတုက္ကဝဏ္ဏနာ၊ ဒီဃ—၃—ပါ—၁၉၃၊ ဋ္ဌ—၂၀၇။ ။အကျိုးပေး ကြီးကျယ်သော မကြီးကျယ်သော အလှူခံများကို ဟောသော ခေတ္တသုတ်၊ အံ—၈—ပါ—၆၉၊ ဋ္ဌ—၂၉၉။ ။ပေါတ္ထကသုတ် အံ—၃—ပါ—၂၄၉၊ ဋ္ဌ—၂၂၄။ ။သတိပဋ္ဌာန်ဖြင့် မိမိစိတ်ကို ဆုံးမမှုသာလျှင် အလှူခံထိုက်ကြောင်း ဟောသော ဒန္တဘူမိသုတ်၊ ပဏ်—၃—ပါ—၁၆၉၊ ဋ္ဌ—၁၄၀။

**အလှူခံခြင်း၊ စားသောက်ခြင်း၌ အတိုင်းအရှည်ကိုသိရန် ညွှန်ကြားချက်။** ။သဋ္ဌာ—သံ—ဋ္ဌ—၆၇။ ။ပဏ်—၁—ဋ္ဌ—ဒု—အုပ်—၁၆၆၊ ပါ—၂၈၃။ ။ဥဒါန—ဋ္ဌ—၂၀၇။ ။အံ—၁—ဋ္ဌ—၅၈၊ ပါ—၁၁။ ။ပါ—၃၆၊ ဋ္ဌ—၃၇၃။ ။

အံ—၄—ဋ္ဌ—၂၈၃၊ ပါ—၃၃၆။ ။အံ—၁၁—ဋ္ဌ—၃၅၅၊ ပါ—၅၄၈။ ။သုတ္တ ပါ—၃၂၉၊ ဋ္ဌ—ဒု—အုပ်—၇၅။ ။စူဠနိ—ဋ္ဌ—၁၁၄။ ။ဒီဃ—၃—ပါ—၁၈၈၊ ဋ္ဌ—၁၉၇။ ။မဟာနိ—ပါ—၃၉၇၊ ဋ္ဌ—၄၀၈။

(၁) လှူဘွယ်များ၏၊လှူသူက အနည်းငယ်သာ လှူလိုမှု အနည်းငယ်သာ ခံယူရမည်။

(၂) လှူဘွယ်များ၏၊ လှူသူကလည်း များစွာလှူလိုမှု မိမိနှင့်မျှတရုံသာ ခံယူရမည်။

(၃) လှူဘွယ်နည်း၏၊ လှူသူကလည်း အနည်းငယ်သာ လှူလိုမှု အနည်းငယ်သာ ခံယူရမည်။

(၄) လှူဘွယ်နည်း၏၊လှူသူက များစွာ လှူလိုမှု မိမိနှင့်မျှတရုံသာ ခံယူရမည်။

**အဝကုဇ္ဇပညနိဒ္ဒေသ။** ။အဘိ—၄—ပါ—၁၃၅၊ ဋ္ဌ—၆၃။ ။အဝကုဇ္ဇသုတ်၊ အံ—၃—ပါ—၁၂၈၊ ဋ္ဌ—၉၇၊ တရားနာရာနှင့် စပ်၍ အိုးမှောက်ထားသည်နှင့် တူသောပုဂ္ဂိုလ် တရားနာခဏ်း၌ ရှိ၏။

**အဝိဇဟိတဋ္ဌာန ၄—မျိုး။** ။(ဘုရားရှင်တိုင်း မစွန့်သော အရပ် လေးမျိုး) အစလစေတိယခဏ်း၌ ရေးခဲ့ပြီ။

**အဝိဇ္ဇာဝါရ ဝဏ္ဏနာ။** ။ပဏ်—၁—ပါ—၆၇၊ ဋ္ဌ—ပ—အုပ်—၂၂၈။ ။အဝိဇ္ဇာသုတ်၊ အံ—၁၀—ပါ—၃၄၆၊ ဋ္ဌ—၃၁၇၊ အဝိဇ္ဇာ၏ အဆက်ဆက် အကြောင်းရင်းများကို ဟောထား၏။ ။အဝိဇ္ဇာကြောင့် မိစ္ဆာမဂ္ဂင်၊ မိစ္ဆာဉာဏ၊ မိစ္ဆာဝိမုတ္တိ ဖြစ်ကြောင်း၊ အံ—၁၀—ပါ—၄၂၉၊ ဋ္ဌ—၃၃၄။ ။ဝိသုဒ္ဓိ—ဒု—အုပ်—၁၅၇—၁၆၁၊ ဝိဂ္ဂဟ၊ နေတ္တိ—ပါ—၇၊ ဋ္ဌ—၅၁။ ။မဟာနိ—ပါ—၄၃—၇၂၊ ဋ္ဌ—၁၅၀—၁၉၂။ ။စူဠနိ—ပါ—၂၅—၂၇၅၊ ဋ္ဌ—၂၊ နေတ္တိ—ပါ—၆၄၊ ဋ္ဌ—၁၃၀။ ။ပဋိသံ—ပါ—၂၆—၄၈၊ ဋ္ဌ—ပ—အုပ်—၁၀၉—၂၂၁။ ။အဘိ—၂—ပါ—၁၄၂၊ ဋ္ဌ—၁၂၇၊ ဝိဂ္ဂဟ။ ။အဝိဇ္ဇာပဒနိဒ္ဒေသ၊ ပါ—၁၄၂၊ ဋ္ဌ—၁၃၀။ ။(သစ္စာလေးပါး၊ (၅) ပုဗ္ဗန္တ၊ (၆) အပရန္တ၊ (၇) ပုဗ္ဗန္တာပရန္တ၊ (၈) ပဋိစ္စသမုပ္ပါဒ၊ ဤ ၈-ဌာန၌မသိမှုကိုသာ အဝိဇ္ဇာဟုခေါ်၏။ ။အဝိဇ္ဇာနီဝရဏသုတ်၊ ဣတိ—ပါ—၂၀၀၊ ဋ္ဌ—၅၃။ ။ပဋိသံ—ပါ—၁၀၉၊ ဋ္ဌ—ပ—အုပ်—၃၁၇။ ။အဘိ—၁—ပါ—၂၂၂၊ ဋ္ဌ—၄၀၃။

**အဝိဟာဘုံ၌ ဖြစ်လျှင်ဖြစ်ခြင်း ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ် ၇–ဦးဂါထာ။** ။ပဏ်–၁–ဋ္ဌ–ဒု–အုပ်–၉၆။ ။၃–ပါ–၂၉၀၊ ဋ္ဌ–၂၁၆။ ။ထေရီ–ဋ္ဌ–၂၃၀။ ။သဂါထာ–သံ–၅၉။

ဥပကော ပလဂဏ္ဍော စ၊ ပက္ကုသာတိစ ဘော ဘယော။
ဘဒ္ဒိယော ခဏ္ဍဒေဝေါ စ၊ ဗာဟုရဂ္ဂိစ သိင်္ဂိယော။
ဘော ဟိတွာ မာနုသံ ဒေဟံ၊ ဒိဗ္ဗယောဂံ ဥပစ္စဂုန္တိ။ ။

**အစိစိုင်ရေနှင့် စပ်၍ မှတ်သားဘွယ်များ။** ။အဝီစိငရဲဟူ၍ ခေါ်ပုံ၊ တည်ရှိပုံ၊ ပဏ်–၃–ပါ–၂၂၂၊ ဋ္ဌ–၁၆၇။ ။ဣတိ–ပါ–၂၅၃၊ ဋ္ဌ–၂၆၇။ ။၎င်း၌ ခံရသော ဒုက္ခကိုပြသော ဂါထာများ၊ မဟာနိ–ပါ–၃၁၇၊ ဋ္ဌ–၃၇၅။ ။စူဠနိ–ပါ–၂၃၇၊ ဂါထာများ ဤ၌စုံလင်၏။ ။ဇာတက–ပါ–ဒု–အုပ်–၆၀၊ ဋ္ဌ–မ–အုပ်–၂ဂဂ။ ။အဝီစိငရဲမီး ပူပြင်းလှပုံဂါထာ၊ ဓမ္မ–ဋ္ဌ–ပ–အုပ်–ဂ၁။ ။အံ–၃–ပါ–၁၃၀၊ ဋ္ဌ–၁၂၁၊ ဒေဝဒူတသုတ်။ ။ပေတ–ပါ–၁၃၅–၁၅၂၊ ဋ္ဌ–၄၉။

**အသညသတ်ဘုံနှင့်စပ်၍ မှတ်သားဘွယ်များ။** ။၎င်းဘုံတည်နေရာ၊ ပဏ်–၁–ပါ–၂၊ ဋ္ဌ–ပ–အုပ်–၃၇။ ။၎င်းဘုံသို့ရောက်ပုံ၊ အံ–၁၀–ဋ္ဌ–၃၀၃။ ။ပဋိသံ–ဋ္ဌ–ပ–အုပ်–၆၀။ ။နေတ္တိ–ဋ္ဌ–၁၃၃–၁၃၄။ ။ဒီဃ–၁–ပါ–၂၇၊ ဋ္ဌ–၁၀ဂ–၁၀၉။ ။၎င်းဘုံသို့ရောက်ရန် နည်းလမ်းများ၊ ဒီဃ–၃–ဋ္ဌ–၁၅၇။ ။အဘိ–၂–ပါ–၄၄၀၊ ဋ္ဌ–၅၀၄။ ။၎င်းဘုံမှာ သာသနာပရသေ့ ပရိဗိုဇ်တို့၏ တောင့်တရာ ဖြစ်ကြောင်း ဖွင့်ပြထားပုံ၊ ပဏ်–၁–ဋ္ဌ–ဒု–အုပ်–၂၃၄။ ။၎င်း အသညသတ် ဗြဟ္မာကို ပါဠိတွင် အဘိဘူ ဟု ဟောထားတော်မူ၏။

**အသညီဝါဒ ဝဏ္ဏနာ။** ။ဒီဃ–၁–ပါ–၂၉၊ ဋ္ဌ–၁၁၀။ ။အဘိ–၂–ပါ–၄၀၃၊ ဋ္ဌ–၄၉၃၊ နေဝသညီနာသညီဝါဒကိုလည်း ဟောထား၏။

**အသပ္ပုရိသနှင့်စပ်၍ မှတ်သားဘွယ်များ။** ။အသပ္ပုရိသဘူမိ၊ အံ–၂–ပါ–၆၃၊ ဋ္ဌ–၂၇၊ အကတညူ၊ အကတဝေဒီ။ ။၎င်းတို့ပြောဆိုပုံ ၄–မျိုး၊ အံ–၄–ပါ–၃ဂ၉၊ ဋ္ဌ–၃၁ဂ၊ (သူယုတ်မာတို့၏ ပြောဆိုပုံ ၄–မျိုး။)

(၁) မမေးဘဲ သူတပါးတို့၏ မကောင်းသတင်းကို ပြောဆိုခြင်း။

(၂) မေးသော်လည်း သူတပါးတို့၏ ကောင်းသတင်းကိုမူ မပြောဆိုခြင်း။

(၃) မိမိ၏ မကောင်းသတင်းကို မေးသော်လည်း မပြောဆိုခြင်း။
(၄) မိမိ၏ ကောင်းသတင်းကိုမူ မမေးသော်လည်း ပြောဆိုတတ်ခြင်း။

အသပ္ပုရိသတို့၏ ပြောဆို လုပ်ကိုင် ကြံစည် ဒါနပြုပုံ အမြင် အပြည့်အစုံ ဟောထားသော စူဠပုဏ္ဏမသုတ်၊ ပဏ်—၃—ပါ—၇၁၊ ဋ္ဌ—၅၃၊ အသဒ္ဓမ္မ သမန္နာဂတ၊ အသပ္ပုရိသ ဘတ္တိ၊ စိန္တိ၊ မန္တိ၊ ဝါစာ၊ ကမ္မန္တ၊ ဒိဋ္ဌိ၊ အသပ္ပုရိသ ဒါန ပေါင်း ၈—ချက်။ ။၎င်းတို့၏ စိတ်ထားပုံကို အကျယ်ပြဆိုခဏ်း၊ ပဏ်—၃—ပါ—၈၆၊ ဋ္ဌ—၆၇။ ။သပ္ပုရိသသုတ်တွင်လည်း တစိတ်တဒေသ ပါဝင်၏။ ။အသပ္ပုရိသတို့နှင့် ပေါင်းသင်းခြင်းကြောင့် ရအပ်သောအပြစ် များ၊ အံ—၁၀—ပါ—၃၄၆၊ ဋ္ဌ—၃၁၇။

**အသပ္ပုရိသဒါန ၅—မျိုး။** ။ပဏ်—၃—ပါ—၇၂၊ ဋ္ဌ—၅၄။ ။အံ—၅—ပါ— ၁၅၁၊ ဋ္ဌ—၅၃၊ အသပ္ပုရိသဒါနသုတ်။

(၁) အသက္ကစ္စ ဒါနံ ဒေတိ—လှူဘွယ်ဝတ္ထုမသန့်ရှင်းခြင်း၊ အလှူခံပုဂ္ဂိုလ်အား မရိုမသေ ပေးလှူခြင်း။

(၂) အသဟတ္ထာ ဒါနံ ဒေတိ—မိမိလက်ဖြင့် မပေးလှူဘဲ အခြားသူများအား ပေးလှူစေခြင်း။

(၃) အစိတ္တိကတွာ ဒါနံ ဒေတိ—လေးမြတ်မှုမရှိဘဲ ပေါ့ပေါ့ဆဆပေးလှူခြင်း။
(၄) အပဝိဋ္ဌံ ဒါနံ ဒေတိ (ဋ္ဌ—၌ အပဝိဒ္ဓံ—ဟု ရှိ၏) စွန့်ပစ်သလို သဘော ထား၍ ပေးလှူခြင်း။

(၅) အနာဂမ ဒိဋ္ဌိကော ဒါနံ ဒေတိ—ရလတ္တံ့သော ကောင်းကျိုးကို မယုံ ကြည်ဘဲ ပေးလှူခြင်း။

**အသပ္ပုရိသ၊ အသပ္ပုရိသတရ ပုဂ္ဂိုလ်ကို ခွဲပြခဏ်း။** ။သိက္ခာပဒသုတ်၊ အံ— ၄—ပါ—၅၃၉၊ ဋ္ဌ — ၃၀၉။ ။မဟာ — သံ—ပါ—၁၆၊ ဋ္ဌ—အသပ္ပုရိသသုတ် (ပ—ဒု)။ ။အဘိ—၄—ပါ—၁၄၃၊ ဋ္ဌ—၇၁။ ။အဿဒ္ဓသုတ်၊ အံ—၄— ပါ—၅၄၀၊ ဋ္ဌ—၃၀၉။ ။သတ္တကမ္မသုတ်၊ ပါ—၅၄၁။ ။ဒသကမ္မသုတ်၊ ပါ—၅၄၂။ ။အဋ္ဌင်္ဂိကသုတ်၊ ပါ—၅၄၃။ ။ဒသမဂ္ဂသုတ်၊ ပါ—၅၄၄။ ။ ဒုစရိုက်မှုကို ကိုယ်တိုင် ပြုသူသည် အသပ္ပုရိသ (သူယုတ်မာ) မည်၏၊ ကိုယ်တိုင်လည်း ပြု၊ သူတပါးကိုလည်း တိုက်တွန်းသူသည် အသပ္ပုရိသတရ (အလွန်ယုတ်မာသူ) မည်၏။

**အဿဒ္ဓမ္မတရား ၄–ပါး။** ။အဘိ–၁–ဋ္ဌ–၁၈၂။ ။ဒုတိယ ကောဓဂရုသုတ်၊ အံ–၄–ပါ–၃၅၆၊ ဋ္ဌ–၃၀၄၊ (ကောဓဂရုတာ၊ မက္ခဂရုတာ၊ လာဘဂရုတာ၊ သက္ကာရဂရုတာ)။

**အဿဒ္ဓမ္မတရား ၇–ပါး။** ။ဒီဃ–၃–ပါ–၂၀၈၊ ဋ္ဌ–၂၂၁။ ။ဝိ–၅–ပါ–၂၄၃၊ ဋ္ဌ–၁၇၉–၁၈၀။ ။အဿဒ္ဓမ္မသတ္တကနိဒ္ဒေသ၊ အဘိ–၂–ပါ–၃၉၇၊ ဋ္ဌ–၄၉၁။ ။အဿဒ္ဓမ္မသုတ်၊ အံ–၇–ပါ–၅၀၉။ ။(အဿဒ္ဓ၊ အဟိရိက၊ အနောတ္တပ္ပီ၊ အပ္ပဿုတ၊ ကုသိတ၊ မုဋ္ဌဿတိ၊ ဒုပ္ပည။)

**အဿာဒဒိဋ္ဌိနိဒ္ဒေသ။** ။ပဋိသံ – ပါ–၁၂၉–၁၃၄၊ ဋ္ဌ–ဒု–အုပ်–၄၁–၄၆၊ ဒုစရိုက် ၁၀ -ပါးကို လွန်ကျူးရာ၌ အပြစ်မရှိဟူ ယူမှားသူ။ ။အဘိ–၂–ပါ–၃၈၃၊ ဋ္ဌ–၄၈၁၊ ကာမဂုဏ်ခံစားမှု၌ အပြစ်မရှိဟု ယူမှားသူ။

**အသုဘ ၁၀–ပါး။** ။ပဋိသံ–ပါ–၄၈၊ ဋ္ဌ–ပ–အုပ်–၂၁၈။ ။၎င်းနှင့်စပ်၍ မှတ်သားဘွယ် အကျယ်၊ ဝိသုဒ္ဓိ–ပ–အုပ်··၁၇၃–၁၈၇။ ။အဘိ–၁–ပါ–၆၇၊ ဋ္ဌ–၂၄၂။ ။အသုဘကထာကို ဟောသော ဝေသာလီသုတ်၊ မဟာ–သံ–ပါ–၂၇၈၊ ဋ္ဌ–၂၉၆။ ။အသုဘသညာ စသည်ကို ပွားများ အားထုတ်ရကျိုး၊ သညာသုတ်၊ အံ–၇–ပါ–၄၃၂၊ ဋ္ဌ–၁၆၇။ ။(သံ–၌ များစွာရှိ၏)။ ။အသုဘာနုပဿီသုတ်၊ ဣတိ–ပါ–၂၅၁၊ ဋ္ဌ–၂၅၃၊ ရာဂ ဝိတက် အဝိဇ္ဇာကို ပယ်နိုင်ရန် အသုဘ, အာနာပါနဿတိ, အနိစ္စာနုပဿီကို အားထုတ်ရမည်ဟု ဟောထား၏။ ။အသုဘ ထင်မြင်စေရန် ဟောသော ဝိဇယသုတ်၊ သုတ္တ–ပါ–၃၀၇–၈၊ ဋ္ဌ–ပ–အုပ်–၂၃၇။ ။ဥဒါယီသုတ်၊ အံ–၆–ပါ–၂၈၅၊ ဋ္ဌ–၁၀၃။ ။ဝိသုဒ္ဓိ–ပ–အုပ်–၁၈၂–၌ ဤ အသုဘ ကမ္မဋ္ဌာန်းမှာ အလွန်အရခက်လှ၏ဟူ မိန့်ဆိုထား၏။

**အဿုတာဝါ ပုထုဇ္ဇနော ပုဒ်အဖွင့်။** ။ပဏ္ဏ–၁–ပါ–၁၊ ဋ္ဌ–ပ–အုပ်–၂၁။ ။အဿုတဝါသုတ်၊ နိဒါန–သံ–ပါ–၃၁၉၊ ဋ္ဌ–၉၀၊ (ရုပ်နာမ်၌ ဆင်ခြင်ရပုံ)။ ။စူဠနိ–ပါ–၁၈၆၊ ဋ္ဌ–၆၉။ ။အံ–၁–ပါ–၉၊ ဋ္ဌ–၄၆။

**အသူရာနတ်နှင့် စပ်၍ မှတ်သားဘွယ်များ။** ။အသူရာနတ် ဟူ၍ စခေါ်ပုံ၊ သဂါထာ–သံ–ဋ္ဌ–၃၀၉၊ (တာတာ န သုရံ ပိဝိမှ န သုရံ ပိဝိမှာတိ အာဟံသု၊ တတော ပဋ္ဌာယ အသုရာ နာမ ဇာတာ)။ ။၎င်းတို့၏နေရာကို ပြဆိုခဏ်း၊ ဥဒါန–ပါ–၁၃၉၊ ဋ္ဌ–၂၇၁။ ။တာဝတိံသာ နတ်တို့နှင့် စစ်တိုက်ခဏ်း၊ ဒေဝါသုရသင်္ဂါမသုတ်၊ အံ–၉–ပါ–၂၂၈၊ ဋ္ဌ–၂၈၁။ ။ဇာဘက–ဋ္ဌ–

ပ–အုပ်–၂၁၈၊ အသူရာနတ်ကြီး ဝေပစိတ္တိဟူသော နာမည်ရပုံ၊ သဂါထာ–သံ–ဋ္ဌ–၃၁၇၊ ပါ–၂၂၉။ ။သုတ္တ–ဋ္ဌ–ဒု–အုပ်–၂၀၄၊ ပါ–၃၇၅။ ။ ရှင်းပြည်တွင် အကြီးအမှူး သုံးဦးရှိကြောင်း၊ အံ–၈–ဋ္ဌ–၂၁၇၊ ဝေပစိတ္တိ၊ ရာဟု၊ ပဟာရာဒ။

**အသေက္ခသုတ်။** ။(ပ–ဒု) အံ–၁၀–ပါ–၄၃၆၊ ဋ္ဌ–၃၃၅။ ။အသေက္ခ မည်ပုံ ဟောသော သမတ္တသုတ်၊ မဟာ–သံ–ပါ–၁၅၂၊ ဋ္ဌ–၂၆၁။ ။ အသေက္ခဓမ္မဒသကဝဏ္ဏနာ၊ ဒီဃ–၃-ပါ–၂၂၅၊ ဋ္ဌ–၂၃၅။

**အသံတော် အင်္ဂါ ၈–ပါး။** ။(ဘုရားရှင်၏ အသံတော်)။ ။ပဏ်–၂–ပါ–၃၄၀၊ ဋ္ဌ–၂၇၀။ ။မဟာနိ–ပါ–၃၅၃၊ ဋ္ဌ–၃၈၇။ ။ဒီဃ–၂-ပါ–၁၇၁၊ ဋ္ဌ–၂၃၃။

(၁) ဝိဿဋ္ဌ–သန့်ရှင်းစင်ကြယ်ခြင်း။
(၂) ဝိညေယျ–သိလွယ်ခြင်း။
(၃) မဉ္ဇု–သာယာခြင်း။
(၄) သဝနီယ–နားချင်ဘွယ်ရှိခြင်း။
(၅) ဗိန္ဒု–တလုံးတစည်းထည်းရှိခြင်း။
(၆) အဝိသာရီ–ပရိသတ်အပြင်သို့ ပြန့်မထွက်ခြင်း။
(၇) ဂမ္ဘီရ–နက်နဲခြင်း။
(၈) နိန္နာဒိ–ပဲ့တင်ထပ်ခြင်း။

**အသားစားသူ ရှိ၍သာ သတ်ဖြတ်သူ ရှိရကား** ထို ပါဏာတိပါတ အပြစ်ကို စားသူလည်း အတူခံရမည်ဟု ရှေးကပင် အယူမှားခဲ့ကြပုံ။ ။ပဏ်–၂–ပါ–၃၂၊ ဋ္ဌ–၃၂။ ။စားသုံးသူ မဆိုင်ကြောင်း ဖြေဆိုထားသော ဗာလောဝါဒက ဇာတက–ပါ–ပ–အုပ်–၆၈၊ ဋ္ဌ–ဒု–အုပ်–၃၉၂။

**အသက်မွေးမှုနှင့် စပ်၍ ပုဂ္ဂိုလ် ၄–မျိုး။** ။ဥဋ္ဌာနဖလူပဇီဝိတာဒိ နိဒ္ဒေသ၊ အဘိ–၄–ပါ–၁၅၈၊ ဋ္ဌ–၇၇။ ။ဥဋ္ဌာနဖလသုတ်၊ အံ–၄-ပါ–၄၅၂၊ ဋ္ဌ–၃၃၇။

(၁) ဝီရိယအကျိုးကိုသာ ခံစားရ၍ ကောင်းမှု၏အကျိုးကို မခံစားရသူ။
(၂) ကောင်းမှု၏အကျိုးကိုသာခံစားရ၍ ဝီရိယမစိုက်ထုတ်ရသူ…ပရနိမ္မိတ ဝသဝတ္တိ နတ်ပြည်မှ အထက်ဖြဟ္မာအားလုံး။

(၃) ဝီရိယလည်း စိုက်ထုတ်ရ၍ ကောင်းမှု၏ အကျိုးကို ခံစားရသူ···· အောက်နတ်ပြည် ၅–ထပ်။

(၄) ဝီရိယအကျိုးလည်း မခံစားရ၊ ကောင်းမှု၏ အကျိုးကိုလည်း မခံစားရသူ····ငရဲဘုံ၌ ခံရသော သတ္တဝါများ။

**အဟိဝါတရောဂါ ဆိုးဝါးလှပုံ။** ။တကြိမ်တည်းဖြင့်ပင် လူပေါင်း ၂–သန်း ၄–သိန်း သေဆုံးကြ၏ဟု မိန့်ဆိုထားပုံ၊ မဟာ–သံ–ဋ္ဌ–၃၁၃၊ ပါ–၃၁၃။ ။ အံ–၁–ဋ္ဌ–၃၂၂၊ ထွက်ပြေးနိုင်လျှင် ကူးစက်မြန်သော ဤရောဂါမှ လွတ်ကင်းတတ်ကြောင်း။ ။ဝိ–၃–ပါ–၁၀၉၊ ဋ္ဌ–၂၇၅၊ (သာမာဝတီ မိဖုရားဝတ္ထုတိုင်း၌ ရှိ၏။)

**အဟေတုကဝါဒ နိဒ္ဒေသ။** ။အဘိ–၂–ပါ–၃၀၂၊ ဋ္ဌ–၄၇၉။ ။ပါ–၃၉၁၊ ဋ္ဌ–၄၀၅။ ။အဟေတု အပ္ပစ္စယဒိဋ္ဌိကို ဟောသော တိတ္ထာယတနသုတ်၊ အံ–၃–ပါ–၁၇၄–၁၇၅၊ ဋ္ဌ–၁၅၅–၁၅၇။

**အဟောသိ အစ္ဆရိယတ္တေ နိပါတော။** ။ဥဒါန–ဋ္ဌ–၁၀၀၊ ပါ–၁၁၁။ ။ ဝိမာန–ဋ္ဌ–၉၃၊ ပါ–၂၅။ ။ထေရ–ဋ္ဌ–ပ–အုပ်–၄၁၅၊ ပါ–၂၅၉။ ။ အပ–ပါ–ပ–အုပ်–၂၆၊ ဋ္ဌ–ပ–အုပ်–၂၅၄၊ ဝိမှယတ္တေ။ ။ဇာတက–ပါ–ဒု–အုပ်–၃၃၊ ဋ္ဌ–မ–အုပ်–၂၁၀၊ ပတ္တနတ္တေ။ ။အဘိ–၂–ပါ–၁၀၆၊ ဋ္ဌ–၁၀၁။

**အဟောဝတာတိ ဂရဟာယံ ပတ္တနာယံ ဒိဿတိ။** ။ပဏ္ဏ–၁–ပါ–၃၂၊ ဋ္ဌ–ပ–အုပ်–၁၄၉၊ ။ဒု–အုပ်–၂၃၂။ ။အံ–၆–ဋ္ဌ–၉၀၊ ပါ–၂၆၀။ ။ ဒီဃ–၁–ဋ္ဌ–၂၄၇၊ ပါ–၁၀၀။ ။၂–ဋ္ဌ–၃၀၀၊ ပါ–၂၄၅။

**အဟောနုနာတိ အနုဿရဏတ္တေ နိပါတဒွယံ။** ။ပဏ္ဏ–၂–ပါ–၂၂၁၊ ဋ္ဌ–၁၀၆။ ။ဒီဃ–၁–ဋ္ဌ–၃၀၅၊ ပါ–၁၆၉။

**အဟောင်းပြုပြင်သည်ကို ဘုရားရှင် ချီးမွမ်းတော်မူကြောင်း။** ။(ကျောင်းဟောင်း စရပ်ဟောင်းစသည်) ဝိ–၄–ပါ–၄၀၂။ ။ဝိ–၁–ဋ္ဌ–ပ–အုပ်–၉။ ။ဒီဃ–၁–ဋ္ဌ–၉–အညွန်း။ ။ခုဒ္ဒက–ဋ္ဌ–၀၀။

**အုံ့ဘွယ်သရဲကို ဖြစ်စေတတ်သော အရာ ၃–မျိုး။** ။(ကုဟနာဝတ္ထု ၃–ပါး) ပစ္စည်းလေးပါးစသည် ရလွယ်အောင် ထင်ပေါ်ကျော်ကြားအောင် ဟူသော ရည်ရွယ်ချက်ဖြင့် ပြုသော အံ့သြဘွယ် အမှုများ ဟူလို၊ ရဟန်းတို့၏ မာယာ

သာဒ္ဓေယျတည်း။ ။စူဠနိ–ပါ–၂၇၂၊ ဋ္ဌ–၁၂၅။ ။မဟာနိ–ပါ–၁၇၂–၃၆၇၊ ဋ္ဌ–၂၉၂၊ အကျယ်ဟောထား၏။ ။ဝိသုဒ္ဓိ–ပ–အုပ်–၂၃။ ။ အဘိ–၂–ပါ–၃၆၅၊ ဋ္ဌ–၄၆၀။ ။ဒီဃ–၁–ပါ–၈၊ ဋ္ဌ–၈၇။

(၁) ပစ္စယပဋိသေဝန ကုဟနဝတ္ထု–သင်္ကန်းစသောပစ္စည်းများကို များများရအောင် အဘိုးတန်ရလေအောင် လောဘနည်း ဟန်ဆောင်၍ အံ့ဘွယ်သရဲကို ဖြစ်စေပြီး များများရသောအခါ အဘိုးတန်ရသော အခါ အလှူခံခြင်း။

(၂) ဣရိယာပထ ကုဟနဝတ္ထု–သူ ရှင် ရဟန်းတို့ ချီးမွမ်းကြလေအောင် သွားခြင်း, ထိုင်ခြင်းစသော ဣရိယာပုထ်လေးပါးဥ္ပြုပြင်၍ အံ့ဘွယ်သရဲကို ဖြစ်စေခြင်း။

(၃) သာမန္တဇပ္ပန ကုဟနဝတ္ထု–ပစ္စည်းရလွယ်အောင် ထင်ပေါ်ကျော်ကြားအောင် မင်္ဂဖိုလ်ဥ္စမှိုသော စကားကိုပြောဆို၍ အံ့ဘွယ်သရဲကို ဖြစ်စေခြင်း၊ (ဝါ) အရိယာတို့၏ သင်္ကန်းဝတ်ပုံကား ဤသို့တည်း စသည်ဖြင့် ပြောဆို၍ ထိုပြောဆိုသည့်အတိုင်း တူညီအောင်ဝတ်ခြင်း စသည်ကို ပြု၍ အံ့ဘွယ်သရဲကို ဖြစ်စေခြင်းတည်း။

၎င်းအမှု ၃–မျိုးကို ပြုသော ရဟန်းတို့ ရအပ်သောအပြစ်ကို ပြသောဂါထာများ၊ ထေရ–ဋ္ဌ–ပ–အုပ်–၃၃၀။ ။ထိုသို့အံ့ဘွယ် မဖြစ်စေရဟုဟောသော နကုဟနသုတ်၊ ဣတိ–ပါ–၂၁၄၊ ဋ္ဌ–၁၀၂၊ (ပ–ဒု)

အိပ်ပုံအခြင်းအရာ ၄–မျိုး။ ။ပဏ္ဏ–၁–ပါ–၃၄၁၊ ဋ္ဌ–ဒု–အုပ်–၂၁၆။ ။ သဂါထာ–သံ–ဋ္ဌ–၇၄။ ။သဠာ–သံ–ပါ–၃၈၅၊ ဋ္ဌ–၇၀။ ။သေဿျာသုတ်၊ အံ–၄–ပါ–၅၆၆၊ ဋ္ဌ–၃၉၅။ ။ဥဒါန–ပါ–၁၈၂၊ ဋ္ဌ–၃၆၄။ ။ မဟာနိ–ပါ–၂၉၅၊ ဋ္ဌ–၃၅၈။ ။ဒီဃ–၂–ပါ–၁၁၃၊ ဋ္ဌ–၁၆၅။ ။ အဘိ–၂–ဋ္ဌ–၃၃၀၊ ပါ–၂၅၈။

(၁) ကာမဘောဂီသေယျ – ကာမဂုဏ် ခံစားသူတို့သည် လက်ဝဲဘက်သို့ စောင်း၍ အိပ်ကြကုန်၏။

(၂) ပေတသေယျ–ပြိတ္တာတို့သည် ပက်လက်အိပ်ကြကုန်၏။

(၃) သီဟသေယျ–ခြင်္သေ့တို့သည် လက်ယာဘက်သို့ စောင်း၍ လက်ခြေ ဦးခေါင်းတို့ကို မရွေ့ရှားစေဘဲ အိပ်ကြကုန်၏။

(၄) တထာဂတသေယျ—ဘုရားရှင် တို့သည် လက်ယာဘက်သို့ စောင်း၍ စေတုတ္ထဈာန် ဝင်စားပြီး ကျိန်းစက်တော်မူကြကုန်၏။

**အိပ်မက် မက်ခြင်း အကြောင်း ၄—ပါး။** ။အဘိ—၂—ဋ္ဌ—၃၇၉။ ။အံ—၅—ပါ—၂၀၉၊ ဋ္ဌ—၇၁။ ။မဟာနိ—ပါ—၂၉၇၊ ဋ္ဌ—၃၆၅။ ။ဝိ—၁—ဋ္ဌ—ဒု—အုပ်—၁၀၇—၁၀၈။

(၁) ဓာတုက္ခောဘ—သည်းခြေ စသည်တို့ ဘုန်လှုပ် ချောက်ချား ခြင်း ကြောင့်ရှင်း။

(၂) အနုဘူတပုဗ္ဗ—ရှေး၌ခံစားဘူးသော အာရုံ ဖြစ်သောကြောင့်ရှင်း။

(၃) ဒေဝတောပသံဟာရ····နတ်တို့၏ အာနုဘော်အစွမ်းဖြင့် ကောင်းကျိုး မကောင်းကျိုးကို သိစေလိုသောကြောင့်ရှင်း။

(၄) ပုဗ္ဗနိမိတ္တ—ကုသိုလ်ကံ အကုသိုလ်ကံအစွမ်းဖြင့် ကောင်းကျိုး မကောင်း ကျိုးကို ကြိုတင်သိရှိစေသော ပုဗ္ဗနိမိတ်ကြောင့်ရှင်း။

ဤ အကြောင်းလေးပါးတွင် တပါးပါးကြောင့် အိပ်မက် မက်ကြကုန်၏။

**အိပ်မက် မက်ပုံကို ရှင်းပြခဏ်း။** ။ဝိ—၁—ဋ္ဌ—ဒု—အုပ်—၁၀၈။ ။မိလိန္ဒ—ပါ—၂၀၇—၂၀၉၊ သုပိနပဉှအကျယ်။ ။အဘိ—၂—ဋ္ဌ—၃၉၀။ ။အိပ်မက် မက်သော ပုဂ္ဂိုလ်မှာ····ဝိပလ္လာသ ၁၂—ပါးကို မပယ်နိုင်သေးသော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်တို့သာတည်း၊ ၎င်း ၁၂—ပါးကို လုံးဝပယ်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့ကား····အိပ်မက် မမက်ကြတော့ပေ၊ အံ—၅—ဋ္ဌ—၇၂။

**အိပ်ရာကောင်း၌ အိပ်ခြင်းအပြစ်။** ။ကလိင်္ဂရသုတ်၊ နိဒါန—သံ—ပါ—၄၅၇—၄၅၈၊ ဋ္ဌ—၂၁၁၊ မင်းတို့မှာ ရန်သူတို့ နှိပ်စက်ခြင်းငှါ အခွင့်သာ၏၊ ရဟန်း တို့မှာ····မာရ်မင်း နှိပ်စက်ရန် အခွင့်သာ၏၊ မကောင်းသော အာရုံများ နှိပ်စက်၏ ဟူလို။ ။ဉတ္တမသေနာသနံ နာမ ပမာဒဋ္ဌာနံ စသည်၊ ဒီဃ—၁—ဋ္ဌ—၁၀၄။

**အိပ်စက်ရာ၌ မေ့လျော့စွာအိပ်ခြင်းအပြစ် ၅—ပါး။** ။(မမေ့မလျော့ အိပ်ခြင်း၏ အကျိုး ၅—ပါးကိုလည်း ဟောထား၏)။ ။ဝိ—၃—ပါ—၄၀၉—၄၁၀။ ။ဝိ—၅—ပါ—၃၅၇။

(၁) ဆင်းရဲစွာ အိပ်ရခြင်း။
(၂) ဆင်းရဲစွာ နိုးရခြင်း။
(၃) မကောင်းသော အိပ်မက်များကို မြင်မက်ခြင်း။
(၄) နတ်တို့ မစောင့်ရှောက်ခြင်း။
(၅) သုက်လွှတ်ခြင်း ။

အပြန်ကောင်းကျိုး ၅–ပါး၊ သတိတရား လက်ကိုင်ထား၍ ပညာအဆင်ခြင်ဖြင့် အိပ်လေ့ရှိသော ပုဂ္ဂိုလ်အား....

(၁) ချမ်းသာစွာ အိပ်ရခြင်း။
(၂) ချမ်းသာစွာ နိုးခြင်း။
(၃) မကောင်းသော အိပ်မက်များကို မမြင်မက်ခြင်း။
(၄) နတ်တို့ စောင့်ရှောက်ခြင်း။
(၅) သုက်မလွှတ်ခြင်း။

**အိမ်, ကျောင်း, ရွာ, မြို့, အသစ်တည်ရာနှင့် စပ်၍ မှတ်သားဘွယ်များ။** ။ အိမ်နေရာကို လူတို့မှတ်စကပင် နတ်များ အိမ်စောင့်ရောက်ကြကြောင်း။ ။ ဒီဃ–၂–ဌ–၁၃၀။ ။ဥ–ဌ–၁၅၃၊ ပါ–၁၇၅။ ။သဠာ–သံ–ပါ–၃၇၉၊ ဌ–၇၆၊ (အိမ်သစ်စသည် တက်စတွင် တရားနာခြင်း အလေ့မှာ ရှေးကပင် ရှိခဲ့ပုံ) ပဏ္ဏ–၂–ပါ–၁၆၊ ဌ–၁၂။ ။ဥဒါန–ပါ–၁၇၆၊ ဌ–၃၇၉၊ ပါဠိလိဂါမိယသုတ်။ ။လိုက်နာရန် နမူနာများ၊ ဒီဃ–၂–ပါ–၇၅၊ ဌ–၁၃၁။ ။ပါဠိလိဂါမဝတ္ထု၊ ဝိ–၃–ပါ–၃၂၁–၃၂၃၊ ဌ–၃၇၇။

**အိမ်လည် သွားတတ်သော ရဟန်းတို့ ရအပ်သော အပြစ် ၅–ပါး။** ။ဝိ–၅–ပါ–၂၃၅၊ ဌ–၁၇၀။ ။အံ–၅–ပါ–၂၂၆၊ ဌ–၇၂၊ ကုလူပကသုတ် (ပ-ဒု) ဓမ္မ–ဌ–ဒု–အုပ်–၂၂။ ။ဗိဋ္ဌာရသုတ်၊ နိဒါန–သံ–ပါ–၄၅၉၊ ဌ–၂၁၃။

(၁) အနာမန္တစာရ သိက္ခာပုဒ်အရ အာပတ်သင့်တတ်ခြင်း။
(၂) ရဟောနိသဇ္ဇ သိက္ခာပုဒ်အရ အာပတ်သင့်တတ်ခြင်း။
(၃) ရဟောပဋိစ္ဆန္န သိက္ခာပုဒ်အရ အာပတ်သင့်တတ်ခြင်း။
(၄) ဓမ္မဒေသနာ သိက္ခာပုဒ်အရ အာပတ်သင့်တတ်ခြင်း။
(၅) ကာဂုဏ်ကို အကြံအစည်များခြင်း။

တနည်း အလွန်အချိန်ကြာမြင့်အောင် အိမ်လည်တတ်သော ရဟန်းအား....

(၁) မာတုဂါမတို့ကို အမြဲမြင်တွေ့ရ၍ ရောနှောခြင်း၊ အကျွမ်းဝင်ခြင်း။
(၂) ရောနှောခြင်းကြောင့် ရာဂစိတ်ဝင်လာတတ်ခြင်း။
(၃) ထိုရာဂကြောင့် မပျော်မွေ့ဘဲ ဗြဟ္မစရိယကို ကျင့်နေရခြင်း။
(၄) ညစ်နွမ်းသော အာပတ်များ သင့်ရောက်တတ်ခြင်း။
(၅) လူထွက်တတ်ခြင်း။

**အိမ်နေသူတို့ မစိုးရိမ်ရန် ဟောသောတရား ၄–ပါး ဂါထာ။** ။အာဠဝက သုတ်၊ သဂါထာ–သံ–ပါ–၂၁၇၊ ဋ္ဌ–၃၀၄။ ။သုတ္တ–ပါ–၃၀၇၊• ဋ္ဌ–ပ–အုပ်–၂၂၉။ ။နေတ္တိ–ဋ္ဌ–၂၃၆။ ။ဃရာဝါသပဥှ၊ ဇာတကာ၌လည်း ရှိ၏။

ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သဝေ ပေစ္စ န သောစတိ။ ။

ဋ္ဌ–၌ ဒမ္မော ဟု ဒန္တဇ တတိယက္ခရာနှင့် ရှိ၏။

(၁) သစ္စ–မှန်ကန်သော စကားကိုသာ ပြောဆိုခြင်း။
(၂) ဓမ္မ (ဒမ္မ) ပညာနှင့်ပြည့်စုံခြင်း။
(၃) ဓိတိ–လုံ့လဝီရိယရှိခြင်း။
(၄) စာဂ–ပေးကမ်းလှူဒါန်းခြင်း၊ ဤ လေးပါးဟူလို။

**အောက်ပုဂ္ဂိုလ်တို့က အထက်ပုဂ္ဂိုလ်တို့၏ စိတ်ကိုမသိနိုင်ကြောင်း မိန့်ဆိုထားပုံ** ။ ။အဘိ–၁–ဋ္ဌ–၄၄၀၊ ပါ–၂၇၁။ ။အဘိ–၂–ဋ္ဌ–၃၅၆။ ။အံ–၃–ဋ္ဌ–၁၅၃။ ။ပဋ္ဌံ–ပါ–၁၀၉၊ ဋ္ဌ–ပ–အုပ်–၃၁၆။ ။ဒီဃ–၃–ပါ–ဂ၆၊ ဋ္ဌ–၇၁။ ။ဝိသုဒ္ဓိ–ဒု–အုပ်–၆၁၊ ပုထုဇဉ် တို့မှာ ပရစိတ္တ ဝိဇာနန အဘိညာဉ် ရသော်လည်း သောတာပန် ပုဂ္ဂိုလ်၏ စိတ်ကို မသိနိုင်ဟူလို၊ သောတာပန်ပုဂ္ဂိုလ်သည် သကဒါဂါမ် ပုဂ္ဂိုလ်၏စိတ်ကို မသိနိုင်၊ ကြွင်းနည်းတူ သိပါလေ။

**အောင်နိုင်ခြင်း ၄–မျိုး ဂါထာ။** ။ဓမ္မ–ဋ္ဌ–ဒု–အုပ်–၆၆–၂၁၂။ ။အံ–၁–ဋ္ဌ–၃၄၇။ ။ဇာတက–ပါ–ပ–အုပ်–၃၆၊ ဋ္ဌ–ဒု–အုပ်–၄။ ။ဝိမာန–ဋ္ဌ–၆၂။

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိက ဝါဒိနန္တိ။ ။

ဒေါသကြီးသူကို သည်းခံခြင်းဖြင့်၎င်း၊ မကောင်းသောသူကို ကောင်းသော အပြုအမူဖြင့်၎င်း၊ နှမြောဝန်တိုတတ်သူကို ပေးကမ်းခြင်းဖြင့်၎င်း၊ မုသား ပြောတတ်သူကို မှန်ကန်သောစကားဖြင့်၎င်း အောင်နိုင်ရာသတည်း။ ။ ၅–မျိုး၊ တစသာရဇာတက၊ ပါ–ပ–အုပ်–၁၃၁၊ ဋ္ဌ–တ–အုပ်–၁၉၀။ ။ ၃–မျိုး၊ တယောဓမ္မဇာတက၊ ပါ–၁၄၊ ဋ္ဌ–ပ–အုပ်–၂၉ဂ။ ။သည်းခံမှသာ အောင်နိုင်ရာဟု ဟောသော ဂါထာ၊ ထေရ–ပါ–၂ဂဂ၊ ဋ္ဌ–ဒု–အုပ်–၁၁၃။ ။၅–မျိုး မိလိန္ဒ၊ ပါ–၁၂၁။

အိုင်ကြီး (၇) အိုင် အကြောင်းကို ပြဆိုခဏ်း။ ။ပဏ်–၂–ဋ္ဌ–၂၅။ ။ ဥဒါန–ဋ္ဌ–၂၇၂။ ။ဝိသုဒ္ဓိ–ဒု–အုပ်–၄၆။ ။သုတ္တ–ဋ္ဌ–ဒု–အုပ်–၁၃၃။ အနေ‌ာတတ္တ၊ကဏ္ဏမုဏ္ဍ၊ရထကာရ၊ ဆဒ္ဒန္တ၊ ကုဏာလ၊ မန္ဒာကိနီ၊ သီဟပပါတ၊ အမည်။ ။အံ–ဂ–ဋ္ဌ–၂၁ဂ။ ။သီဒါမြစ်အကြောင်း၊ ဇာတက–ပါ– ဒု–အုပ်–၁ဂ၆၊ ဋ္ဌ–ဆ–အုပ်–၁၂၅။

အိုမင်းမစွမ်းဖြစ်ခါမှ သာသနာတော်ဝင်လာသော အချို့သော ရဟန်းကြီးတို့ သည် ရဟန်းသံဃာကောင်း ရှားပါးသော အရပ်သို့ သွား၍ ကျောင်းထိုင် တတ်ကြ၏၊ ထိုသို့နေထိုင်ခြင်းကြောင့် သံဃာကောင်းကို ဖူးမြင်ရခြင်း တရား တော်ကို နာရခြင်း၌ ခဲယဉ်းလှရကား····နိဗ္ဗာန်သို့ မရောက်နိုင်ကြောင်း မိန့်ဆိုထားပုံ။ ။သဠာ–သံ–ဋ္ဌ–၇၉–ဂ၀။ ။အိုမင်းမစွမ်းဖြစ်ခါမှ သာသနာ တော် ဝင်လာလျှင် အသုံးမကျကြောင်း ဂါထာ၊ ဓမ္မ–ဋ္ဌ–ပ–အုပ်–၅။

အိုးဥပမာပုဂ္ဂိုလ် ၄–မျိုး။ ။ကုမ္ဘူပမနိဒ္ဒေသ၊ အဘိ–၄–ပါ–၁၅၂၊ ဋ္ဌ– ၇၆။ ။ကုမ္ဘသုတ်၊ အံ–၄–ပါ–၄၁ဂ၊ ဋ္ဌ–၃၂၇။

(၁) အိုးအတွင်း၌ ဘာမျှမရှိဘဲ ပိတ်ထားသောအိုး····နှင့်တူသော ပုဂ္ဂိုလ် ကား သွားခြင်း လာခြင်းစသည်၌ ကြည်ညိုဘွယ်ရှိ၍ သစ္စာလေးပါးကို မသိသော ပုဂ္ဂိုလ်တည်း။

(၂) အိုးအတွင်း၌ အဘိုးတန် ဝတ္ထုပစ္စည်းရှိ၍ ဖွင့်ထားသောအိုး····နှင့် တူသော ပုဂ္ဂိုလ်ကား····သစ္စာလေးပါးကို ပိုင်းခြားသိ၍ သွားခြင်း လာခြင်း စသည်၌ ကြည်ညိုဘွယ်မရှိသော ပုဂ္ဂိုလ်တည်း။

(၃) အိုးအတွင်း၌လည်း ဘာမျှမရှိ၊ ဖွင့်၍လည်းထားသောအိုး····နှင့် တူသော ပုဂ္ဂိုလ်ကား····သစ္စာလေးပါးကိုလည်းမသိ၊ ကြည်ညိုဘွယ်လည်း မရှိသော ပုဂ္ဂိုလ်တည်း။

(၄) အိုးအတွင်း၌ အဘိုးတန်ပစ္စည်းရှိ၍ ပိတ်ထားသောအိုး····နှင့် တူသော ပုဂ္ဂိုလ်ကား ···· သစ္စာ လေးပါးကိုလည်း သိ၍ ကြည်ညိုဘွယ်လည်း ရှိသော ပုဂ္ဂိုလ်တည်း။

# မဇ္ဈိမနိကာယ ပါဠိအဋ္ဌကထာ

အကျိုးလို၍ အကပ္ပိယမံသကို ကပ္ပိယမံသဟု လိမ်လည်ကျွေးမွေး လှူဒါန်းသူတို့မှာ ကုသိုလ်ပွားကြောင်း။ ။၂—၄—၃၆၊ (ငတ်မွတ်ခြင်းဘေး နှိပ်စက်သောအခါ စသည်, ရောဂါပျောက်စေလိုသောအခါ စသည်တို့၌ ဟူလို။)

အခါမဲ့ အချိန်မဲ့ မိုးသည်းထန်စွာ ရွာခြင်း အကြောင်း ၂—ပါး။ ။ (စကြဝဠာတားမင်း ဖြစ်ထွန်းသောအခါ, ဘုရားရှင် ပွင့်ထွန်းသော အခါ) ၁—၄—ဒု—အုပ်—၉၀။

အချိန်မှန်ကို အတိအကျ သိကြသော မထေရ် ၂-ပါး။ ။(ဂေါဒတ္တထေရ် ကာဠဒေဝထေရ်) နေအမှတ်အသား၊ နာရီစသည်မရှိဘဲ စိတ်မှန်းဖြင့် အတိအကျ သိတော်မူကြ၏၊ ၁—ပါ—၂၆၊ ၄—ပ—အုပ်—၁၂၆။

အဂထိတောတိ တဏှာယ အဂထိတော။ ။၂—ပါ—၃၂၊ ၄—၃၅။

အင်္ဂါပုဒ်ကို အရကောက်ပြပုံ။ ။၁—ပါ—၃၂၊ ၄—ပ—အုပ်—၁၄၈။ ။ (လောဘ—မောဟ)။ ။အင်္ဂါခေါ် အညစ်အကြေး ၂၁—မျိုးကို စုပေါင်း ပြဆိုခဲ့၏၊ ၁—ပါ—၃၂၊ ၄—ပ—အုပ်—၁၄၇၊ ရဟန်းများ မှတ်သားဘွယ်။

အဂ္ဂိဝစ္ဆသုတ်။ ။မိစ္ဆာဒိဋ္ဌိ အယူများကို အကျယ်ဟောထား၏၊ ၂—ပါ—၁၅၀၊ ၄—၁၃၇။

အစာပြည့်ဝခိုက်တွင် စကြ်ံနိမသွားထိုက်ကြောင်း။ ။၁—၄—ဒု—အုပ်—၃၁၃။

အစာစားနေသော ကျီး စသည်ကို ခြောက်လှန့်လျှင်ပင် ကာယသမာစာရ ခေါ် ကိုယ်အကျင့် မစင်ကြယ်သေးကြောင်း။ ။၁—ပါ—၃၃၉၊ ၄—ဒု—အုပ်—၂၁၅။

အစားကြောင့် ဖြစ်သော ထိနမိဒ္ဓကို တွန်းလှန်နိုင်ရန် နေ့အခါတွင် စင်္ကြံနိသွား ကြကြောင်း။ ။၁—ပါ—၂၉၁၊ ၄—ဒု—အုပ်—၁၇၄။

အစ္ဆရိယ ၂—မျိုး။ ။(ဂရဟ အစ္ဆရိယ—ကဲ့ရဲ့လို၍ အံ့ဩမှု,ပသံသာ အစ္ဆရိယ— ချီးမွမ်းလို၍ အံ့ဩမှု) ၂—ပါ—၁၊ ၄—၂။

အဇ္ဈာဇီဝ၊ အဓိပါတိမောက္ခ ၂—ပုဒ်ကို ခွဲပြပုံ။ ။၃—ပါ—၃၃၊ ၄—၂၅၊ အသက် မွေး ဝမ်းကျောင်းနှင့်စပ်၍ ပညတ်အပ်သော သိက္ခာပုဒ် ၆—မျိုးသည် အဇ္ဈာ ဇီဝ မည်၏၊ ကျန်သော သိက္ခာပုဒ်များသည် အဓိပါတိမောက္ခ မည်၏။

**အညာတိ အရဟတ္တံဟု** ဖွင့်ပြပုံ။ ။၃—ပါ—၄၀၊ ဋ္ဌ—၃၄။

**အညစ်အကြေးရှိရာအရပ်၌ ဘီလူးစသည်တို့က နှိပ်စက်တတ်ကြောင်း။** ။၁—ဋ္ဌ—ပ—အုပ်—၀၄။

**အတ္ထနိဿိတဂါထာ။** ။၂—ပါ—၁၇၆၊ ဋ္ဌ—၁၅၂။

အာရောဂျ ပရမာ လာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကောစ မဂ္ဂါနံ၊ ခေမံ အမတ ဂါမိနန္တိ။

**အထာတိ အဝိစ္ဆေဒနတ္ထေ နိပါတော။** ။၁—ပါ—၂၀ ဋ္ဌ—ပ—အုပ်—၁၁၃။ ။ အညာဓိကာရဝစနာရမ္ဘေ နိပါတော၊ ပါ—၃၇၊ ဋ္ဌ—၁၅၆။

**အဓိဝါသနာ ပဟာတဗ္ဗ အာသဝ အဖွင့်။** ။၁—ပါ—၁၃၊ ဋ္ဌ—ပ—အုပ်—၇၁၊ အချမ်းအပူ စသည်၌ သည်းခံနိုင်ရန်အတွက် ဟောထား၏၊ မှတ်သားဘွယ်။

**အဓိမာန မဖြစ်နိုင်သော ပုဂ္ဂိုလ်နှင့် အထက် အထက် တရားများကို ရလျှင်** အောက်အောက် တရားများကို စိတ်မညွတ်တော့ကြောင်း။ ။၃—ပါ—၃၉၊ ဋ္ဌ—၃၄။ ။သုနက္ခတ္တသုတ်။

**အဓိမုတ္တိမရဏ** (ဘုရားလောင်းတို့ နတ်ပြည်မှ ဘဝမှ စုတေပုံ)။ ။၃—ဋ္ဌ—၁၂၁။

**အနင်္ဂဏသုတ်။** ။၁—ပါ—၂၉၊ ဋ္ဌ—ပ—အုပ်—၁၄၂၊ ကိလေသာရှိ မရှိကို သိ မသိ ပုဂ္ဂိုလ် ၄—ယောက်ဖြင့် ဝေဘန်ဟောထား၏၊ အင်္ဂဏမည်သော အညစ် အကြေး ၂၁—မျိုးကို စုပေါင်း ပြဆိုထား၏၊ ရဟန်းများ မှတ်သားဘွယ် ကောင်းလှ၏။

**အနာထပိဏ္ဍိကောဝါဒသုတ်။** ။၃—ပါ—၃၀၁ ဋ္ဌ—၂၂၉၊စက္ခု သောတ စသည်ကို တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းရန် အသျှင်သာရိပုတ္တရာထေရ် ဟောထား၏၊ အနာထပိဏ် သေဋ္ဌေးကြီးမှာ ဘာမျှ လှူစရာမရှိလျှင် သံကိုယူ၍ ကျောင်း အတွင်း ဖြန့်ခင်းကြောင်း၊ သေသောအခါတွင် တုသိတာ နတ်ပြည်တွင် ရောက်ကြောင်း ဖွင့်ပြထား၏။

**အနိစ္စလက္ခဏာကို ထင်ရှားပြသော ဂါထာ။** ။၁—ဋ္ဌ—ဒု—အုပ်—၁၂၀။

ဇီဝိတံ အတ္တဘာဝေါစ၊ သုခဒုက္ခာစ ကေဝလာ။
ဧကစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏောတိ။

**အနိစ္စလက္ခဏာဖြင့်ရှင်း** ဒုက္ခလက္ခဏာဖြင့်ရှင်း၊ ၂—ပါးစုံဖြင့်ရှင်း အနတ္တလက္ခဏာကို ပြရကြောင်း။ ။၁—ပါ—၁၉၁၊ ဌ—ဒု—အုပ်—၁၉၊ အနတ္တလက္ခဏာမှာ အသိခက်ကြောင်း။

**အနိစ္စမည်ခြင်းအကြောင်း ၄—ပါး။** ။၁—ပါ—၁၉၁၊ဌ—၁၉၊ဥပ္ပါဒဝယဝတ္တိတော ဝိပရိဏာမ တာဝကာလိက နိစ္စပဋိပက္ခဘွေနဝါတိ စတူဟိ ကာရဏေဟိ အနိစ္စံ။

**အနိမိတ္တတရား ၁၃—ပါး။** ။၁—ပါ—၃၇၁၊ ဌ—ဒု—အုပ်—၂၅၄၊ ဝိပဿနာ၊ မဂ် ၄—ပါး၊ ဖိုလ် ၄—ပါး၊ အာရုပ္ပ ၄—ပါး၊ ပေါင်း ၁၃—ပါး။

**အမနုဿ အနုမဿာတိ** ဒသကထာဝတ္ထုနိ ဩဂါဟေတွာ အနုပဝိသိတွာ။ ။ ၁—ပါ—၂၀၄၊ ဌ—ဒု—အုပ်—၆၄။

**အနုမာနသုတ်။** ။၁—ပါ—၁၃၂၊ ဌ—ပ—အုပ်—၃၇၀၊ ရဟန်းတို့တနေ့လျှင်အနည်းဆုံး တကြိမ်မျှ ဆင်ခြင်အပ်သောသုတ်၊ အသျှင်မဟာမောဂ္ဂလ္လာန်ထေရ် ဟောထား၏၊ အကုသလဓမ္မ ကုသလဓမ္မတို့ကို အကျယ်ပြဆိုခဏ်း။

**အနုပဒသုတ်။** ။၃—ပါ—၇၅၊ ဌ—၅၆၊ အသျှင်သာရိပုတ္တရာထေရ်အား ချီးကျူးထား၏၊ ပညာ ၆—မျိုး အကျယ်ပြထား၏။

**အနုရုဒ္ဓသုတ်။** ။၃—ပါ—၁၀၄၊ ဌ—၁၄၂၊ မဟာဂ္ဂုတ်စျာန်ကို ပွားခြင်းကြောင့် ပြဟ္မာဘုံ၌ ဖြစ်ရပုံအခြင်းအရာကို အကျယ်ဟောထား၏။

**အပဏ္ဏကသုတ်။** ။၂—ပါ—၆၂၊ဌ—၈၁၊နတ္ထိက အဟေတုက အကိရိယဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိကြီး သုံးမျိုးကို အကျယ်ဟောထား၏။

**အပ္ပမာဏာ စေတောဝိမုတ္တိ၌** စေတောဝိမုတ္တိ ၄—မျိုးနှင့် အပ္ပမာဏာတရား ၁၂—ပါးကိုရေတွက်ပြပုံ။ ။၁—ပါ—၃၇၁၊ဌ—ဒု—အုပ်—၂၅၃၊ဗြဟ္မဝိဟာရ ၄—ပါး၊ မဂ် ၄—ပါး၊ ဖိုလ် ၄—ပါး၊ ပေါင်း ၁၂—ပါးတည်း၊ တိုင်းတာ၍ မရကောင်းသော တရား ၁၂—ပါး ဟူလို။ ။ပမာဏာတရား ၃—ပါးကိုလည်း ခွဲပြပုံ (လောဘ ဒေါသ မောဟ)

**အပါပုရိတ္ဝာတိ** ဝိဝရိတွာ။ ။၁—ပါ—၃၆၊ ဌ—ပ—အုပ်—၁၅၄။

**အပိဿုတိ** အနုဗြူဟနတ္တေ နိပါတော။ ။၁—ပါ—၂၂၄၊ ဌ—ဒု—အုပ်—၈၁။

**အဗျာပဇ္ဇတ္ထိ** နိဒ္ဒုက္ခံ။ ။၂—ပါ—၅၂၊ ဌ—၇၃။ ။၃—ပါ—၁၀၀၊ ဌ—၆၉။

**အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်။** ။၂—ပါ—၇၇၊ ဌ—၈၈၊ (ရှေ့—ခဏ်း၌ ရှိ၏။)

အဘယရာဇကုမာရသုတ်။ ။၂—ပါ—၅၄၊ဌ—၇၆'ဇ'ၑင်းမင်းသားကလျှောက်ထား၍ စကားအရာ၌ နှစ်သက်ဘွယ် မနှစ်သက်ဘွယ် နှစ်စားကို ဘုရားရှင် ရှင်းပြတော်မူပုံ။

အဘိဇ္ဈာနှင့် ဝိသမလောဘ ၂—မျိုးကို ခွဲပြပုံ။ ။၁—ပါ—၄၃၊ ဌ—ပ—အုပ်—၁၇၃။ ။သကဘဏ္ဍေ ဆန္ဒရာဂေါ အဘိဇ္ဈာ၊ ပရဘဏ္ဍေ ဝိသမလောဘော၊ မိမိ ပစ္စည်းဥစ္စာ၌ တပ်နှစ်သက်မှုသည် အဘိဇ္ဈာ၊ သူတပါး ပစ္စည်းဥစ္စာ၌ တပ်နှစ်သက်မှုသည် ဝိသမလောဘ မည်၏။ ။တနည်း—မိမိနှင့် ထိုက်တန်သော အရာဝတ္ထု၌ တပ်နှစ်သက်မှုသည် အဘိဇ္ဈာ၊ မိမိနှင့် မထိုက်တန်သော အရာဝတ္ထု၌ တပ်နှစ်သက်မှုသည် ဝိသမလောဘမည်၏။

အမ္ဗာတိ မာတရံ အာလပတိ။ ။၂—ပါ—၂၄၆၊ ဌ—၂၀၁။

အမိဝမ်းတွင်းကပင် သရဏဂုံတည်သော ဗောဓိမင်းသား အကြောင်း။ ။၂—ပါ—၃၀၀၊ ဌ—၂၂၆။

အမေးလွယ်၍ အဖြေမှာ ခက်ခဲကြောင်း၊ တနည်း အကြောင်းနှင့် စပ်ယှဉ်သော အမေးလည်း ခက်ခဲကြောင်း။ ။၁—ပါ—၂၀၅၊ဌ—ဒု—အုပ်—၆၅၊ဤစကားကို အကြောင်းပြု၍ “အမေးကျဲကျော်င်း, အဖြေဘုရားလောင်း” ဟူ၍ ရှေးသူဟောင်းတို့ ဆိုထားကြဟန်တူသည်။

အမွေ ၂—မျိုး ခွဲပြခဏ်း။ ။သာသနာတော်၌ အာမိသဒါယာဒ—ပစ္စည်းအမွေခံ၊ ဓမ္မဒါယာဒ—တရားအမွေခံဟူ၍ ၂—မျိုးရှိရာတွင် ဘုရားရှင်က ဓမ္မအမွေကိုသာ ခံယူကြရန် ဟောထားသည်၊ ၁—ပါ—၁၅၊ ဌ—ပ—အုပ်—၉၄။

အမျိုးလေးပါးတို့ ကောင်းမှု မကောင်းမှု၌ အထူးမရှိကြောင်း ဟောသော မဓုရသုတ်။ ။၂—ပါ—၂၇၀၊ ဌ—၂၂၀။

အမျိုးလေးပါးတို့ စင်ကြယ်ကြောင်းကို ဟောထားသော ကဏ္ဏကတ္ထလသုတ်။ ။၂—ပါ—၃၂၇၊ ဌ—၂၄၅။

အမျိုးလေးပါးတို့တွင် ပြာဟ္မဏတို့သာ အမြတ်ဆုံးဟူသော စကားကို မဟုတ်ကြောင်း၊ အထူးမရှိကြောင်း၊ အမျိုးလေးပါးတို့ စင်ကြယ်ကြောင်းကိုဖြေရှင်းဟောထားသော အဿလာယနသုတ်။ ။၂—ပါ—၃၅၄၊ ဌ—၂၇၈။

**အရညဝါသကာရဏာ ဝဏ္ဏနာ။** ။၁-ပါ—၂ဝ၊ ဠ—ပ—အုပ်—၁၃၂၊မျက်မှောက်၌ ဖြစ်သော ချမ်းသာစွာ နေရခြင်းကို ကောင်းစွာမြင်၍၎င်း၊ နောင်လာသူ ရဟန်းတို့ကို အစဉ်သနားသဖြင့်၎င်း (ဝါ) နမူနာယူစေရန်၎င်း ဘုရားရှင်တို့ တော၌ သီတင်းသုံးတော်မူကြကြောင်း ရှင်းပြထားပုံ။

**အရိယာသာဝကဿ ဝေရူပံ ကောဟညံ့နာမ နပဟောတိ။** ။၁—ပါ—၃၀၉၊ ဠ—ဒု—အုပ်—၂၀၂၊ အရိယာပုဂ္ဂိုလ်တို့မှာ အံ့သြဘွယ်ရှိအောင် မပြုလုပ်တော့ပြီ၊ (ဝါ) သာဋ္ဌေယျအမှု မပြုတော့ပြီ ဟူလို။

**အရိယာသာဝကတို့ ပြည့်စုံသောတရား ၁၅—ပါးကို ဟောသော "သေခသုတ်"** ။ ။၂—ပါ—၁၆၊ ဠ—၁၁၊ (သ—ခဏ်း၌ ရှိ၏)

**အရိယာသာဝကဿ ပန သဌော မာယာဝီတိနာမံ နတ္ထိ။** ။၂—ပါ—၃၂၉၊ဠ—၂၄၆၊ အရိယာပုဂ္ဂိုလ်တို့အား မာယာ သာဋ္ဌေယျတရားများ မရှိတော့ပြီ ဟူလို။ ။မာယာ—လွန်ကျူးမိသောအပြစ်ကို သူတပါးတို့မသိအောင်ဖုံးထား တတ်မှု။ ။သာဋ္ဌေယျ—မရှိသော ဂုဏ်ကို ရှိလေဟန် ကြွားဝါတတ်မှုတည်း။

**အရိယန္တိ နိဒ္ဒေါသံ လောကုတ္တရံ။** ။၃—ပါ—၁၁၆၊ ဠ—၉၂—၁၁၆။

**အရိယာဝိနယတရား ၈—ပါး။** ။(အရိယာတို့ ဆင်ခြင်၍ ရှောင်ကြဉ်သော တရား ဟူလို။) ၂—ပါ—၂၃—၂၄၊ ဠ—၂၀၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဂိဒ္ဓိလောဘ၊ တပ်မက်မှုလောဘ၊ နိန္ဒရောသ…. ကဲ့ရဲ့မှု၊ ချုတ်ချယ်မှု၊ ကောဓုပါယာသ….အမျက်ထွက်မှု၊ ရန်ငြိုးဖွဲ့မှု၊ အတိမာန…. လွန်ကဲသော မာနထားမှု၊ ဤအမှု ၈—ပါးကို အရိယာပုဂ္ဂိုလ်တို့ အကြွင်းမဲ့ ပယ်နိုင်အောင် ကျင့်ကြသည် ဟူလို။

**အရိယာ ပုဂ္ဂိုလ်တို့သာ သိ၍ ကျင့်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသော အရာ(၇)မျိုး** ။ ။၁—ပါ—၃၉၀၊ ဠ—ဒု—အုပ်—၂၉၀။

(၁) ကာမစ္ဆန္ဒ နိဝရဏ စသည် ၅—ပါး၌ ပရိယုဋ္ဌိတစိတ်မဖြစ် (ဝါ) လှုပ်ရှားသော စိတ်မဖြစ်ဟူ၍၎င်း၊ ငြင်းခုံမှု ခိုက်ရန်ဖြစ်မှု ရိုက်ပုတ်မှု စသည်လည်း မရှိဟူ၍၎င်း သိခြင်း။

(၂) မိမိ၏စိတ်၌ ကိလေသာ ပူပန်မှုမရှိ၍ အေးငြိမ်းမှုကိုရ၏ဟု သိခြင်း။

(၃) ဗုဒ္ဓသာသနာမှတပါး အခြားသော သာသနာ၌ အရိယာသမဏမရှိဟု သိခြင်း။

(၄) သင့်ရောက်မိသော အာပတ်ကို ဖုံးလွှမ်းမထားတတ်ဘဲ ထင်စွာပြု၍ အာယတိံသံဝရ ရှိ၏ဟု သိခြင်း။

(၅) သိတင်းသုံးဘော်တို့၏ ကိစ္စကြီးငယ်၌ ကြောင့်ကြမှုရှိ၍ သိက္ခာသုံးပါး၌ အားကြီးစွာ တောင့်တ၏ဟု သိခြင်း။

(၆) တရားတော်ကိုနာယူရာ၌ အိပ်ငိုက်ခြင်းမရှိ စကားလည်းမပြော စိတ်လည်း မပျံ့လွင့်ဘဲ ရိုသေစွာ နာယူ၏ဟု သိခြင်း။

(၇) ထိုသို့နာယူရာ၌ အတ္ထဓမ္မကို ထိုးထွင်းသိ၍ တရားနှင့်စပ်သော နှစ်သက် ဝမ်းမြောက်မှုရှိ၏ဟု သိခြင်း။

**အလဂဒ္ဒူပမသုတ်**။ ။၁—ါ—၁၀၂၊ ဋ္ဌ—ဒု—အုပ်—၉၊နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ် ၏အန္တရာယ် ၅—ပါးနှင့် မိန်းမတို့၏အာရုံ ၅—ပါးကို ခံစားလျှင်လည်း အပြစ် မရှိဟု ယူထားသော အရိဋ္ဌရဟန်း၏အယူမှားကို ဖြေရှင်းဟောထားသည်။ ။ စာသင်နည်း ၃—မျိုးကိုလည်း ပြဆိုထားသည်။

**အလှူရှင်တို့အိမ်၌** ဆွမ်းဦး ဟင်းဦး လောင်းလှူရန် ခွက်ငယ်များ ရှေးအခါက ရှိတတ်ကြကြောင်း။ ။၂—ပါ—၁၉၉၊ ဋ္ဌ—၁၆၅။

**အလည်အပတ်သွားသော ပုဂ္ဂိုလ်တို့မှာ** (ဥယျာဉ်ကြည့် ရေကန်ကြည့် တော တောင်ကြည့် အဆောက်အဦကြည့် စသည်အတွက် သွားသော ပုဂ္ဂိုလ်တို့မှာ) အနုမတဂ္ဂိယ သဘောကို ဆင်ခြင်နိုင်မှု သွားသင့်ကြောင်း မိန့်ဆိုထားပုံ။ ။ (ဝိဟာရဒဿနတ္ထဉ္စ အနုမတဂ္ဂိယံ ပစ္စဝေက္ခိတွာ သမုဒ္ဒပဗ္ဗတ ဒဿနတ္ထံဝါပိ ဂန္တုံ ဝဋ္ဋတိတိ) ၂——ပါ—၁၀၀၊ ဋ္ဌ—၁၅၄။

**အဝဋ္ဋာတိ** အမောဃာ၊ သဖလာတိ အယံ တဿေဝ အတ္ထော။ ။၁—ပါ—၃၃၀၊ ဋ္ဌ—ဒု—အုပ်—၂၁၃။

**အသမ္မောဟဝိဟာရဝဏ္ဏနာ**။ ။၁—ပါ—၂၆၊ ဋ္ဌ—ပ—အုပ်—၁၂၅။

**အဿလာယနသုတ်**။ ။၂—ပါ—၃၅၄၊ ဋ္ဌ—၂၇၀၊ (အမျိုးလေးပါးခဏ်း၌ ရှိ၏)

**အဿပုရ(မဟာ)သုတ်**။ ။၁—ပါ—၃၃၀၊ ဋ္ဌ—ဒု—အုပ်—၂၁၂၊ရဟန်းတို့ကျင့်ဝတ် ကို အကျယ်ဟောထားသည်။ ။ဟိရိဩတ္တပ္ပနှင့် ပြည့်စုံမှ သမဏခေါ်ဆို နိုင်ကြောင်း။

အဿပုရ (စူဠ)သုတ်။ ။၁–ပါ–၃၄၉၊ ဋ္ဌ–ဒု–အုပ်–၂၂၅၊ အဘိဇ္ဈာစသော တရားယုတ်များကင်း၍ ရဟန်းကျင့်ဝတ်ကို ကျင့်မှသာ သမဏ ခေါ်ဆိုနိုင်ကြောင်း ဟောထားသည်။

အသုဘ ဘာဝနာကို အားထုတ်၍ အနာဂါမိဖိုလ်ရသွားသော သာမဏေငယ်။ ။ ၎င်းသာမဏေငယ်မှာ ဆရာအား မည်သည့်အခါမျှ စကား ၂–ခွန်း မစေရဘဲ တခွန်းတည်းဖြင့်သာ လိုက်နာပြုလုပ်၏ဟု ဋ္ဌ–၌ ဖွင့်ပြထားသည်၊ ၁–ဋ္ဌ–ပ–အုပ်–၂၅၉။

အိပ်ခြင်းကိုပင် တွေ့ဝေနေခြင်းဟု ယူဆ၍ သစ္စကနိဂဏ္ဌ က ဘုရားရှင်ကို စွပ်စွဲ၍ ပြေရှင်းဟောခဏ်း။ ။၁–ပါ–၃၁၆၊ ဋ္ဌ–ဒု–အုပ်–၁၉၄။

အိမ်နေလူတို့ စီးပွားဥစ္စာရှာရာ၌ နမူနာယူဘွယ် ဂါထာ။ ။၃–ဋ္ဌ–၁၇၅။

အဥ္စနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဥ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေတိ။ ။

မျက်စဥ်းသွေး ဖြေးဖြေးကုန်သလို
ပြုန်းတီးမှု မပြုကြစေခလို
တောင်ပို့ ပျား စုထားသလို
ပညာရှိ စုဘိဥစ္စာကို....ဟူလို။ ။

# သံယုတ္တနိကာယ ပါဠိအဋ္ဌကထာ

**အကုသလရာသိသုတ်။** ။မဟာ—ပါ—၁၂၇၊ ဤ၌ နီဝရဏ ၅—ပါးကို အကုသလရာသိ ဟု ဟောထား၏။

**အကုသလဓမ္မသုတ်။** ။ပါ—၁၅၊ ဋ္ဌ—၁၆၈၊ ဤ၌ မိစ္ဆာမဂ္ဂင် ၈—ပါးကို အကုသလဓမ္မ ဟု ဟောထား၏။

**အကုသလ ဝိတက္ကသုတ်။** ။သဂါထာ—ပါ—၂၀၄၊ ဋ္ဌ—၂၇၁။

**အက္ကောဓသုတ်။** ။ပါ—၂၄၁၊ ဋ္ဌ—၃၂၅၊ သိကြားမင်းက အမျက်မထွက်ရန် ဆုံးမသော ဂါထာ။

**အက္ကောသသုတ်။** ။ပါ—၁၆၁၊ဋ္ဌ—၂၀၉၊အစ်ကိုကြီးကို ရဟန်းပြုပေးသောကြောင့် ဘုရားရှင်ထံသွား၍ ဆဲသောပုဏ္ဏား၊ ၎င်းလည်း နောက်ကာလတွင် ရဟန္တာဖြစ်သွားသည်။ ။အသုန္ဒရိကသုတ်လည်း နည်းတူပင်။

**အကောင်းဆုံးသောအရာ ၄—မျိုး ဂါထာ။** ။အဇ္ဈသာရသုတ်၊ သဂါထာ—ပါ—၃၉၊ ဋ္ဌ—၉၁၊ ဥစ္စာတွင် သဒ္ဓါတရား၊ ချမ်းသာဆောင်မှုတွင် ကောင်းသောအကျင့်၊ အရသာတွင် သစ္စာတရား၊ အသက်မွေးမှုတွင် ပညာဟူလို၊ ဝိတ္တသုတ်။

**အကျိုးစီးပွား (မိမိ-သူတပါး) ကို မသိနိုင်အောင် နှိပ်စက်ဘတ်သော တရားမှာ** နီဝရဏ ၅—ပါးဖြစ်ကြောင်းဟောသော သင်္ဂါရဝသုတ်။ ။မဟာ—ပါ—၁၁၆၊ ဋ္ဌ—၂၁၉၊ ပညာသင်ကြားရာ၌ ပညာမတတ်အောင်လည်း ၎င်း ၅—ပါးကပင် နှိပ်စက်ကြောင်း ဟောထား၏။

**အခမယူဘဲ မန္တန်သင်ပေးမည်ဟု ဝင်္ဂီသလုလင်ကို ဘုရားရှင်မိန့်ကြားတော်မူပုံ။** ။သဂါထာ—ဋ္ဌ—၂၆၁။

**အချုပ်ဖြစ်သောအရာများကို ဟောသော ကူဋသုတ်။** ။နိဒါန—သံ—ပါ—၄၅၄၊ ဋ္ဌ—၂၀၆။

**အဂါရသုတ်။** ။သဠာ—ပါ—၄၁၉၊ ဋ္ဌ—၃၁၉၊ စရပ်၌ လူအမျိုးမျိုးတို့ လာရောက်တည်းခိုကြသကဲ့သို့ ခန္ဓာကိုယ်၌ ဝေဒနာအမျိုးမျိုးတို့ ဖြစ်ပုံကို ဟောထား၏။

**အဂ္ဂိသုတ်**။ ။မဟာ—ပါ—၉၀၊ဋ္ဌ—၂၀၇၊ ဗောဇ္ဈင် ၇—ပါးကို ပွားသင့်သောကာလ မပွားသင့်သော ကာလကို ဟောထား၏။

**အဂ္ဂိက္ခန္ဓ ဥပမာအကျယ်** (မီးပုံကြီး ဥပမာ ဟူလို)။ ။နိဒါန—ပါ—၃၁၂၊ ဋ္ဌ—၇၆၊ ဥပါဒါနသုတ်၊ ဥပါဒါနိယေသု ဘိက္ခဝေ ဓမ္မေသု အဿာဒါ နုပဿိနော ဝိဟရတော တဏှာ ပဝဍ္ဎတိ၊ တဏှာပစ္စယာ ဥပါဒါနံ စသည်တည်း၊ မီးပုံကြီး တွင် မီးစာများကို ထည့်နေသော် မီးမငြိမ်း၊ မီးစာများ မထည့်ဘဲထားသော် မီးငြိမ်းသကဲ့သို့ ဟူ၍ ဟောထား၏။

**အဂ္ဂိကသုတ်**။ ။သဂါထာ—ပါ—၁၆၀၊ဋ္ဌ—၂၁၂၊ဘုရားရှင်က ပုဏ္ဏားအား နို့ဂဏာ ဆွမ်းကို လောင်းလှူ သင့်ကြောင်း မိန့်ဆို၍ လှူသောအခါတွင် ဂါထာဖြင့် သီဆို၍ တောင်းသည် မည်သောကြောင့် အလှူမခံဟု ပယ်တော်မူပြီးလျှင် အခြားလှူဘွယ်ပစ္စည်းကိုကား ပယ်သည်မဟုတ်ကြောင်း ဆက်လက်မိန့်တော် မူပုံ။

**အဃမူလ သုတ်**။ ။ခန္ဓ—ပါ—၂၇၊ဋ္ဌ—၂၄၄၊ ခန္ဓာ ၅—ပါးကို ဒုက္ခဟုဟောထား၏။

**အစရိံ သုတ်**။ ။နိဒါန—ပါ—၃၀၀၊ ဋ္ဌ—၁၅၃၊ ဓာတ်ကြီးလေးပါး၌ အဿာဒ အာဒီနဝ နိဿရဏ ၃—မျိုးကို ရှာကြည့်ခဲ့ပုံ ဟောထား၏။

**အစိရပက္ကန္တသုတ်**။ ။ပါ—၄၃၅၊ ဋ္ဌ—၁၈၅၊ လာဘ သက္ကာရ သိလောကကြောင့် ဒေဝဒတ်မထေရ်မှာ ကိုယ့်ကိုယ်ကို ကိုယ်ပြန်၍ သတ်သည်၊ သူတပါးကိုလည်း သတ်သည်မည်ကြောင်း ဟောထား၏၊ ကိုယ့်အသီးက ကိုယ့်အပင်ကို ပြန်သတ် သကဲ့သို့ စသော ဥပမာ ဂါထာ။

**အစ္စေန္တိသုတ်**။ ။သဂါထာ—ပါ—၃၊ ဋ္ဌ—၂၂၊မရဏဘေးကို ကြောက်သောသူသည် အရွယ်သုံးပါး အဆင့်ဆင့် လွန်သွားသောကြောင့် လောကာမိသကို စွန့်လွှတ် ရန် ဟောထား၏။

**အစေလ ကဿပသုတ်**။ ။နိဒါန—ပါ—၂၅၉၊ ဋ္ဌ—၃၃၊ ဒုက္ခကိုကိုယ်တိုင်ပြုသလော၊ သူတပါးပြုသလော စသည်ဖြင့် ၎င်းအစေလကဿပကမေး၍ မဟုတ်ကြောင်း ဘုရားရှင်က ရှင်းပြတော်မူပုံ။

**အစေလက ကဿပသုတ်**။ ။သဠာ—ပါ—၄၀၉၊ ဋ္ဌ—၁၃၉၊ ၎င်းကို စိတ္တသူကြွယ်က ဥတ္တရိမနုဿဓမ္မကို မေးရာ မဖြေနိုင်၊ နောက် သာသနာတော်သို့ ဝင်လိုရာတွင် ၎င်းသူကြွယ်က ရဟန်းဒကာအဖြစ် ခံယူသည်၊ အစေလက ကဿပလည်း ရဟန္တာဖြစ်သွား၏။

**အစားအစာခကောင်းမွန်မှုလည်း ဥာဏ်ပညာ တိုးပွားကြောင်း။** ။နိဒါန—ဋ္ဌ—၁၁၀၊ ပါ—၃၂၉။

သိနိဒ္ဒါနိ ကိုရေတ္တ ဘောဇနာနိ၊ တာနိ သေဝတော ဇနဿ ပညာ ဝဍ္ဎတိ၊ တေ ဂမ္ဘီရံ တိလက္ခဏာဟတံ ဓမ္မကထံ ပဋိဝိဇ္ဈိတုံ သမတ္ထာ ဟောန္တိ။

**အစ္ဆရာသုတ်။** ။သဂါထာ—ပါ—၃၀၊ ဋ္ဌ—၈၀၊ ရဟန်းဘဝမှ စုတေစိတ်ကျ၍ နတ်သားသွားဖြစ်သော ရဟန်း နတ်သားအား နိဗ္ဗာန်ရောက်ကြောင်း တရားကို အကျဉ်းချုပ် ဟောထား၏။

**အဇရသာသုတ်။** ။သဂါထာ—ပါ—၃၄၊ ဋ္ဌ—၈၇၊ တန်းဆာဟူသမျှတွင် မပျက်စီးသော သီလ၊ တည်ရာဟူသမျှတွင် သဒ္ဓါတရား၊ ရတနာဟူသမျှတွင် ပညာ၊ သူခိုး မခိုးယူနိုင်သော ပစ္စည်းများတွင် ကုသိုလ်ကောင်းမှုတို့ ဖြစ်ကြောင်း စုပေါင်းဟောထားသော ဂါထာဖြစ်၏။

**အဇ္ဈတ္တ အနိစ္စဟေတုသုတ်၊ အဇ္ဈတ္တ ဒုက္ခဟေတုသုတ်၊ အဇ္ဈတ္တ အနတ္တဟေတုသုတ်။** ။သဠာ—ပါ—၃၄၄—၃၄၅။

**အဇ္ဈတ္တာနိစ္စ၊ အဇ္ဈတ္တဒုက္ခ၊ အဇ္ဈတ္တအနတ္တသုတ်။** ။ပါ—၂၄၆၊ ဋ္ဌ—၁။

**အဇ္ဈတ္တိက ဗာဟိရခေါ် ပုံဖွင့်ပြခဏ်း။** ။ပါ—၂၄၁၊ ဋ္ဌ—၃။

**အဇ္ဈတ္တသုတ်။** ။ခန္ဓဝဂ္ဂ—ပါ—၁၄၈၊ ဋ္ဌ—၃၀၇၊ ခန္ဓာ ၅—ပါးရှိလျှင် သုခ ဒုက္ခ ရှိကြောင်း ဟောထား၏။

**အဇ္ဈတ္တိကင်္သုတ်။** ။မဟာ—ပါ—၈၉၊ယောနိသောမနသိကာရ ရှိမှသာ ဗောဇ္ဈင် ၇—ပါးကို ပွားများအားထုတ်နိုင်ကြောင်း။

**အဇ္ဈတ္တိကာယတန ပရိဇာနနသုတ်။** ။သဠာ—ပါ—၃၀၉။

**အဇ္ဈတ္တိကာယတနသုတ်။** ။မဟာ—ပါ—၃၇၃၊ သစ္စာ ၄—ပါးကို ဟောထား၏။

**အဇ္ဈတ္တံ ဝိမောက္ခ၌ မှတ်သားဘွယ် စတုက္က။** ။နိဒါန—ပါ—၂၈၆၊ ဋ္ဌ—၅၉။

**အညတိတ္ထိယသုတ်။** ။ပါ—၂၆၉၊ ဋ္ဌ—၅၂၊ဖဿကြောင့် သုခ ဒုက္ခ ဖြစ်ကြောင်း ပရိဗိုဇ်တို့အား အသျှင်သာရိပုတ္တရာ ရှင်းပြခဏ်း။

အညတရဗြာဟ္မဏသုတ်။ ။ပါ–၃၀၃၊ ဌ–၇၀၊ပြုလုပ်သူကတဦး ခံစားသူကတဦး လောဟု ပုဏ္ဏားကမေးလျှောက်၍ မဟုတ်ကြောင်း ရှင်းပြပြီး ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဟောထား၏။

အညတရဘိက္ခုသုတ်။ ။ခန္ဓ–ပါ–၂၀၊ ဌ–၂၄၅၊ခန္ဓာ ၅–ပါး၌ အနုသယ ကိန်း မကိန်း ဟောထား၏။ ။ဒု–သုတ်၊ ပါ–၂၉၊ ဌ–၂၄၅။

အညိန္ဒြိယသုတ်။ ။မဟာ–ပါ–၁၀၀၊ ဌ–၂၆၉၊မဂ်စိတ်၌ရသော ဣန္ဒြေ ၃–ပါးကို ဟောထား၏၊ (အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညတာဝိန္ဒြေ)။

အညထတ္တံ ပုဒ်ကို အမျိုးမျိုးခွဲပြပုံ။ ။ပါ–၃၀၀၊ ဌ–၃၁၆။

အဏ္ဍသုတ်။ ။နိဒါန–ပါ–၄၄၆၊ ဌ–၁၉၉၊ (အရိုးစု ပြိတ္တာများ အကြောင်း) နွားသတ်သမားတို့ ဖြစ်ရသော ပြိတ္တာ၊ ငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီးမှ ကံကြွင်းကြောင့် ပြိတ္တာဖြစ်ကြရပြန်၏ဟု ဟောထား၏။

အဏ္ဍပုရိသဘူမိ(တိတ္ထိတို့အလို)အရ ရေတွက်ပြပုံ။ ။ခန္ဓ–ပါ–၁၇၃၊ ဌ–၃၁၅။

အဏ္ဍသတသုတ်။ ။သဠာ–ပါ–၄၂၉၊ ဌ–၁၂၂၊ ဝေဒနာ ၁၀၈–ပါးကို ရေတွက် ပြထား၏။

အဏ္ဍဂိကသုတ်။ ။နိဒါန–ပါ–၃၇၀၊ဌ–၁၄၀၊ခေတ်ချင်းတူမှ ပေါင်းသင်းဆက်ဆံ ကြကြောင်း။

အဋ္ဌိကသညာ (အရိုးစုကမ္မဋ္ဌာန်း)ကို ပွားများ အားထုတ်ခြင်းကြောင့် ရအပ် သော အကျိုးများကို ဟောထားသော သုတ်များ။ ။အဋ္ဌိကမဟပ္ဖလသုတ်၊ မဟာ–ပါ–၁၁၃၊ ဌ–၂၁၁။ ။မဟတ္ထသုတ်၊ ယောဂက္ခေမသုတ်၊ သံဝေဂ သုတ်၊ ဖါသုဝိဟာရသုတ်၊ ပါ–၁၁၃–၁၁၄–၁၁၅။ ။အနာဂါမ် ရဟန္တာ ဖြစ်နိုင်ကြောင်း ဟောသော အညတရဖလသုတ်၊ ပါ–၁၁၃။ ။နိရောဓ သုတ်၊ ပါ–၁၁၇၊ ဌ–၂၁၂။

အဋ္ဌကရဏသုတ်။ ။သဂါထာ–ပါ–၇၄၊ ဌ–၁၂၀၊ ကာမဂုဏ်၌ တပ်မက်မှု အပြစ် ကို ပြသော ဂါထာ။

အတ္တဟတသုတ်။ ။ပါ–၃၇၊ ဌ–၈၉၊မစ္စုနာဗ္ဘာဟတော လောကော စသော ဂါထာ၊ ကိုယ်ကိုသတ်တတ်သော တရားများဟူလို။

အတ္တရက္ခိတသုတ်။ ။ပါ–၇၂၊ ဌ–၁၂၀။

ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော လဇ္ဇီ၊ ရက္ခိတောတိ ပဝုစ္စတီတိ။

**အတ္တနုဒိဋ္ဌိသုတ်။** ။ခန္ဓ–ပါ–၁၅၁၊ ဋ္ဌ–၃၀၇။

**အတ္တာနုဒိဋ္ဌိပဟာနသုတ်။** ။သဠာ–ပါ–၃၅၉။

**အန္တဝါသုတ္တာဒိ ဝဏ္ဏနာ။** ။ခန္ဓ ပါ–၁၇၆၊ ဋ္ဌ–၃၁၆၊ မိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒ များကို ပြဆိုခဏ်း။

**အန္တရဃရေဟူသောပုဒ်ကို အရကောက်ပြပုံ။** ။နိဒါန–ဋ္ဌ–၃၃၊ ပါ–၂၅၉။ ။ပဏ်–၂..ပါ–၂၀၀၊ ဋ္ဌ–၁၆၆။ ။၂–ပါ–၃၃၀၊ ဋ္ဌ–၂၆၆။ ။နပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမိတိ ဧတ္ထ အန္တောနိဝေသနံ အန္တရဃရံ၊ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမိတိ ဧတ္ထ ဣန္ဒခီလတော ပဋ္ဌာယ အန္တောဂါမော၊ ရှေ့နည်းအလို အိမ်တွင်းကို၊ နောက်နည်းအလို တံခါးခုံမှစ၍ ရွာတွင်းကို အန္တရဃံရဟု အရကောက်ပြထား၏။

**အန္တဝဂ်၊ အန္တသုတ်။** ။ခန္ဓ–ပါ–၁၂၀၊ ဋ္ဌ–၃၁၄၊ အန္တ ၄–မျိုး၊ သက္ကာယန္တ၊ သက္ကာယသမုဒယန္တ၊ သက္ကာယနိရောဓန္တ၊ သက္ကာယနိရောဓဂါမိနိပဋိပဒန္တ၊ သက္ကာယဒိဋ္ဌိနှင့်စပ်၍ ပြဆိုထားသော အန္တ ၄–မျိုး။

**အန္တေဝါသိကသုတ်။** ။သဠာ–ပါ–၃၄၉၊ ဋ္ဌ–၄၆၊ ကိလေသာကိန်းနေလျှင် တပည့်နှင့်လည်းအတူနေ၍ ဆရာနှင့်လည်း မကွေမကွာ နေသည်မည်ကြောင်း ဟောထား၏။

**အတူမရှိသောအရာ ၄–မျိုးဂါထာ။** ။သဂါထာ–ပါ–၆၊ ဋ္ဌ–၃၁။

နတ္ထိ အတ္တသမံ ပေမံ၊ နတ္ထိ ဓညသမံ ဓနံ။
နတ္ထိ ပညာသမာ အာဘာ၊ ဝုဋ္ဌိ ဝေ ပရမာ သရာ။ ။

ကိုယ်နှင့်တူသော ချစ်သူမရှိ၊ စပါးနှင့်တူသော ဥစ္စာမရှိ၊ ပညာနှင့် တူသော အရောင်မရှိ၊ မိုးရွာခြင်းနှင့်တူသော အိုင်မရှိ ဟူလို။

**အတူနေပုဂ္ဂိုလ်တို့ ဝတ္တရား။** ။ခန္ဓ–ပါ–၅၊ ဋ္ဌ–၂၃၆၊ အတူနေသူတို့အချင်းချင်း အချို့မှာ တဦးထံတဦး သွားလာမှုမရှိ၊ အရပ်တပါး သွားလျှင်လည်း ပန်ကြားမှုမရှိ၊ ထိုပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာဝရပုဂ္ဂိုလ်မည်၏၊ ၎င်းမှအပြန်ဖြစ်သော

ပုဂ္ဂိုလ်သည် သဘာဝရပုဂ္ဂိုလ်မည်၏၊ နိဗ္ဗာရပုဂ္ဂိုလ်အား သီလ သမာဓိ စသည်တို့ တိုးတက်မှု မရှိနိုင်ကြောင်း မိန့်ဆိုထား၏။

အတက်တွင် ဝိဇ္ဇာ၊ အကျတွင် အဝိဇ္ဇာ၊ သုဂတိသွားရာတွင် သံဃာ၊ ဟောပြောမှုတွင် ဘုရားရှင် အသီးအသီး လွန်ကဲကြကြောင်း ဟောထားသော ဝုဋ္ဌိသုတ်။ ။သဂါထာ–ပါ–၃၉၊ ဌ–၉၂။

အတ္တံတိရာဂသုတ်။ ။နိဒါန–ပါ–၃၂၅၊ ဌ–၁၀၅၊ အာဟာရ ၄–ပါး၌ ရာဂဖြစ်ပုံ ဟောထား၏။

အတ္တိနုဓောပရိယာယသုတ်။ ။သဠာ–ပါ–၃၅၁၊ ဌ–၄၇၊ အာရုံ ၆–ပါး၌ ရာဂစသည် ရှိ မရှိကို သိခြင်း မသိခြင်း အကျယ်ဟောထား၏။

အဒန္တ အဂုတ္တသုတ်။ ။ပါ–၂၉၃၊ ဌ–၂၇၊ ဣန္ဒြေ ၆–ပါး မစောင့်စည်းလျှင် အပါယ်လေးပါးသို့ ပို့ဆောင်သည် မည်ကြောင်း။

အဒလိဒ္ဒသုတ်။ ။မဟာ–ပါ–၈၉၊ ဗောဇ္ဈင် ၇–ပါးရှိလျှင် ဆင်းရဲသူမမည်ကြောင်း။

အဒ္ဓဘူတသုတ်။ ။သဠာ–ပါ–၂၅၂၊ ဌ–၁၀၊ အာယတန ၁၂–ပါးကို နှိပ်စက်တတ်သောကြောင့် အဒ္ဓဘူတဟု ဟောထား၏။

အဒ္ဓါနမဂ္ဂုပ္ပဋိပန္နဥ္စ အဒ္ဓါနကို အရကောက်ပြပုံ။ ။နိဒါန–ဌ–၁၆၇။

အန္ဓကဝိန္ဒသုတ်။ ။သဂါထာ–ပါ–၁၅၆၊ ဌ–၂၀၂၊ သံယောဇဉ်တရားတို့ကို ပယ်သတ်နိုင်ရန် တောရကျောင်းတို့၌ နေထိုင်၍ ပဓာနအလုပ်ကို အားထုတ်သင့်ကြောင်း သဟမ္ပတိဗြဟ္မာ လျှောက်ထားခဏ်း၊ တောရကျောင်းတို့၌ မနေနိုင်သော် အများနှင့် နေရပုံကိုလည်း ညွှန်ပြထား၏။

အန္ဓကာရသုတ်။ ။မဟာ- ပါ–၃၉၆၊ သစ္စာလေးပါးကို မသိခြင်းကြောင့် ဇာတိ ဇရာ ဗျာဓိ မရဏ သောက စသော အမှောင်တွင်းသို့ ကျရောက်နေကြရကြောင်း။

အန္နသုတ်။ ။သဂါထာ–ပါ–၂၉၊ ဌ–၇၉၊ အစားအစာသည်သာလျှင် အရေးအကြီးဆုံး ဖြစ်သောကြောင့် ထမင်းစသော စားသောက်ဘွယ်များကို လှူဒါန်းရန် တိုက်တွန်းသော ဂါထာများ။

**အနတ္တသုတ်**။ ။ခန္ဓ—ပါ—၁၁၊ ဋ္ဌ—၂၄၂။ ။ပါ—၁၉—၂၀။ ။ပါ—၆၄၊ ဋ္ဌ—၂၅၁။ ။(ပ—ဒု—တ) ပါ—၁၄၆—၁၄၇၊ ဋ္ဌ—၃၀၆။ ။သဠာယတန—ပါ—၃၅၁၊ ဋ္ဌ—၄၁။ ။ပါ—၃၆၀—မှ ၃၆၆—ထိ။

**အနတ္တနိယသုတ်**။ ။ခန္ဓ—ပါ—၆၅၊ ဋ္ဌ—၂၅၁။

**အနတ္တာနုပဿီသုတ်**။ ။ပါ—၁၄၁—၁၆၀။ ။သဠာယတန၊ ပါ—၂၇၅—၃၄၅။

**အနာထပိဏ္ဍိကသုတ်**။ ။သဂါထာ—ပါ—၅၃၊ ဋ္ဌ—၁၀၄၊ သတ္တဝါတို့ စင်ကြယ်ကြောင်းတရားကို ဟောထား၏။

**အနာထပိဏ္ဍိကသုတ်၊ (ပ)**။ ။မဟာ—ပါ—၃၃၂၊ ဋ္ဌ—၃၁၉၊ ရတနာသုံးပါး၌သက်ဝင်ယုံကြည်မှု၊သီလလုံခြုံမှု၊ မိစ္ဆာမဂ္ဂင် ၁—ပါးမှ ကင်းသူများ အပါယ်လေးပါးသို့ မလားမရောက်နိုင်ကြောင်း၊ ၎င်းကို နှလုံးသွင်းသူအား ဝေဒနာများ ခဏချက်ခြင်း ငြိမ်းနိုင်ကြောင်း။ ။ဒု—သုတ်၊ ပါ—၃၃၆၊ ဋ္ဌ—၃၁၉၊ ရတနာသုံးပါး၌ သက်ဝင် ယုံကြည်မှု မရှိသူ၊ သီလ မလုံခြုံ သူတို့မှာ သေဘေးကို ကြောက်ကြကြောင်း၊ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှုရှိသူ၊ သီလလုံခြုံသူတို့မှာ သေဘေးကို မကြောက်ကြကြောင်း ဟောထား၏။

**အနန္တရံ အဗာဟိရံ ပုဒ်အဖွင့်**။ ။မဟာ—ပါ—၁၃၂၊ ဋ္ဌ—၂၃၇။

**အနိစ္စသုတ်(ကာလတ္တယ)**။ ။ခန္ဓ—ပါ—၁၇၊ ဋ္ဌ—၂၄၂။ ။ပါ—၁၈—၁၉—၂၀—၃၇၊ ဋ္ဌ—၂၄၈။ ။ပါ—၆၃၊ ဋ္ဌ—၂၅၁၊ ခန္ဓာ ၅—ပါး၌ဖြစ်သော တဏှာဆန္ဒကို ပယ်ရန်ဟော။ ။ပါ—၁၄၅—၁၄၆၊ ဋ္ဌ—၃၀၆။ ။သဠာယတန—ပါ—၃၅၆၊ ဋ္ဌ—၄၁။ ။ပါ—၃၆၀—မှ ၃၆၆—ထိ။ ။ပါ—၄၁၆။

**အနိစ္စဝဂ်(ဒုက္ခ အနတ္တလည်း ပါ၏)**။ ။ခန္ဓ—ပါ—၁၁၊ ဋ္ဌ—၂၄၂။ ။သဠာယတန—ပါ—၂၃၆၊ ဋ္ဌ—၁၊ အာယတန ၁၂—ပါး၌ လက္ခဏာရေးသုံးပါး ထင်မြင်စေရန် ဟောထား၏။ ။အနိစ္စာဒိသုတ္တနဝက၊ ပါ—၂၅၇၊ ဋ္ဌ—၁၂။

**အနိစ္စာနုပဿီသုတ်**။ ။ခန္ဓ—ပါ—၁၄၇။ ။သဠာယတန-ပါ-၁၅၉—၂၇၅—၃၄၄။

**အနိစ္စသညာသုတ်**။ ။ခန္ဓ—ပါ—၁၂၆၊ ဋ္ဌ—၃၀၃၊ နိစ္စသညာကို ပယ်ပုံ ဥပမာ အမျိုးမျိုးတို့ဖြင့် ဟောထား၏။

**အနိစ္စ နိဗ္ဗာန သပ္ပါယသုတ် စသည်**။ ။သဠာ—ပါ—၃၄၇၊ ဋ္ဌ—၄၆။

**အနိဋ္ဌာရုံများကိုတွေ့ကြုံခံစားရလျှင်** မဟာပရိဋ္ဌာဟုမည်သော ငရဲ၌ ခံရသည်နှင့် တူကြောင်း ဟောသော မဟာပရိဋ္ဌာဟသုတ်။ ။မဟာ—ပါ-၃၉၃။

**အနိမိတ္တပဉှာသုတ်။** ။သဠာယတန—ပါ-၄၆၂၊ ဠ—၁၂၉။

**အနုပက္ကိလေသသုတ်။** ။မဟာ-ပါ—ဂ၂၊ပေဗျာင် ၇—ပါးကို ပွားများအားထုတ် လျှင် စိတ်ဖြူစင်ကြောင်း။

**အနုဓမ္မသုတ်။** ။ခန္ဓ—ပါ—၃၃—၃၄၊ ဠ—၂၄၆၊ ဓမ္မာနုဓမ္မပ္ပဋိပန္န ပုဂ္ဂိုလ်အား ခန္ဓာ ၅—ပါး၌ ငြီးငွေ့မှုများပြီး ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိကြောင်း ဟောထား၏။ ။၄—သုတ်။

**အနုပါဒါပရိနိဗ္ဗာနသုတ်။** ။မဟာ—ပါ—၂၂၊ ဠ—၁၆၉၊ ပရိနိဗ္ဗာန် ပြုကြရန် သာသနာတော်၌ ကျင့်ကြကြောင်း။

**အနုရာဓသုတ်။** ။ခန္ဓ—ပါ—၉၄၊ ဠ—၂ဂ၆၊ ခန္ဓာ ၅—ပါးကို သတ္တဝါဟု ထင်မှား နေကြသည်ကို ရှင်းပြခဏ်း၊ တိတ္ထိတို့က အနုရာဓထေရ်အားမေး၍ ၎င်းထေရ်က ဘုရားရှင်အား ပြန်လျှောက်ထားခဏ်း။

**အနုရုဒ္ဓသံယုတ္တ။** ။မဟာ—ပါ—၂၅၇၊ ဠ—၂၉၃။ ။၎င်းမထေရ်မြတ် အမြဲနေပုံကို ဟောသော ကဏ္ဍကီသုတ် (ပ—ဒု—တ) ပါ—၂၆၀ ဠ—၂၉၃။ ။အနုရုဒ္ဓ သုတ်၊ သဂါထာ—ပါ—၂၀၁၊ ဠ—၂၆၇၊ ဇာလိနီအမည်ရှိ မယားဟောင်း ဖြစ်ဘူးသော နတ်သမီးက ၎င်းမထေရ်ထံ လာ၍ တာဝတိံသာ နတ်ပြည် ရောက်ရန် တောင့်တပါဟု လျှောက်ထားရာ နတ်ပြည်၏ အပြစ်များကိုဟောပြ သော ဂါထာများ။

**အနုသယသုတ်။** ။မဟာ—ပါ—၅၅၊ ဠ—၁၇၅၊ အနုသယ ၇—ပါးကို ပယ်နိုင်ရန် မဂ္ဂင် ဂ—ပါးကို အားထုတ်ရမည်ဟု ဟောထား၏။

**အနုသယသုတ်။** ။နိဒါန—ပါ—၄၄၄၊ ဠ—၁၉၇၊ ခန္ဓာ ၅—ပါး၌ တဏှာ, မာန, ဒိဋ္ဌိတို့ မဖြစ်ကြစေရန် "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ"ဟု အမြင်မှန်ကို မြင်ကြရန် ဟောထား၏။

**အနုသဟဂတောတိ သုခုမော။** ။ခန္ဓ—ပါ—၁၀၇၊ ဠ—၂၉၀။

**အနောတ္တပ္ပ မူလကသုတ်။** ။နိဒါန—ပါ—၃၇၄၊ ဠ—၁၃၂၊ ခတ်ချင်းတူမှ ပေါင်း သင်းဆက်ဆံကြကြောင်း။

အနောတ္တပ္ပီသုတ်။ ။ပါ–၄၀၀၊ ဋ္ဌ–၁၅၃၊ သမ္မပ္ပဓာန် ၄–ပါးမဖြစ်လျှင် မဂ်ဖိုလ် မရနိုင်ကြောင်း၊ ဖြစ်မှသာ မဂ်ဖိုလ်ရနိုင်ကြောင်း။

အနောမသုတ်။ ။သဂါထာ–ပါ–၃၀၊ ဋ္ဌ–၈၀၊ ဘုရားရှင်အား ချီးကျူးထားသောဂါထာ။

အပ္ပဋိဝိဒိတသုတ်။ ။သဂါထာ–ပါ–၄၊ ဋ္ဌ–၂၄၊ သစ္စာ ၄–ပါးကို မသိခြင်း၌ အပြစ်, သိခြင်း၌ အကျိုးကို ဟောထား၏။

အပဂတသုတ်။ ။နိဒါန–ပါ–၄၄၄၊ ဋ္ဌ–၁၉၇၊ ခန္ဓာ ၅–ပါးတို့၌ တဏှာ မာန ဒိဋ္ဌိတို့ မဖြစ်ကြစေရန် နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ ဟု ရှုဆင်ခြင်ကြရန် ဟောထား၏။

အပရိဇာနနသုတ်။ ။သဠာ–ပါ–၂၄၉၊ ဋ္ဌ–၆၊ အာယတန ၁၂–ပါးကို ပိုင်းခြား၍ မသိလျှင် ဒုက္ခမကုန်နိုင်ကြောင်း။

အပရိဟာနိယသုတ်။ ။မဟာ–ပါ–၇၇၊ ဗောဇ္ဈင် ၇–ပါးကို ပွားများအားထုတ်နေလျှင် မဆုတ်ယုတ်နိုင်ကြောင်း။

အပ္ပဿုတမူလကသုတ်။ ။နိဒါ–နပါ–၃၇၅၊ဋ္ဌ–၁၃၂၊ဓာတ်ချင်းတူမှ ပေါင်းသင်းဆက်ကြကြောင်း။

အပ္ပမာဏာစေတောဝိမုတ္တိ ပုဒ်ကို ဖွင့်ပြပုံ။ ။သဠာ–ပါ–၄၈၅၊ ဋ္ဌ–၁၃၆။

အပ္ပတိဋ္ဌ အနာယူဟကို နားလည်စေရန် သတ္တဒုကဖြင့် အကျယ်ပြဆိုဏ်း။ ။ သဂါထာ–၁၊ ဋ္ဌ–၁၀။

အပ္ပကသုတ်။ ။ပါ–၇၃၊ ဋ္ဌ–၁၂၀၊ မမေ့မလျော့နေထိုင်ကြသူများ နည်းပါးလှကြောင်း၊ ၎င်းအပြစ်ပြ ဂါထာ။

အပ္ပနာအတွင်း၌ ဒုက္ခိန္ဒြေ မရှိဟု ဆိုထားပုံ။ ။ဋ္ဌ–၂၇၄။

အပါယ်လေးပါးသို့ မကျမရောက်ရခြင်း၏ အကြောင်းများကိုဟောထားသော သရဏာနိသက္ကသုတ်၊ (ပ–ဒု)။ ။မဟာ–ပါ–၃၂၆–၃၂၉၊ ဋ္ဌ–၃၁၀–၉၊ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှု၊ သဒ္ဓိန္ဒြေစသော ဣန္ဒြေ ၅–ပါးနှင့် ပြည့်စုံမှုများ ဟူလို။

**အမ္ဗပါလိသုတ်။** ။မဟာ—ပါ—၁၂၃၊ ဌ—၂၁၃၊ သတိပဋ္ဌာန်လေးပါးကို ပွားများ အားထုတ်ရကျိုး။

**အမ္ဗပါလိဝနသုတ်။** ။ပါ—၂၆၃၊ ဌ—၂၉၄၊ သတိပဋ္ဌာန်လေးပါးကို ပွားများ အားထုတ်ခြင်းကြောင့် ဣန္ဒြေများ အထူးကြည်လင်လှကြောင်း။

**အဗျာကတသံယုတ္တ။** ။သဠာ—ပါ—၅၄၄၊ ဌ—၁၅၀၊ နှစ်ဘက်အစွန်းမလွတ်၍ မဖြေထိုက်သော ပုစ္ဆာများ၊ တထာဂတော ပရံမရဏာ ဟောတိ၊ နဟောတိ စသော အမေးများတည်း။

**အဗြဟ္မစရိယ မည်ပုံ တမျိုးကို ဟောသော ပဥ္စမကုက္ကုဋာရာမသုတ်။** ။မဟာ—ပါ—၁၃၊ ဌ—၁၆၀၊ ဤ၌ မိစ္ဆာမဂ္ဂင် ၈—ပါးကို အဗြဟ္မစရိယဟု ဟောထား၏။

**အဘဗ္ဗပုဂ္ဂိုလ်** (မကျွတ်ထိုက်သောပုဂ္ဂိုလ်) ဘဗ္ဗပုဂ္ဂိုလ် (ကျွတ်ထိုက်သောပုဂ္ဂိုလ်) ကို ခွဲပြခဏ်း။ ။(က—ဒေဏ်း၌ ရှိ၏။)

**အဘယသုတ်။** ။မဟာ—ပါ—၁၁၁၊ ဌ—၂၁၀၊ အမှန်ကို မသိမမြင်နိုင်အောင် ဖုံးထားတတ်သော တရားမှာ နီဝရဏ ၅—ပါးဖြစ်ကြောင်း။

**အဘိဇာနသုတ်။** ။ခန္ဓ—ပါ—၂၂၊ ဌ—၂၄၄၊ ခန္ဓာ ၅—ပါးကို ပိုင်းခြားသိမှ ဒုက္ခကုန်ကြောင်း။

**အဘိနန္ဒမာနသုတ်။** ။ပါ—၆၂၊ ဌ—၂၅၀၊ ခန္ဓာ ၅—ပါးကို နှစ်သက်နေလျှင် မာရ်မင်းနှောင်ဖွဲ့သည်ကို ခံရတတ်ကြောင်း။

**အဘိနန္ဒသုတ်။** ။နိဒါန—ပါ—၃၀၃၊ ဌ—၁၄၄၊ ဓာတ်ကြီးလေးပါးကို နှစ်သက်နေလျှင် ဒုက္ခကို နှစ်သက်သည် မည်ကြောင်း။

**အဘိနန္ဒနသုတ်။** ။ခန္ဓ—ပါ—၂၆၊ ဌ—၂၄၄၊ ခန္ဓာ ၅—ပါးကို နှစ်သက်နေလျှင် ဒုက္ခကို နှစ်သက်သည် မည်ကြောင်း။ ။သဠာယတန—ပါ—၂၄၆၊ ဌ—၄၊ အာယတန၊ ၁၂—ပါးကို နှစ်သက်နေလျှင် ဒုက္ခကိုနှစ်သက်သည်မည်ကြောင်း။

**အဘိနိဝေသသုတ်။** ။ခန္ဓ—ပါ—၁၅၂၊ ဌ—၃၀၇၊ ခန္ဓာ ၅—ပါး၌ မှားသော အားဖြင့် နှလုံးသွင်းခြင်းကြောင့် သံယောဇဉ်ဖြင့် နှောင်ဖွဲ့ခံရကြောင်း။

**အဘိသန္ဒသုတ်။** ။မဟာ—ပါ—၃၄၀၊ ဌ—၃၂၀၊ ရတနာသုံးပါး၌ သက်ဝင် ယုံကြည်မှု၊ ၅—ပါးသီလ လုံခြုံမှုနှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်တို့၏ ကုသိုလ် ပမာဏကို ရေတွက်ခြင်းငှါ မတတ်နိုင်ကြောင်း ဟောထား၏။ ။ဒု—သုတ်—

ပါ—၃၅၀၊ သီလအစား ဒါနထည့်ထား၏။ ။တ—သုတ်—ပါ—၃၅၁၊ သီလအစား ပညာထည့်ထား၏။

**အဘိညာ ပရိညာ ပဟာနသုတ်။** ။သဋ္ဌာ—ပါ—၂၄၀၊ ဋ္ဌ—၆၊ အာယတန ၁၂—ပါးကို အဘိညာဟူ၍ရင်း, ပရိညာဟူ၍ရင်း, ပဟာနဟူ၍ရင်း, ခေါ်ကြောင်း။

**အဘူတကေ္ခာသနေန ပန ပရိမုတ္တောနာမ နတ္ထိ။** ။သဂါထာ—ဋ္ဌ—၃၆၊ ပါ—၈၊ မဟုတ်မမှန် လုပ်ကြံ၍ ဆဲရေးခြင်း, ကဲ့ရဲ့ခြင်းမှ လွတ်ကင်းသူကား မရှိကြောင်း။

**အမြတ်ဆုံးသောအရာ ၄—မျိုး ဂါထာ။** ။သဂါထာ—ပါ—၇၊ ဋ္ဌ—၃၂။

သမ္ဗုဒ္ဓေါ ဒွိပဒံ သေဋ္ဌော၊ အာဇာနီယော စတုပ္ပဒံ။
သုဿူသာ သေဋ္ဌာ ဘရိယာနံ၊ ယောစ ပုတ္တာနမဿဝေါတိ။ ။

အခြေနှစ်ချောင်းတွင် ဘုရားရှင်၊အခြေလေးချောင်းတွင် အာဇာနည်ဆင်မြင်းစသည်၊ မယားများတွင် လင်ကို နှစ်သက်စေသော မယား၊ သားသမီးတွင် မိဘစကားနားထောင်သူတို့သာ အမြတ်ဆုံးဖြစ်ကြောင်း။

**အမှန်တကယ်ရှိသော ဂုဏ်ကို ချီးကျူးရကျိုး။** ။သဋ္ဌာ—ပါ—၁၁၄၊ ဋ္ဌ—၃၃၊ ထိုသို့ ချီးကျူးလျှင် ထိုချီးကျူးခံရသူထံသို့ ချဉ်းကပ်ပါက ချဉ်းကပ်သူအား အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်ကြောင်း။

**အမျိုးအနွယ်တို့ ပျက်စီးခြင်းအကြောင်း ၈—ပါး။** ။ပါ—၅၀၀၊ ဋ္ဌ—၁၄၄။

(၁) မင်းဘေး။
(၂) ခိုးသူခားပြဘေး။
(၃) မီးဘေး။
(၄) ရေဘေး။
(၅) မြှုပ်နှံထားသောပစ္စည်းများ ပျောက်ဆုံးမှု။
(၆) အမှုလုပ်ငန်းများကို ကောင်းမွန်စွာ မလုပ်မကိုင်မှု။
(၇) ပစ္စည်းဥစ္စာများကို အရမ်းဖြုန်းတီးမှု။
(၈) သက်ရှိ သက်မဲ့ ဟူသမျှ တနေ့နေ့တွင် အနိစ္စ သဘော အတိုင်း ပျက်စီးမှု။

ဤအကြောင်း ၈—ပါးသည် အမျိုးအနွယ်နှင့် ပစ္စည်းဥစ္စာများ ပျက်စီးကြောင်းတည်း။

**အမျိုးလေးပါးကို** (မင်း, ဗြာဟ္မဏ, ကုန်သည်, သူဆင်းရဲ) အယုတ် အလတ် အမြတ် ခွဲပြပုံ။ ။နိဒါန—ဋ္ဌ—၁၂၈၊ ပါ—၃၉၇၊ ရှေ့ ၂—မျိုး အမြတ်၊ နောက် ၂—မျိုး အလတ်၊ ဒွန်းစဏ္ဍားပန်းမှိုက်သွန် စသည် ၅—မျိုးကို အယုတ်ဟု ခွဲပြထားသည်။ ။ဓမ္မသဘာဝအားဖြင့်လည်း ဆက်လက် ခွဲပြထားသည်။

**အယျိကာသုတ်။** ။သဂါထာ—ပါ—၉၇၊ ဋ္ဌ—၁၅၀၊ သဗ္ဗေ သတ္တာ မရိဿန္တိ၊ စသော ဂါထာ၊ ကောင်းမှုပြုရန် တိုက်တွန်းသော ဂါထာ၊ မှတ်သားဘွယ် ကောင်းလှ၏။

